# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၉)၊ အမှတ် (၃၀၀)


# ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်ပညာကို ယခုအခြေအနေတွင် ပိုမိုလုပ်တတ်ကိုင်တတ်အောင် ကြိုးစားသွားမည်ဆိုပါက ရုပ်ရှင်လုပ်ငန်းတစ်ခုလုံး တိုးတက်သွားနိုင်မည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်၊ မင်္ဂလာရုပ်ရှင်ရုံများအုပ်စု ဥက္ကဋ္ဌ ဦးဇော်မင်းတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးစဉ်။

သတင်းစဉ်

နေပြည်တော် ဇူလိုင် ၂၈

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်၊ မင်္ဂလာရုပ်ရှင်ရုံများအုပ်စု ဥက္ကဋ္ဌ ဦးဇော်မင်းတို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ❍*


**ယခုအချိန်သည် ပေါ့ဆ၍ရသည့်အချိန် မဟုတ်သေးသည့်အတွက် ဆက်လက်၍ သတိနှင့် နေထိုင်ရမည်၊ ရုပ်ရှင်လုပ်ငန်းကိုလည်း အခြားလုပ်ငန်းများနည်းတူ အမြန်ပြန်လည်လည်ပတ်စေလို၊ ရုပ်ရှင်လုပ်ငန်းများကို အမြန်ပြန်လည် လည်ပတ်စေလိုသော်လည်း တစ်ဖက်တွင် ကျန်းမာရေးအတွက် စဉ်းစားစရာများရှိ၊ တချို့နိုင်ငံများတွင် ကိုဗစ်ရောဂါကို ထိန်းချုပ်နိုင်ပြီဟု ထင်မြင်ပြီးမှ ပြန်လည်၍ တစ်ကျော့ပြန်ဖြစ်ပွားနေ**

## လက်သန့်ဆေးရည်အဖြစ် အဆုံးသတ်ရတော့မည့် တန်ဖိုးကြီးဝိုင်များ

နိုင်ငံတကာရေးရာ


စာ ➤ ၁၄


## COVID – 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၇-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီ


စာ ➤ ၁၆



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

**မြန်မာ့အလင်း**

# လျှော့၍မရသေး

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ သံသယလူနာ/စောင့်ကြည့်လူနာဦးရေ လျော့ကျလာခြင်း၊ ဓာတ်ခွဲစစ်ဆေးမှုများအရ ကိုဗစ်-၁၉ ပိုးတွေ့ရှိမှုရာခိုင်နှုန်းများ အပြောင်းအလဲမရှိသလောက်ဖြစ်ခြင်းတို့ကြောင့် အခြေအနေတည်ငြိမ်လျက်ရှိပြီး ကောင်းသောသဘောကို ဆောင်နေကြောင်း ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် လက်ရှိအခြေအနေအား ယေဘုယျခြုံငုံသုံးသပ်ချက်အကျဉ်းချုပ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ရာ၌ ထည့်သွင်းဖော်ပြထားသည်။

ထို့အပြင် အသွားအလာကန့်သတ်ထားရှိမှုနှင့် အသွားအလာကန့်သတ်ထားရှိရာနေရာ အဆောက်အအုံအရေအတွက်များ တစ်နေ့တခြား ကျဆင်းလာလျက်ရှိသည်မှာလည်း ကောင်းမွန်သောလက္ခဏာတစ်ရပ်ဖြစ်ကြောင်း သုံးသပ်ထားသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှု မြင့်မားနေဆဲအခြေအနေတွင် မိမိတို့မြန်မာနိုင်ငံ၌ ထိန်းချုပ်ထားနိုင်သည့် အနေအထားတစ်ရပ်ဖြင့် အခြေအနေတည်ငြိမ်မှုရရှိနေခြင်းမှာ သတင်းကောင်းပင်ဖြစ်သည်။

သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံများတွင် သတ်မှတ်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများ အသုံးပြုမှုနှင့် စည်းကမ်းများလိုက်နာမှုတို့ အလွန်အားနည်းနေခြင်း၊ ပြည်သူများအနေဖြင့်လည်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် ခပ်ခွာခွာနေထိုင်ခြင်း လမ်းညွှန်မှုများကို လုပ်ဆောင်မှုအားနည်းနေခြင်း၊ ရပ်ကွက်ကျေးရွာများ၊ ဈေးကြီးများ၊ စူပါမတ်ကက်များ၊ စက်ရုံအလုပ်ရုံများ၊ လူဦးရေထူထပ်သည့်နေရာများ၌ အသံချဲ့စက်ဖြင့် ကျန်းမာရေး အသိပညာပေးနှိုးဆော်မှု လျော့ရဲလာခြင်းတို့ကမူ ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းကိုဖိတ်ခေါ်သကဲ့သို့ဖြစ်နေပြီး စိုးရိမ်ဖွယ် အခြေအနေဖြစ်သည်။

ကူးစက်ရောဂါဖြစ်ပွားမှု ကာလတာရှည်လာသည်နှင့်အမျှ ရောဂါအပေါ် အလေးအနက်ထားမှု လျော့ပါးလာပြီး ကာကွယ်ထိန်းချုပ်မှု စည်းမျဉ်းစည်းကမ်းအပေါ် လိုက်ပါလုပ်ဆောင်မှုတို့ လျော့ရဲလာခြင်း၊ မလုပ်တော့ခြင်းတို့က ကူးစက်မြန်ရောဂါပိုး၏ အငိုက်ဖမ်းတိုက်ခိုက်မှုကို မထင်မှတ်ဘဲခံရနိုင်သည်။ အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသည့် တရားမဝင် ဝင်ပေါက်များမှ ခိုးဝင်လာသူများတွင် ရောဂါပိုးကူးစက်ပါရှိလာပြီး ပြည်တွင်းကူးစက်ပြန့်ပွားနိုင်သည့် အန္တရာယ်နှင့် မြန်မာနိုင်ငံတွင် ပိုးတွေ့လူနာစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းတွင် ရောဂါလက္ခဏာတစ်စုံတစ်ရာ မတွေ့ရှိရခြင်းကြောင့် လူကောင်းနှင့် မခြားသည့် ပိုးတွေ့လူနာများထံမှ ကူးစက်ပြန့်ပွားနိုင်သည့် အန္တရာယ်များရှိနေခြင်းကြောင့် ရုတ်တရက် ရောဂါကူးစက်ခံထားရသူ အများအပြားပေါ်ထွက်လာနိုင်သည့် အခြေအနေရှိနေဆဲဖြစ်သည်ကို ဂရုပြုကြရန်လိုသည်။

ယခုအခါ ဈေးများ၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များ၊ ကုန်တိုက်များ ပုံမှန်နီးပါးဖွင့်လှစ်နေပြီး ရောင်းဝယ်စားသောက်သွားလာသူများနှင့် အထိုက်အလျောက် စည်ကားနေပြီဖြစ်သလို အခြေခံပညာအထက်တန်းကျောင်းများမှာလည်း ရောဂါကာကွယ်ထိန်းချုပ်ရေး ကျင့်စဉ်များ ကျင့်သုံးကာ ဖွင့်လှစ်နေပြီဖြစ်သည်။ ယင်းအခြေအနေများမှာ သတိကြီးကြီးထားပြီး တဖြည်းဖြည်းဖြေလျှော့နေရခြင်း ဖြစ်သည်ကိုလည်း သတိပြုမိသည်။ ရောဂါကူးစက်မှုများ ရုတ်တရက် ထွက်ပေါ်လာပါက ဖြေလျှော့ပေးထားသည်တို့ကို ပြန်လည်ရုပ်သိမ်းပြီး တားဆီးကန့်သတ်မှုများကို တင်းတင်းကျပ်ကျပ် ပြန်လည်ပြုလုပ်ရမည်သာဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ လက်ရှိရထားသည့်အခြေအနေကောင်းများမှာ ရှေ့တွင် ဆောင်ရွက်ခဲ့ကြသော ချိန်ခါကိုက်ညီ၊ ဟန်ချက်ညီ၊ စည်းချက်ညီ၊ စုပေါင်းဆောင်ရွက်၊ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့် အကျိုးရလဒ်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် တစ်ကမ္ဘာလုံးကို အရိပ်ထိုးအုပ်မိုးထားနေဆဲဖြစ်ရာ မိမိတို့ နိုင်ငံအနေဖြင့်လည်း မပေါ့သော သတိ၊ မလျှော့သော လုံ့လဝီရိယတို့ဖြင့် ကြံ့ကြံ့ခံ ရင်ဆိုင်ကြရအုံးပါမည့်အကြောင်း။ ။

# ရန်ကုန်မြို့ အောင်ဆန်းကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် (၁၆) ခုတင်ဆံ့၊ (၂၅) ခုတင်ဆံ့ပြည်သူ့ဆေးရုံများ ဗိသုကာပြိုင်ပွဲ ကျင်းပနိုင်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၈**

ရန်ကုန်မြို့ အောင်ဆန်းကွင်း အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် (၁၆) ခုတင် ဆံ့၊ (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံများ ဗိသုကာပြိုင်ပွဲကျင်းပနိုင်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအမှတ် (၃၁) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က မြန်မာနိုင်ငံ၏ အထင်ကရ အားကစားကွင်းတစ်ခုဖြစ်သော အောင်ဆန်းအားကစားကွင်းကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေးတွင် အဆောက်အအုံများ ကြံ့ခိုင်မှု ရှိ/မရှိ ကို ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနသို့ အကူအညီတောင်းခံစစ်ဆေးမှု ပြုလုပ်ရာ ၇၀ ရာခိုင်နှုန်း ကြံ့ခိုင်မှုမရှိ၍ အသုံးပြုရန်မသင့်တော်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ဆန်းအားကစားကွင်းကြီးအား အဆင့်မီပြန်လည်မွမ်းမံနိုင်ရေး (သို့မဟုတ်) အသစ်ပြန်လည်တည်ဆောက်နိုင်ရေး ကိစ္စရပ်များအား တက်ရောက်လာသောပညာရှင်များမှ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တိုက်နယ်ဆေးရုံများ ဖြစ်ကြသော (၁၆) ခုတင်ဆံ့နှင့် (၂၅) ခုတင်ဆံ့ ဆေးရုံများသည် အင်မတန်ရိုးရှင်းသော ဆေးရုံပုံစံ ဖြစ်နေ၍ ခေတ်စနစ်နှင့်အညီ နေရာဒေသနှင့် ကိုက်ညီမည့် ပုံစံဒီဇိုင်းအသစ်ဖြင့် (International) အဆင့်မီကုသမှု ဆောင်ရွက်နိုင်ရေးအတွက် ပုံစံသစ်ဒီဇိုင်းရရှိနိုင်ရေးတွင် ပြိုင်ပွဲပြုလုပ်နိုင်ရေး ပညာရှင်များမှ ဝိုင်းဝန်း ဆွေးနွေးပေးကြစေလိုကြောင်း၊ အောင်ဆန်းအားကစားကွင်းသည် မြန်မာ့အားကစားသမိုင်းတစ်လျှောက် အားကစားနည်းပေါင်းစုံ မြန်မာ့လက်ရွေးစင် အားကစားသမားများ မွေးထုတ်ပေးခဲ့ပြီး အာရှအဆင့်ရွှေတံဆိပ်၊ အရှေ့တောင်အာရှအဆင့်ရွှေတံဆိပ်ဆုရှင်များ မွေးထုတ်ပေးခဲ့သော သမိုင်းဝင်ကွင်းကြီး ဖြစ်ပါကြောင်း၊ အဆိုပါကွင်းကြီး ခမ်းနားစွာ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးကို ဝိုင်းဝန်းဆွေးနွေးကြပါရန် ပြောကြားသည်။

ယင်းနောက် အားကစားကွင်း/ရုံဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဦးကျော်ဇေယျနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆောက်လုပ်ရေးအကြံပေး ဦးသိန်းဇော်တို့က လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော အဆောက်အဦ ဦးစီးဌာနမှ အင်ဂျင်နီယာချုပ် (ဗိသုကာ) ဒေါ်အယ်နန်းအိန်၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရိုန်ဝင်း၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥက္ကဋ္ဌ ဦးဆန်းဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက အောင်ဆန်းအားကစားကွင်း ပြုပြင်တည်ဆောက်ရာတွင် အသစ်တည်ဆောက်ခြင်းနှင့် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းအားသာချက်/အားနည်းချက်များ၊ အောင်ဆန်းကွင်း ပြန်လည်တည်ဆောက်ရေး ထည့်သွင်းစဉ်းစားရာတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု (Project) အစီအမံများဖြင့်လည်းကောင်း ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် သတ်မှတ်ပေးထားသော အချက်အလက်များနှင့် ကိုက်ညီစေရေး၊ စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံပြီး လုပ်ကိုင်နိုင်မှု အခွင့်အရေးရရှိရေး၊ တည်ဆောက်ပြုပြင်ပြီးစီးပါက ပြည်သူများအတွက် အကျိုးပြုမှုရရှိစေရေး၊ နိုင်ငံတကာစံနှုန်းနှင့်အညီ ခေတ်မီကားပါကင်များ၊ ဈေးဆိုင်များ စနစ်တကျရှိစေရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအား (BOO) ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြကာ (၁၆) ခုတင်ဆံ့နှင့် (၂၅) ခုတင်ဆံ့ ဆေးရုံအသစ် တည်ဆောက်ရာတွင် တည်ဆောက်မည့်ဒေသ၊ အခြေအနေ၊ နိုင်ငံတကာစံနှုန်းနှင့် ပြည်သူများအား ကုသမှု၊ ဝန်ဆောင်မှုအကောင်းဆုံး ပေးနိုင်မည့် အခြေအနေ၊ ထည့်သွင်းစဉ်းစား၍ ပုံစံဒီဇိုင်းများ ရရှိစေရေး ကိစ္စရပ်များကိုဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

# ကံမမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ကံမ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့၌ ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ထောက်ပံ့ငွေများကို ဇူလိုင် ၂၇ ရက်ကစတင်၍ ပြည်သူများ လက်ဝယ်အရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် ကံမမြို့နယ်အတွင်းရှိ ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၁၁၆၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၂၃၂၀၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်ကာ ထောက်ပံ့ပေးအပ်ကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြတ်ကျော်ထံမှ သိရသည်။

ဝေသူနွယ်(မြန်မာ့အလင်း)




ပြည်မြို့ လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း) စီမံကိန်းမန်နေဂျာရုံး (၃) မှ အာမခံအလုပ်သမား ဦးနေမင်းစိုး လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေကျပ်သိန်း ၉၀ အား ဇနီးဖြစ်သူ ဒေါ်နီလာမြင့်ထံသို့ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒေါ်ကေသီခိုင် ပေးအပ်စဉ်။

ခရိုင် (ပြန်/ဆက်)

# မိုးညှင်းမြို့နယ် အင်းတော်ကြီးအင်းအတွင်း ငါးမျိုးစိုက်ထည့်

**မိုးညှင်း ဇူလိုင် ၂၈**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်သူများ ငါးစားသုံးမှုဖူလုံပိုလျှံစေရေး၊ ငါးမျိုး ပြုန်းတီးမှုမရှိစေရေး၊ ငါးသယံဇာတများပြန့်ပွားလာစေရေး၊ အစားအစာဘေးအန္တရာယ်မဖြစ်စေရေးနှင့် အစာအာဟာရနှင့်ပတ်သက်၍ လုံလောက်မှုရှိစေရန် ရည်ရွယ်၍ ဆည်မြောင်း၊ ရေလှောင်တမံ၊ အင်းနှင့် သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက် နံနက် ၁၁ နာရီက မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့ အင်းတော်ကြီးအင်းအတွင်းသို့ ငါးမြစ်ချင်း၊ ငါးဒိန်း၊ ငါးခုံးမကြီး တစ်သိန်းစီ စုစုပေါင်း ကောင်ရေ သုံးသိန်းကို မျိုးစိုက်ထည့် ဆောင်ရွက်ခဲ့ပြီး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိုးညှင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလေးနိုင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများက ငါးမျိုးစိုက်ထည့်သည်။

အလားတူ မိုးညှင်းမြို့နယ် လုံးတုံကျေးရွာရှိ တောင်သူ ၁၁ ဦး၏ လယ်ဧက ၅၀ အတွင်းသို့ ငါးခုံးမကြီးကောင်ရေ ၂၅၀၀၀ ကို စပါးခင်းများအတွင်း မျိုးစိုက်ထည့်ခြင်း ဆောင်ရွက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❍ *ရွှေဖုံးမှ*

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအခါတွင် ကိုဗစ်နှင့်ပတ်သက်ပြီး ပြည်သူများပေါ့ဆလာသည်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက များစွာစိုးရိမ်နေပါကြောင်း၊ ယခုအချိန်သည် ပေါ့ဆ၍ ရသည့်အချိန် မဟုတ်သေးသည့်အတွက် ဆက်လက်၍ သတိနှင့် နေထိုင်ရမည် ဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းကိုလည်း အခြားလုပ်ငန်းများနည်းတူ အမြန်ပြန်လည် လည်ပတ်စေလိုပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများကို အမြန်ပြန်လည် လည်ပတ်စေလိုသော်လည်း တစ်ဖက်တွင် ကျန်းမာရေးအတွက် စဉ်းစားစရာများရှိပါကြောင်း၊ တချို့နိုင်ငံများတွင် ကိုဗစ်ရောဂါကို ထိန်းချုပ်နိုင်ပြီဟု ထင်မြင်ပြီးမှ ပြန်လည်၍ တစ်ကျော့ပြန် ဖြစ်ပွားနေပါကြောင်း။

မိမိတို့နိုင်ငံတွင် ကိုဗစ်ရောဂါကာကွယ်ရေးသည် အဓိကကျပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကုသရေးစရိတ်သည် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှု မရှိသေးသည့် နိုင်ငံအတွက် များစွာကြီးလေးသည့် ဝန်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးကို ဂရုစိုက်ရခြင်း ဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများနှင့်ပတ်သက်၍ ယနေ့တွင် အကြမ်းအားဖြင့် နှစ်မျိုးဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုများနှင့် ရုပ်ရှင်ရုံများတွင် ပြသခြင်းတို့ ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းများသည် ကျန်းမာရေး စည်းမျဉ်း စည်းကမ်းများကို ထိန်းသိမ်းနိုင်ရန် အတိုင်းအတာတစ်ခုအထိ ခက်ခဲမှုရှိမည်ဆိုသည်ကို စဉ်းစားရပါကြောင်း ပြောကြားသည်။

### စိတ်ချမ်းသာပျော်ရွှင်အောင် လုပ်ဆောင်နိုင်

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရုပ်ရှင်လုပ်ငန်းကို အောင်မြင်အောင် ပြန်လည်ရိုက်ကူးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်လောကသားများသည် အပြန်အလှန် တစ်ဦးနှင့်တစ်ဦး ပံ့ပိုးရန် လိုအပ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းသည် အလွန်ကြီးမားသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ရုပ်ရှင်လုပ်ငန်းနှင့် ပတ်သက်၍ လူများစွာ အလုပ်အကိုင်ရရှိကြပါကြောင်း၊ ထို့ပြင် ရုပ်ရှင်လုပ်ငန်းသည် ပြည်သူများကိုလည်း စိတ်ချမ်းသာပျော်ရွှင်အောင် လုပ်ဆောင်နိုင်ပြီး ဘဝပညာပေးကိစ္စများကိုလည်း လုပ်ဆောင်နေသည့် လုပ်ငန်းဖြစ်ပါကြောင်း။

### အချိန်ကြာမှ ပိုးပျောက်ကင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို မြင်စေလိုသည်မှာ ရုပ်ရှင်လုပ်ငန်းအား ကူညီပံ့ပိုးသူများ၊ ရုပ်ရှင်လုပ်ငန်းများဖြစ်သည့် ရိုက်ကူးထုတ်လုပ်မှု၊ ပြသမှု စသည်တို့တွင် ရောဂါမဖြစ်အောင် ကူညီပံ့ပိုးနေသူများဟု မြင်စေချင်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီပံ့ပိုးနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ရုပ်ရှင်များ အမြန်ဆုံးပြန်လည်ရိုက်ကူးလိုပါက ရုပ်ရှင်လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ အားလုံးသည် ကိုဗစ်ရောဂါနှင့် ပတ်သက်ပြီး မည်သို့အန္တရာယ်ရှိသည်၊ မည်သည့်လက္ခဏာရှိသည်၊ ဆောင်ရန်၊ ရှောင်ရန် စသည်တို့ကို ကျေကျေညက်ညက် သိရှိရန်လိုပါကြောင်း၊ ပြည်သူများကို မပေါ့ဆစေလိုသည်မှာ နောက်ဆုံးတွေ့ရှိချက်အရ ၆၀ ရာခိုင်နှုန်းသော ပိုးတွေ့လူနာများသည် ရောဂါလက္ခဏာမပြပါကြောင်း၊ ပြည်သူများထဲတွင် လက္ခဏာမပြဘဲ ပိုးရှိသူများစွာရှိနေနိုင်သည်ကို သတိထားရန်လိုပါကြောင်း၊ ထို့ပြင် ယခင်က ချောင်းဆိုးပါက အမှုန်အမွှားလေးများမှာ ၄ ပေ၊ ၅ ပေ ခန့်သာ ရောက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော်လည်း ယင်းထုတ်ပြန်ချက်မှာ ယခုအချိန်တွင် မမှန်တော့ပါကြောင်း၊ အမေရိကန်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ အိန္ဒိယနိုင်ငံများတွင် ကူးစက်နှုန်းမှာ များစွာမြန်နေပါကြောင်း၊ ချောင်းဆိုးလိုက်သည့်အခါ ထွက်ရှိလာသည့် အမှုန်အမွှားလေးများသည် လေထဲတွင်ပျံ့လွင့်နေပြီး ယင်းအမှုန်အမွှားများအား ရှူရှိုက်မိပါက ရောဂါကူးစက်ပါကြောင်း၊ ယင်းမှာ များစွာကြောက်စရာကောင်းပါကြောင်း၊ ယခု ဗိုင်းရပ်စ်၏ သဘောသဘာဝနှင့် အပြုအမူများသည် အမြဲပြောင်းလဲနေပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်ရောဂါကုသရန်ဆေးမှာ တိတိကျကျ မရှိသေးပါကြောင်း၊ ဖြစ်ပေါ်လာသည့် ရောဂါလက္ခဏာအပေါ် မူတည်ကာ ဆေးကုသခြင်း ဖြစ်ပါကြောင်း၊ ရောဂါကူးစက်မှုသည်လည်း မြန်ဆန်သည့်အပြင် လူတစ်ဦး ပိုးတွေ့ရှိပါက အချိန်ကြာမှ ပိုးပျောက်ကင်းပါကြောင်း။

ယခုအခါ စာသင်ကျောင်းများ၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် များစွာဂရုစိုက်ရပါကြောင်း၊ ဂရုမစိုက်ပါက ဒုတိယလှိုင်း၊ တတိယလှိုင်းများ ဖြစ်ပွားလာနိုင်ပါကြောင်း၊ အမေရိကန်နိုင်ငံတွင် တစ်ရက်လျှင် ၇၁၀၀၀ အထိ တက်လာပါကြောင်း၊ အိန္ဒိယနိုင်ငံတွင် ပိုးတွေ့သူအသစ် ၄၈၀၀၀ ခန့် ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထိုကဲ့သို့ ဖြစ်ပွားလာလျှင် ခံနိုင်ရည်ရှိမည်မဟုတ်ပါကြောင်း၊ ယင်းသို့မဖြစ်ပွားအောင် ယခုကတည်းက ကြိုးစားလုပ်ဆောင်နေပါကြောင်း၊ ရောဂါကူးစက်နိုင်ခြေရှိသည်မှာ ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့ မှတစ်ဆင့် ဖြစ်ပါကြောင်း၊ ယင်းနေရာများကို ကာကွယ်ထားပါက ရောဂါမကူးစက်နိုင်ပါကြောင်း၊ လက်ဆေးရာတွင် စက္ကန့် ၂၀ ခန့်ကြာအောင် လက်ဆေးရန် လိုပါကြောင်း၊ ဗိုင်းရပ်စ်တစ်ကောင်သည် ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားပါက ဆပွားကာ မရေမတွက်နိုင်အောင် လျင်မြန်စွာ ပွားများနိုင်ပါကြောင်း။

### ဖြစ်ပြီးမှဆိုလျှင် ပေးဆပ်ရသည်မှာ များပြား

ရုပ်ရှင်ရိုက်ကူးရာတွင် သရုပ်ဆောင်များအားလုံးက မိမိကိုယ်တိုင် ဖျားသည်ဖြစ်စေ၊ ချောင်းဆိုးသည်ဖြစ်စေ ရိုက်ကွင်းသို့ လုံးဝမလာရန် လိုပါကြောင်း၊ မိမိအိမ်တွင်ရှိသူတစ်ယောက် ဖျားသည်ဖြစ်စေ၊ ချောင်းဆိုးသည်ဖြစ်စေ ရိုက်ကွင်းသို့မလာရန် လိုပါကြောင်း၊ ရောဂါရှိသူနှင့် နှစ်ပတ်ခန့်က Contact ရှိပါကလည်း ရိုက်ကွင်းသို့ မလာစေလိုပါကြောင်း၊ ယင်းမှာ များစွာ အရေးကြီးပါကြောင်း၊ ရုပ်ရှင်ရိုက်ကူးရာတွင် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်နေရ၊ စကားပြောရပါကြောင်း၊ ရိုးရိုးစကားပြောဆိုပါက အမှုန်အမွှားများသည် ၅ ပေ ခန့်သွားပါကြောင်း၊ ချောင်းဆိုးပါက ၁ စက္ကန့်လျှင် ၃၃ ပေနှုန်းဖြင့် အနည်းဆုံး ၆ ပေအထက် သွားပါကြောင်း၊ နှာချေပါက အနည်းဆုံး ၁၉ ပေ၊ ပေ ၂၀ အထက်သွားပါကြောင်း၊ ရုပ်ရှင် ရိုက်ကူးရာတွင် ရောဂါပိုးရှိသူတစ်ဦးဦးက ချောင်းဆိုးပါက အခန်းတွင်းရှိသူအားလုံးထံ ရောက်ရှိသွားမည်ဖြစ်ပါကြောင်း၊ နှာချေပါက ပိုဆိုးပါကြောင်း၊ ရုပ်ရှင်ရိုက်ကူးရာတွင် ကင်မရာလုပ်ဆောင်ချက်များ၊ animation များကို သုံးစေလိုပါကြောင်း၊ မဖြစ်ခင်ကာကွယ်စေလိုပါကြောင်း၊ ဖြစ်ပြီးမှဆိုလျှင် ပေးဆပ်ရသည်မှာ များပြားပါကြောင်း။

မိမိတို့အနေဖြင့် အမြန်ဆုံးပြန်လည်ရိုက်ကူးနိုင်ရန် ဇွန်လ ၃၀ ရက်က ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုပ်ရှင်လုပ်ငန်းနှင့် ပတ်သက်သည့် တာဝန်ရှိသူများနှင့် အစည်းအဝေးလုပ်ပါကြောင်း၊ ယင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးကာလတွင် ရုပ်ရှင်ပြန်လည်ရိုက်ကူးမည့် အစီအစဉ်မူကြမ်းအား ရေးထားပါကြောင်း၊ ယင်းမူကြမ်းသည် ဖလော်ရီဒါ၊ နယ်သာလန် စသည့်နိုင်ငံတကာမှ အတွေ့အကြုံများကိုယူကာ ရေးသားထားခြင်း ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရုပ်ရှင်ရိုက်ကူးရန် မည်သို့ကြိုတင်ပြင်ဆင်သည်နှင့် မည်သို့ရိုက်ကူးသည်ကို မသိပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ရောဂါနှိမ်နင်းရေးတွင် ကျွမ်းကျင်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး၊ ကပ်ရောဂါဗေဒထိန်းသိမ်းရာတွင် ကျွမ်းကျင်သည့် ညွှန်ကြားရေးမှူးတစ်ဦး၊ ပြည်သူများအား ကျန်းမာရေးအသိပညာပေးရာတွင် ကျွမ်းကျင်သည့် ညွှန်ကြားရေးမှူးတစ်ဦးတို့နှင့်အတူ သွားရောက်ကြည့်ရှုခဲ့ပါကြောင်း။

### အသစ်ထုတ်ဝေဖြန့်ဖြူး

ထိုသို့သွားရောက်ကြည့်ရှုရာ Forever Group တွင် တွေ့ရှိချက် ၂၂ ချက်တွေ့ရှိပြီး ၁၉ ချက် အကြံပေးခဲ့ပါကြောင်း၊ ရုပ်ရှင်မြှင့်တင်ရေးတွင် ၁၁ ချက်တွေ့ရှိပြီး အကြံဉာဏ် ၁၇ ချက် ပေးခဲ့ပါကြောင်း၊ ထို့ပြင် အထွေထွေခြုံငုံသုံးသပ်ပြီး အကြံဉာဏ် ၈ ချက် ပေးခဲ့ပါကြောင်း၊ ယင်းတွေ့ရှိချက်များကို အခြေခံ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကာလတွင် ရုပ်ရှင်၊ ရုပ်သံရိုက်ကူးထုတ်လုပ်ပြသရေး လက်စွဲစာစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပညာရှင်များ ပူးပေါင်းကာ အသစ်ထုတ်ဝေဖြန့်ဖြူးခဲ့ပါကြောင်း။

### ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်

ရုပ်ရှင်မရိုက်မီ မည်သို့ဆောင်ရွက်ရမည်၊ ရုပ်ရှင်ရိုက်နေချိန်တွင် မည်သို့ဆောင်ရွက်ရမည်၊ ထမင်းစားရာတွင် မည်သို့စားရမည်၊ စတူဒီယိုထဲတွင် မည်သို့နေရမည်၊ ရိုက်နေစဉ် မည်သို့လုပ်ရမည်၊ ရိုက်ပြီးချိန် မည်သို့လုပ်ရမည် စသည့် အချက်များပါဝင်သည့် အချက် ၂၉ ချက်ဖြင့် လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ပထမ ၂ ပတ်ခန့်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၂ ပတ်ကျော်ပါက ရုပ်ရှင်ရိုက်မည့်သူများက မိမိဘာသာလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း။

### သတိ၊ ဝီရိယဖြင့် နေထိုင်

ယခုအခါ ပညာပေးလုပ်ငန်းများကို တစ်နေ့ငါးကြိမ် မလုပ်သလောက် ဖြစ်နေပြီ ဖြစ်ပါကြောင်း၊ မြို့ထဲ၊ စားသောက်ဆိုင်၊ စူပါမားကက်များတွင် နှာခေါင်းစည်းများ မတပ်ကြပါကြောင်း၊ ယင်းမှာ များစွာအန္တရာယ်ကြီးပါကြောင်း၊ အမေရိကန်၊ ဘရာဇီးနှင့် အိန္ဒိယနိုင်ငံများကဲ့သို့ ဖြစ်ပွားပါက မိမိတို့နိုင်ငံအနေဖြင့် မလွယ်ပါကြောင်း၊ ယခုအခါ ကျောင်းများ၊ ရုပ်ရှင်များ ပြန်လည်ဖွင့်လှစ်လာပါက များစွာသတိထားရပါကြောင်း၊ ပြည်သူများအားလုံးက နောက်ထပ် ၂ လခန့်အထိ သတိ၊ ဝီရိယဖြင့် နေထိုင်ပါက ရောဂါဖြစ်ပွားမှု လျော့နည်းသွားနိုင်ပြီး ကြောက်စရာလိုတော့မည် မဟုတ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ရှုတင်မန်နေဂျာက မည်သည့်နေ့၊ မည်သည့်နေရာတွင် မည်သူများ ပါဝင်ရိုက်ကူးသည်ဆိုသည့် မှတ်တမ်းကို မဖြစ်မနေ မှတ်တမ်းတင်ထားမည် ဖြစ်ပါကြောင်း၊ ရိုက်ကွင်းတွင် ပါဝင်မည့်သူများ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးကြပ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်မည့်သူများ၏ မှတ်တမ်းများလည်း ရှိပါကြောင်း၊ ရိုက်ကွင်းမစမီ ကြိုတင်ဆောင်ရွက်ရမည့် ကိစ္စများ၊ ရှုတင်ကားသုံးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ရှုတင်တွင် လူအင်အား အနည်းဆုံး အသုံးပြုရိုက်ကူးရန်၊ အကာအရံများထားရှိပြီး ဒါရိုက်တာက အဝေးမှ ညွှန်ကြားရန်၊ လက်သန့်ဆေးထားရှိရန်၊ ပစ္စည်းကိရိယာများကို ပိုးသတ်ဆေးဖျန်းရန်၊ ရှုတင်ထမင်းကို တစ်ယောက်စာ ထမင်းဘူးဖြင့်

*စာမျက်နှာ ၄ သို့*

❖ ရုပ်ရှင်လုပ်ငန်းကို အောင်မြင်အောင် ပြန်လည်ရိုက်ကူးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်လောကသားများသည် အပြန်အလှန် တစ်ဦးနှင့်တစ်ဦး ပံ့ပိုးရန်လိုအပ်

❖ ရုပ်ရှင်လုပ်ငန်းသည် အလွန်ကြီးမားသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ရုပ်ရှင်လုပ်ငန်းနှင့်ပတ်သက်၍ လူများစွာ အလုပ်အကိုင်ရရှိကြ

*စာမျက်နှာ ၃ မှ*

ကျွေးမွေးရန်၊ နားနေခန်းတွင် တစ်ဦးနှင့်တစ်ဦး ၆ ပေခွာနေထိုင်ရန်၊ လေဝင်လေထွက်ကောင်းရန်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် စသည့်စည်းကမ်းများ ရှိပါကြောင်း၊ ရုပ်ရှင်ရိုက်ကူးရေးအတွက် တချို့စည်းကမ်းချက်များသည် အခက်အခဲရှိပါကြောင်း။

ရိုက်လက်စ ရပ်သွားသည့် ဇာတ်ကား ၁၀ ကားရှိပြီး ယင်းဇာတ်ကားများကို ပြန်လည်ရိုက်ကူးရန်အတွက် အခက်အခဲဖြစ်နေပါကြောင်း၊ ရိုက်ကူးရေး၊ ပြသရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်ရန်အတွက် စာအုပ်များကို ထုတ်လုပ်သူများနှင့် ဒါရိုက်တာများထံ ဝေငှထားပါကြောင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာနိုင်မှသာ ရိုက်ကူး၍ရမည်ဖြစ်၍ ၎င်းတို့အား လေ့လာခိုင်းထားပါကြောင်း ဆွေးနွေးတင်ပြသည်။

## ရုံပေါင်း ၂၂၀ ခန့် ရှိလာပြီဖြစ်

ဆက်လက်၍ မင်္ဂလာရုပ်ရှင်ရုံများအုပ်စု ဥက္ကဋ္ဌ ဦးဇော်မင်းက မြန်မာ့ရုပ်ရှင်ကို ၁၉၂၀ ပြည့်နှစ်တွင် မေတ္တာနှင့်သူရာ ဇာတ်ကားဖြင့် စတင်ပြသခဲ့ပါကြောင်း၊ မြန်မာ့ရုပ်ရှင်စတင်ခဲ့ချိန်မှ ယခုအထိဆိုလျှင် နှစ်ပေါင်းတစ်ရာပြည့်ပြီဖြစ်ပါကြောင်း၊ ရုပ်ရှင်ရာပြည့်ပွဲတော်ကျင်းပရေးကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများဖြင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီအချိန်ထိ မြန်မာ့ရုပ်ရှင်သည် အရှိန်အဟုန်တစ်ခုအထိ ပြန်လည်ကောင်းမွန်လာပါကြောင်း၊ ယခင်က ရုပ်ရှင်ရုံပေါင်း ၂၀၊ ၃၀ မှ ယခုဆိုလျှင် ရုံပေါင်း ၂၂၀ ခန့် ရှိလာပြီဖြစ်ပါကြောင်း။

ရုပ်ရှင်ဇာတ်ကားများအနေဖြင့် ယခင်က ရုပ်ရှင်ကားပေါင်း ၂၀၊ ၃၀ ရိုက်ကူးရာမှ ယခုဆိုလျှင် ရုပ်ရှင်ကားပေါင်းတစ်နှစ်လျှင် ၁၀၀ ခန့်အထိ ရိုက်ကူးလာပါကြောင်း၊ ၂၀၁၉ ခုနှစ် အကယ်ဒမီဆုပေးပွဲအတွက် ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်ခံသည့် ရုပ်ရှင်ဇာတ်ကားပေါင်း ၉၇ ကား ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ အပြိုင်အဆိုင် ထုတ်လုပ်လာပါကြောင်း၊ ရုပ်ရှင်ရုံများအနေဖြင့်လည်း ပိုမိုကောင်းမွန်အောင် အပြိုင်အဆိုင် ဆောင်ရွက်လာပါကြောင်း၊ ယင်းအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလာသည့်အတွက် ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်ရုံလုပ်ငန်းရှင်များကို များစွာ ထိခိုက်နစ်နာစေခဲ့ပါကြောင်း။

## ကြည့်ရှုသူပရိသတ် သိန်းဂဏန်းအထိ မြင့်တက်

ရုပ်ရှင်ရုံများ ထိခိုက်လာမှုနှင့်အတူ ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ရုပ်ရှင်ရုံဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများ၊ ဖြန့်ချိပြသရိုက်ကူးထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် ဆက်စပ်ပါဝင်နေသည့် တတ်သိပညာရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ရုပ်ရှင်ကြည့်ပရိသတ်များပါ ထိခိုက်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်ကားများသည် အပြိုင်အဆိုင် ထုတ်လုပ်လာသည့်အတွက် အရည်အသွေးကောင်းမွန်ပြီး ကြည့်ရှုသူပရိသတ် သိန်းဂဏန်းအထိ မြင့်တက်လာပါကြောင်း၊ ရုပ်ရှင်ရုံများရှိမှသာ ရုပ်ရှင်ထုတ်လုပ်ခြင်းသည်လည်း ရှင်သန်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်ကာလတွင် ကြုံတွေ့နေရသည့် အခက်အခဲများအတွက် ရုပ်ရှင်ရုံလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက စုပေါင်းတိုင်ပင်ဆွေးနွေးကြပါကြောင်း။

ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ရိုက်ကူးခွင့်ပေးခဲ့ပါကြောင်း၊ ထိုသို့ထုတ်ပြန်ပေးမှုအတွက် ရုပ်ရှင်ရုံလုပ်ငန်းရှင်များအနေဖြင့်လည်း ဝမ်းသာမိပါကြောင်း၊ ကျေးဇူးအထူးတင်ရှိပါကြောင်း၊ အချို့နိုင်ငံများတွင် ရုပ်ရှင်ရုံများကို ဖွင့်လှစ်နေပြီဖြစ်ပါကြောင်း။

## လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရန် ဆောင်ရွက်

ရုပ်ရှင်ရုံများ ကြုံတွေ့နေရသည့် အခြေအနေနှင့် အခက်အခဲများကို တင်ပြလိုပါကြောင်း၊ ရုပ်ရှင်ရုံများကို သင့်တင့်လျောက်ပတ်သော အချိန်၊ ဆီလျော်သောကာလတွင် အမြန်ဆုံး ဖွင့်လှစ်လိုပါကြောင်း၊ ရုပ်ရှင်ရုံများ ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ထားရှိမှုများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လာရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည့် အကြံပြုချက်များ ပေးစေလိုပါကြောင်း။

ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ခွင့်ရပါက ရုပ်ရှင်ရုံရှိ ထိုင်ခုံ ၅၀ ရာခိုင်နှုန်းကို ရောင်းချလုပ်ကိုင်လိုပါကြောင်း၊ ထိုသို့ လုပ်ကိုင်ခွင့်ရရှိပါက ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ၊ ကြည့်ရှုသူပရိသတ်များအားလုံး အဆင်ပြေမည်ဖြစ်ပါကြောင်း၊ ထိုသို့ ရောင်းချရာတွင်လည်း Social Distancing နှင့် လမ်းညွှန်ချက်များကို အတိအကျ လိုက်နာပြင်ဆင်သွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အခက်အခဲအကျပ်အတည်းဖြင့် ရင်ဆိုင်နေရသည့် ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်လုပ်ငန်းရှင်များအတွက် ကိုဗစ်ကာလတွင် နိုင်ငံတော်မှ ပြည်သူလူထုသို့ ချထားပေးလျက်ရှိသည့် ကူညီထောက်ပံ့ငွေ၊ ချေးငွေများရရှိရန် တင်ပြလိုပါကြောင်း၊ မိမိတို့အနေဖြင့် ကတိကဝတ် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလိုပါကြောင်း၊ ထုတ်လုပ်ခြင်းနှင့် ရိုက်ကူးခြင်းသည် တစ်ဆက်တစ်စပ်တည်းဖြစ်သည့်အတွက် ထုတ်လုပ်ခြင်းကောင်းလျှင် ရိုက်ကူးခြင်းကောင်းမည်၊ ရိုက်ကူးခြင်းကောင်းလျှင် ထုတ်လုပ်ခြင်းကောင်းမည် ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

## ပြန်လည်အောင်မြင်နိုင်မည်ဖြစ်

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရုပ်ရှင်ရိုက်နေသည့်အချိန်တွင် ရောဂါမကူးစက်အောင် ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်များရိုက်ပြီးပြီဆိုပါက ပရိသတ်များ ကြည့်ရှုနိုင်ရန်အတွက် ရုပ်ရှင်ရုံများသည် များစွာအရေးကြီးပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ရုပ်ရှင်ခေတ်သည် တစ်ကျော့ပြန်၍ ဖြစ်လာပါကြောင်း၊ ရုပ်ရှင်ရုံများကို သွားချင်စရာ၊ ပျော်စရာ၊ အပန်းဖြေစရာ၊ စိတ်ဝင်စားစရာကဲ့သို့ နေရာများဖြစ်အောင် ဖန်တီးလာပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ယင်းအခြေအနေဖြစ်အောင် ကြိုးစားစေလိုပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍအသီးသီးမှ လုပ်ငန်းအမျိုးမျိုးအောင်မြင်ရန် အရေးကြီးပါကြောင်း၊ မိမိအနေဖြင့်လည်း အနုပညာဘက်ကိုလည်း အားပေးပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းကို တိုးတက်စေလိုပါကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံ၏ ရုပ်ရှင်လုပ်ငန်းသည် အာရှတွင် ရှေ့ပြေးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ထိုသို့ဖြစ်နိုင်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ နည်းပညာအသစ်များကို ထိထိရောက်ရောက် သုံးနိုင်မည်ဆိုပါက ယခင်ကဲ့သို့ ပြန်လည်အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း။

ရုပ်ရှင်ရုံများ ပြင်ဆင်ပြီးချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သွားရောက်ကြည့်ရှု၍ လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကာ ညွှန်ကြားချက်များ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်သည့်အချိန်တွင် ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း။

## ထပ်မံဖွင့်လှစ်ရန် စဉ်းစားမည်

စာသင်ကျောင်းများ ဖွင့်လှစ်ရာတွင်လည်း တချို့က စိတ်ပူကြပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်မှု စောသွားပါက ကလေးများထံ ရောဂါကူးစက်သွားပြီး ရောဂါပြန့်ပွားသွားမည်ကို စိုးရိမ်ကြပါကြောင်း၊ တစ်ဖက်တွင်လည်း ကျောင်းများ အကြာကြီးပိတ်ထားပါက ကလေးများသည် ပညာရေးနှင့် ဝေးသွားပြီး ကျောင်းသို့ လွှတ်ရခက်မည်ဆိုသည့် စိုးရိမ်မှုများလည်း ရှိပါကြောင်း၊ ယင်းနှစ်ခုကို တစ်ချိန်လုံး ချိန်ခွင်လျှာညီမျှအောင် ဆောင်ရွက်ရပါကြောင်း၊ ထို့ကြောင့် ပထမဆုံး အထက်တန်းကျောင်းများကို စဖွင့်ပါကြောင်း၊ အထက်တန်းကျောင်းများကိုလည်း A၊ B၊ C အဆင့်သတ်မှတ်ပြီး A အဆင့်ရှိသည့် ကျောင်းများကိုသာ ဖွင့်လှစ်ခွင့်ပေးပါကြောင်း၊ ပြန်လည်ဖွင့်လှစ်ခွင့်ရသည့် ကျောင်းများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ပြင်ဆင်ထားပြီးသည့် ကျောင်းများဖြစ်ပါကြောင်း၊ ပြင်ဆင်ပြီး အထက်တန်းကျောင်းများအားလုံး ဖွင့်လှစ်ပြီးပါက တစ်လစောင့်ကြည့်မည်ဖြစ်ပါကြောင်း၊ ယင်းတစ်လအတွင်း ရောဂါကူးစက်မှု ရှိ၊ မရှိ၊ ကလေးငယ်များနှင့် ဆရာ၊ ဆရာမများထဲတွင် ရောဂါကူးစက်ခံရသူ ရှိ၊ မရှိ စောင့်ကြည့်ပြီးမှ နောက်တစ်ဆင့် ထပ်မံဖွင့်လှစ်ရန် စဉ်းစားမည်ဖြစ်ပါကြောင်း။

ယင်းအချိန်အတွင်း ရုပ်ရှင်ရုံများအနေဖြင့်လည်း ပြင်ဆင်သင့်သည်များကို ပြင်ဆင်ထားမည်ဆိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စတင်စစ်ဆေးပေးမည် ဖြစ်ပါကြောင်း၊ အထက်တန်းကျောင်းများ ဖွင့်လှစ်မှု အဆင်ပြေပြီဆိုပါက လူများများဖြင့် လုပ်ရမည့် လုပ်ငန်းများကို တိတိကျကျဖြင့် စည်းကမ်းရှိရှိလုပ်နိုင်သည့် အဆင့်ရောက်ပြီဟု သတ်မှတ်၍ရပါကြောင်း၊ ယင်းအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရုပ်ရှင်ရုံများ မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်ရမည်ဆိုသည်ကို ဆုံးဖြတ်ရမည် ဖြစ်ပါကြောင်း ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် ကိုဗစ်၏ ဆိုးကျိုးသက်ရောက်မှုများကို ထိန်းချုပ်နိုင်ရန် တတ်နိုင်သမျှ ထောက်ပံ့ပေးနေပါကြောင်း၊ ထိုသို့ ပံ့ပိုးမှုများသည် မည်မျှအထိ ထိရောက်မှုရှိသည်ကို ပြန်လည်သုံးသပ်နေပါကြောင်း၊ စီးပွားရေးထိခိုက်မှုမရှိအောင် ဆောင်ရွက်ခဲ့မှုသည် မည်မျှအထိ ထိရောက်ကြောင်း၊ မည်သည့်အရာများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်းနှင့် မည်သည့်အရာများကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည်ကို ယခုအချိန်တွင် သုံးသပ်နေပါကြောင်း၊ နှစ်ကုန်သည်အထိ မည်သည့်ပုံစံဖြင့် သွားမည်၊ နောက်နှစ်အတွက် မည်သည့်ပုံစံဖြင့် သွားမည်ကို စဉ်းစားရပါကြောင်း၊ ယခုနှစ်ထဲတွင် သုံးသည့်ငွေများသည် နောက်နှစ်ဘတ်ဂျက်အတွက်လည်း များစွာအကျိုးသက်ရောက်မှုရှိပါကြောင်း၊ မိမိတို့အနေဖြင့် ရေတို၊ ရေရှည် စဉ်းစားဆောင်ရွက်ရပါကြောင်း၊ တတ်နိုင်လျှင် အားလုံးကို ပြည့်ပြည့်ဝဝ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ မည်မျှအထိ ပံ့ပိုးနိုင်မည်၊ မည်သည့်ပုံစံဖြင့် ပံ့ပိုးနိုင်မည်ကို စဉ်းစားရပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာ အခြေအနေကို ကြည့်ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါကြောင်း။

ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ရိုက်ကူးရေးလုပ်ငန်းကိုလည်း အောင်မြင်စေလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးအတွက်သာမက နိုင်ငံအတွက်ပါ အောင်မြင်စေလိုပါကြောင်း၊ ယခုခေတ်တွင် ဖျော်ဖြေရေးလုပ်ငန်းသည် Soft Power တစ်ခုဟု တစ်ကမ္ဘာလုံးက လက်ခံထားပါကြောင်း၊ မိမိတို့၏ အနုပညာဆိုင်ရာ တိုးတက်မှု၊ ဩဇာရှိမှု၊ လွှမ်းမိုးမှုသည် တစ်ကမ္ဘာလုံးသို့ ပြန့်သွားနိုင်ပါကြောင်း၊ နိုင်ငံ၏ ရေရှည်အကျိုးအတွက် အနုပညာဆိုင်ရာ လုပ်ငန်းများကို အားပေးရမည်ဆိုသည့်မူဝါဒ မိမိတို့တွင် ရှိပါကြောင်း။

ကိုဗစ်နှင့်ပတ်သက်၍ အသိပညာပေး၊ သတိပေးသည့် လုပ်ငန်းများသည် လျော့လာပြီး စိတ်ဝင်စားမှု နည်းလာပါကြောင်း၊ ထို့ကြောင့် ကိုဗစ်နှင့်ပတ်သက်၍ အသိပညာပေး၊ သတိပေးသည့် လုပ်ငန်းများ ပိုမိုထိရောက်အောင်နှင့် စိတ်ဝင်စားမှု ရှိလာအောင် အနုပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်လိုပါကြောင်း၊ အနုပညာရှင်များ၏ ကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ လုံခြုံရေး၊ တိုးတက်ရေးအတွက် တက်တက်ကြွကြွ ပါဝင်ရန် မေတ္တာရပ်ခံပါကြောင်း။

## ပြန်လည်သုံးသပ်နေ

ကိုဗစ်ကို မပြန့်ပွားအောင် ကာကွယ်ရန်လိုအပ်ပါကြောင်း၊ ကိုဗစ်ပြန့်ပွားသွားပါက မိမိတို့နိုင်ငံအတွက် အခက်အခဲများစွာ ရှိနိုင်ပါကြောင်း၊ ကုသရန်အတွက် အကုန်အကျ အများအပြားရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ဇန်နဝါရီလ ၄ ရက်ကတည်းက ကိုဗစ်နှင့်ပတ်သက်ပြီး ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်အထိ ထိန်းနိုင်ခြင်း ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံခြားက ပြန်လာသည့် ပြည်သူအချို့တွင် ရောဂါ ပါလာပါကြောင်း၊ ပြန်လာသူအားလုံးကို Quarantine ထားပြီး ရောဂါတွေ့ရှိသူဆိုလျှင် ဆေးရုံသို့ ပို့ဆောင်ကုသမှုပေးပါကြောင်း၊ မိမိတို့၏ ပြည်သူများကို အပြည့်အဝ ကုသမှုပေးပါကြောင်း၊ မိမိတို့နိုင်ငံ စီးပွားရေးတိုးတက်ရန်အတွက် ဝိုင်းဝန်းကူညီသူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအတွက် ကူညီထောက်ပံ့နေသူများကို ပြန်လည်ထောက်ပံ့ပေးရန်မှာ နိုင်ငံတော်အစိုးရ၏ တာဝန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေနှင့် မည်သည့်ပုံစံဖြင့် အသုံးပြုလျှင် အထိရောက်ဆုံးရှိနိုင်မည်ကို ပြန်လည်သုံးသပ်နေပါကြောင်း။

## ထိထိရောက်ရောက်ကာကွယ်နိုင်ရန် မျှော်လင့်

ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်ပညာကို ယခုအခြေအနေတွင် ပိုမိုလုပ်တတ်ကိုင်တတ်အောင် ကြိုးစားသွားမည်ဆိုပါက မိမိတို့၏ ရုပ်ရှင်လုပ်ငန်းတစ်ခုလုံးသည် တိုးတက်သွားနိုင်ပါကြောင်း၊ ရုပ်ရှင်ရုံများသည်လည်း ကိုဗစ်ကြောင့် ပိုမိုပြီး ကျန်းမာရေးနှင့် ကိုက်ညီသည့် ရုပ်ရှင်ရုံများ၊ လူများပိုမိုသွားချင်စရာကောင်းသည့် ရုပ်ရှင်ရုံများဖြစ်အောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ယခု ကိုဗစ်ကိစ္စတွင် တစ်နိုင်ငံလုံး စုပေါင်းလုပ်ဆောင်မှုဖြင့် အောင်မြင်မှုကို ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်သည့်အတွက် ကိုဗစ်ကို ယခုအချိန်အထိ ထိထိရောက်ရောက် ကာကွယ်နိုင်ပါကြောင်း၊ ယခုကပ်ရောဂါအန္တရာယ် ပြီးဆုံးသွားချိန်အထိ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ထိထိရောက်ရောက် ကာကွယ်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်ရုံလုပ်ငန်းနှင့် အနုပညာလုပ်ငန်းများအားလုံး တိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၀) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ် (၃၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး မဟာဗျူဟာ (၂၀၁၉-၂၀၂၃) (၅) နှစ် စီမံကိန်းနှင့်ပတ်သက်၍ ပထမနှစ် ၂၀၁၉ ခုနှစ်၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ မဟာဗျူဟာနယ်ပယ် (၅) ခုရှိ ကော်မတီများ၏ တင်ပြချက်များကို စုစည်းပြီး ၂၀၁၉ ခုနှစ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း မဟာဗျူဟာ (၅) နှစ် စီမံကိန်း၏ ၂၇ ဒသမ ၂၇ ရာခိုင်နှုန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဦးဆောင်ကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ လိုအပ်သည့် အမိန့်နှင့် ညွှန်ကြားချက်ပေါင်း (၃၄) ခုကို ထုတ်ပြန်နိုင်ခဲ့ပြီး လက်တွေ့ နယ်ပယ်တွင်လည်း တိုးတက် ဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်ခဲ့မှုအား တွေ့ရမည်ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task : Force-FATF) ၏ မျက်နှာစုံညီ အစည်းအဝေးတွင် မြန်မာနိုင်ငံအပေါ် ဆုံးရှုံးနိုင်ခြေ အန္တရာယ် မြင့်မားသည့်အတွက် စောင့်ကြည့်ရမည့် နိုင်ငံများစာရင်း (Jurisdictions under increased monitoring) ထည့်သွင်းပြီး ဆောင်ရွက်ရမည့် အကြံပြုတိုက်တွန်းချက်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါအချက်များကို အကောင်အထည်ဖော်ရန် Action Plan ရေးဆွဲပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေး လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (Designated Non-Financial Businesses and Professions-DNFBPs) နှင့် ဆက်စပ်သည့် အသင်းအဖွဲ့များ၌ ဥပဒေမူဘောင်ခိုင်မာပြီး အသင်းဝင်မှတ်ပုံတင်စနစ် ထူထောင်ရန် ဗဟိုအဖွဲ့အနေဖြင့် သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များကို တွန်းအားပေးဆောင်ရွက်ခြင်း၊ အကူအညီပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြစ်မှုနှင့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများ ဘဏ္ဍာသိမ်းဆည်းသည့် အချိန်အထိ မူလအတိုင်း တန်ဖိုးထိန်းသိမ်းထားနိုင်ရေးအတွက် သိမ်းဆည်းပစ္စည်း စီမံခန့်ခွဲမှုစနစ်ထူထောင်ရန် နိုင်ငံတော်သမ္မတရုံးက ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၀ ရက်တွင် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်း၊ သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုဆိုင်ရာ ညွှန်ကြားချက်တို့ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအသစ်တွင်လည်း ထိုပြဋ္ဌာန်းချက်များကို ဖြည့်စွက်ထားရှိပါကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်း တိုးတက်အောင်မြင်ရေး၊ မြန်မာနိုင်ငံကို စောင့်ကြည့်နိုင်ငံများ စာရင်းတွင် ထည့်သွင်းထားခြင်းမှ ကင်းလွတ်စေရန် အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်သည့် အကြံဉာဏ်များ ပေးကြပါရန် ပြောကြားသည်။

ထို့နောက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက ယခင်ပြုလုပ်ခဲ့သည့် အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၉) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ၂၀၂၀ ပြည့်နှစ်အတွင်း ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ အမှုစစ်ဆေးနေမှုများနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းနိုင်မှု အခြေအနေများကိုလည်းကောင်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် တင်အောင်ဝင်းက အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်မှုနှင့် ကြီးကြပ်ရေး ကော်မတီ (၅) ခု၏ တိုးတက်ဆောင်ရွက်မှု အစီရင်ခံစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ၊ ကိုယ်စား တက်ရောက်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) ဦးဆောင်သည့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် MPRL E&P Group of Companies တို့ကို သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) ဦးဆောင်သည့် အဖွဲ့နှင့် MPRL E&P Group of Companies မှ Executive Director ဦးတင့်ဆွေ ဦးဆောင်သည့်အဖွဲ့တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံစဉ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေး၊ မီဒီယာများရေရှည်ရပ်တည်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မီဒီယာစင်တာဖွင့်လှစ်နိုင်ရေး၊ သတင်းမီဒီယာနည်းဥပဒေ ပြင်ဆင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ MPRL E&P Group of Companies နှင့်တွေ့ဆုံစဉ် e- Government စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် Colocation Service ရယူနိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

မိမိအမည် မပါရှိပါက ပုံစံ (၃) ဖြင့် အမည်ထည့်သွင်းပေးရန် တောင်းခံနိုင်ခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာ တင်သွင်းနိုင်ကြောင်းနှင့် အဆိုပါပုံစံများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်ရုံးများတွင် အခမဲ့ (အခမဲ့) ရယူနိုင်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅)ရပ်ကွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာ

**လှိုင်သာယာ(အရှေ့ပိုင်း) ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ရုံးများတွင် ပထမအကြိမ် ထုတ်ပြန်ကြေညာလျက်ကြောင်း သိရသည်။

ထိုသို့မဲစာရင်းများ ထုတ်ပြန်ကြေညာရာတွင် မဲစာရင်းများကို ဇူလိုင်၂၅ ရက်မှ ဩဂုတ် ၇ ရက်ထိ ကြေညာထားမည်ဖြစ်ပြီး ပထမအကြိမ် မဲစာရင်းကြေညာထားရှိမှုတွင် အမှတ် (၁၅)ရပ်ကွက်၌ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ ၂၄၃၁၃ ရှိပြီး မဲရုံပေါင်း ၂၄ ရုံ ဖွင့်လှစ်ထားရာ မဲစာရင်း၌ မပါရှိသူများ မဲစာရင်း၌ ပါရှိသော်လည်း အချက်အလက်မှားယွင်းနေသူများ၏ တောင်းဆိုလျှောက်ထားမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်စိစစ်၍ စာရင်းအသစ်ဖြည့်သွင်းပေးပြီး ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုများကို လှိုင်သာယာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် မဲစာရင်းကပ်ထားမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်စား အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Alexander C. Feldman နှင့် Senior Vice President and Regional Managing Director Ambassador Michael W. Michalak တို့ အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ က နေပြည်တော်၌ Video Conferencing ဖြင့် လက်ခံတွေ့ဆုံသည်။**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ် Mr. Alexander C. Feldman နှင့် Senior Vice President and Regional Managing Director Ambassador Michael W. Michalak တို့ အဖွဲ့အား Video Conferencing ဖြင့် လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် အကူအညီ အထောက်အပံ့ ပေးနေမှုများကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် (CERP) အပါအဝင် ကိုဗစ်-၁၉ ကြောင့် မြန်မာ့စီးပွားရေး ထိခိုက်မှု လျော့ပါးစေရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ အလွန် စီးပွားရေးပြန်လည်ထူထောင်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။ အမေရိကန်နှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် နှစ်နိုင်ငံကုန်သွယ်မှုမှာ သိသာစွာ တိုးတက်လျက်ရှိသော်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်ဘက် ၅၁ နိုင်ငံတွင် အမေရိကန်မှာ အဆင့် ၁၃ တွင် တည်ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးတက်စေရေးအတွက် လည်းကောင်း၊ အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် လည်းကောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းများစွာရှိကြောင်း ပြောကြားသည်။

အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ဘက်မှ တက်ရောက်သူများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် ရရှိနေသည့် အောင်မြင်မှုများအတွက် အသိအမှတ်ပြုပါကြောင်း၊ တည်ငြိမ်သော စီးပွားရေးကို ထိန်းသိမ်းထားနိုင်မှုနှင့် အနာဂတ် အလားအလာများကြောင့်လည်း မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် ဆန္ဒရှိပါကြောင်း၊ မကြာသေးမီက ထုတ်ပြန်ခဲ့သော ကုန်သွယ်ရေး ဖြေလျှော့မှုများကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဒစ်ဂျစ်တယ် စီးပွားရေးကဏ္ဍတို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးတို့အတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလ ဖြစ်သော်လည်း မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ မျှော်မှန်းထားသည့်အတိုင်း ဝင်ရောက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် လုပ်ငန်းစဉ်များကို OECD ၏ အကူအညီဖြင့် ပြန်လည်သုံးသပ်လျက်ရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံသူများအတွက် လွယ်ကူချောမွေ့စေမည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာသေးမီကပင် ဂျပန်ကုမ္ပဏီသုံးခုဖြစ်သည့် Marubeni ၊ Sumitomo Corp. နှင့် Mitsui & Co. တို့မှ ဦးဆောင်ရင်းနှီးမြှုပ်နှံမည့် LNG to Power စီမံကိန်းအတွက် Notice to proceed ကို ပေးအပ်ခဲ့ပြီးကြောင်း၊ အဆိုပါစီမံကိန်းတွင် လျှပ်စစ်ဓာတ်အား ၁၂၅၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် စက်ရုံပါဝင်သဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကကျသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စွမ်းအင်ကဏ္ဍ၏ အခြေခံအဆောက်အအုံများကို တိုးချဲ့ရင်းနှီးမြှုပ်နှံဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အမေရိကန် ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အထူးစိတ်ဝင်စားမှုများ ရှိနေသည်ကို သိရသဖြင့် အလွန်ဝမ်းမြောက် ဝမ်းသာကြိုဆိုပါကြောင်း ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဘက်မှ Chevron ၊ ExxonMobil ၊ Chubb ၊ Coca-Cola ၊ Visa ၊ Scoular အပါအဝင် အမေရိကန်ထိပ်တန်းကုမ္ပဏီ ၁၀ ခု တို့မှ ဒေသဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အပါအဝင် ကိုယ်စားလှယ်စုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# လယ်ယာမြေအပေါ် ခွင့်ပြုချက်မရရှိမီ လုပ်ငန်းဆောင်ရွက်မှုများကို ထိရောက်စွာအရေးယူရန် လိုအပ်

**နေပြည်တော် ဇူလိုင် ၂၈**

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ အကြိမ် (၃၀) မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ က လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအပေါ် အဓိကသက်ဆိုင်သည့် လယ်ယာမြေများ မလျော့ပါးရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရေး အခြေခံအဆောက်အအုံများဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ တိုးပွားတည်ဆောက်ရေးလုပ်ငန်းများ တစ်ခုနှင့် တစ်ခု အဟန့်အတား၊ ကန့်သတ်ချက် မဖြစ်စေရန် မြော်မြင်သုံးသပ်ပြီး အကောင်းဆုံး လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာရေး အားပေးဆောင်ရွက်လျက်ရှိရာ မိမိတို့အစိုးရကာလအတွင်း စိုက်ပျိုးမှု တည်ငြိမ်သွားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ၄၆၃၂ ဧကကို လယ်ယာမြေအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် လျှောက်ထားလာမှုများနှင့် ပတ်သက်၍လည်း ဌာနဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်မှ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ပေးရာတွင် လိုအပ်သော အချိန်ကာလထက် ပိုမိုကြာမြင့်မှု မရှိစေရေးနှင့် အခြားနည်းသုံးစွဲခွင့်ပြုပြီး မြေများတွင်လည်း သတ်မှတ်ချက်ပါကာလအတိုင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိပါက လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အပြင် လယ်ယာမြေအပေါ် ခွင့်ပြုချက်မရရှိမီ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဟန့်တားရန် လိုအပ်ကြောင်း ပြောကြားသည်။



အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ခဲ့ကြပြီး အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြရာ အစည်းအဝေး တက်ရောက် လာကြသူများက အကြောင်းအရာ တစ်ခုချင်းအလိုက် ဆွေးနွေးခဲ့ကြသည်။

အကြိမ် (၃၀) မြောက် အဖြစ် ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေး ပေးချေရမည့် ကိစ္စရပ်များ၊ ယခင်အစိုးရကာလများက ခွင့်ပြုထားသော လ/န - ၃၉ ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် တင်ပြလာသည့်ကိစ္စရပ်များ၊ လယ်မြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားလာသည့် ကိစ္စရပ်များ၊ လယ်ယာမြေကို အခြားနည်း ခွင့်ပြုမိန့်မရဘဲ ကြိုတင်အသုံးပြုထားသည့်အပေါ် ဒဏ်ကြေးငွေပေးဆောင်ရန် အဆိုပြုတင်ပြလာသော ကိစ္စရပ်များကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ (၁၆.၅.၂၀၁၃) ရက်စွဲပါ စာဖြင့် စိစစ်ရန် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အရလည်းကောင်း၊ ကိုက်ညီမှန်ကန်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ပြီးနောက် ကိုက်ညီမှန်ကန်မှုရှိပြီး ပြည့်စုံစွာတင်ပြလာသည့် လယ်ယာမြေ ဥပဒေပုဒ်မ ၃၀ (က) အရ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်၍ ခွင့်ပြုရန် သင့်/မသင့် ကိစ္စရပ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဖြေရှင်းဆောင်ရွက်နေသော လယ်ယာမြေ အငြင်းပွားမှုများအပေါ် သတ်မှတ်ကာလအတွင်း ဖြေရှင်းပြီးပြတ်ရေးဆိုင်ရာကိစ္စရပ်များ၊ ယခင်အစည်းအဝေးများအရ ပြန်လည်စိစစ်တင်ပြစေခဲ့သော လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများကို ဝိုင်းဝန်းစိစစ်အတည်ပြုခြင်း၊ သက်ဆိုင်ရာကော်မတီသို့ ပြန်လည်ပေးပို့ခြင်းများကို အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငမိုးရိပ်ဆည်မှရေကို မြေသားရေပေးမြောင်းဖြင့် ရယူနေမှုကို ရေပိုက်လိုင်းဖြင့်အစားထိုးမည်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်းအရ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငမိုးရိပ်ဆည်မှရေကို မြေသားရေပေးမြောင်းဖြင့် ရယူနေခြင်းအစား ရေပိုက်လိုင်းဖြင့် အစားထိုးဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ထံမှ သိရသည်။

ငမိုးရိပ်ဆည်မှရေကို ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်)သို့ သွယ်ယူရာတွင် လက်ရှိအသုံးပြုနေသော မြေသားရေပေးမြောင်းအစား အချင်း ၂ ဒသမ ၄ မီတာ၊ အရှည် ၂၂ ဒသမ ၃ မိုင် (၃၅ ဒသမ ၉ ကီလိုမီတာ) ခန့်ရှိ ပိုက်လိုင်းအသုံးပြု၍ သွယ်တန်းရရှိနိုင်သည့်အတွက် ရေပိုက်လိုင်းအစားထိုးလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည်။

စီမံကိန်းကာလမှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ငါးနှစ်ကြာမြင့်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းစဉ်များအနေဖြင့် ငမိုးရိပ်ဆည်တွင် ရေယူအဆောက်အအုံသစ် တစ်ခုတည်ဆောက်ခြင်း၊ ရေယူဥမင်လိုဏ်တစ်ခုတည်ဆောက်ခြင်း၊ ရေတွန်းစက်ရုံနှင့် ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ခြင်း၊ ပင်မရေပိုက်လိုင်းတစ်ခုတည်ဆောက်ခြင်း၊ ရေခေါ်ဥမင်လိုဏ်တစ်ခုတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းတစ်ခုတည်ဆောက်ခြင်းစသော လုပ်ငန်းစဉ်များ ပါဝင်သည်။

အဆိုပါစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ငမိုးရိပ်ဆည်ရေကို မြေသားရေပေးမြောင်းဖြင့် ရယူခြင်းအစား ရေပိုက်လိုင်းဖြင့် အစားထိုးရယူသည့်အတွက် ရေအရည်အသွေးပိုမိုကောင်းမွန်စေခြင်း၊ ရေလေလွင့်ဆုံးရှုံးမှု မရှိစေခြင်း၊ ပတ်ဝန်းကျင်ကြောင့် ညစ်ညမ်းမှုများ မဖြစ်ပေါ်နိုင်ခြင်း၊ ရေသန့်စင်စက်ရုံအတွက် ရေလိုအပ်ချက်ကို လွတ်လပ်စွာစီမံခန့်ခွဲနိုင်ခြင်း၊ ဆည်မြောင်းဦးစီးဌာနက ရေပေးမြောင်းမကြီး ပြုပြင်ထိန်းသိမ်းခြင်းကြောင့် ရန်ကုန်မြို့တော် ရေပေးဝေရေးကို ထိခိုက်နိုင်သည့်ဖြစ်ရပ်များကို ရှောင်ရှားနိုင်ခြင်း၊ အနာဂတ်တွင် ရေပေးဝေနိုင်သည့် ပမာဏပိုမိုတိုးချဲ့နိုင်ခြင်းနှင့် ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည် ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များကို လှော်ကား၊ ဖူးကြီး၊ ဂျိုးဖြူ၊ ငမိုးရိပ် ရေလှောင်ကန်များနှင့် အဝီစိတွင်းစသည့် ရေအရင်းအမြစ်များမှ နေ့စဉ် ရေဂါလန် ၂၀၅ သန်း ပေးဝေလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုရန် ဆက်လက်ဆောင်ရွက်သွားမည်


ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်


သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း


ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်

**နေပြည်တော် ဇူလိုင် ၂၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ သိန္နီမြို့နယ် စယ်အူကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၂)၊ ဦးပိုင်အမှတ် (လ/၁၄၊ လ/၁၅၊ လ/၄၁) မြေဧရိယာ ၄ ဒသမ ၅ ဧက ယာမြေနေရာကို ၂၀၀၅ ခုနှစ် ရှေ့ပိုင်းက စယ်အူရဲကင်းစခန်းတည်ဆောက်ရန်မြေဟူ၍ သိမ်းယူခဲ့ရာ ယခုအခါ မြေကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရန်အတွက် စိစစ်ရန် အချက် ၅၂ ချက်နှင့်အညီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန္နီမြို့နယ် စယ်အူရဲကင်းမြေနေရာအား တောင်သူလေးဦး၏ တင်ပြချက်နှင့် ပတ်သက်၍ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ လုပ်ငန်းစဉ်မူဝါဒ ၅၂ ချက်နှင့်အညီ စိစစ်ချက်ကို ခရိုင်၊ ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်မှ စိစစ်၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံလာပါက ပြန်လည်စွန့်လွှတ်ပေးရန် မရှိသည့် သိမ်းဆည်းမြေများနှင့် ပတ်သက်၍ စိစစ်ရန် အချက် ၅ ချက်နှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ စိစစ်တွေ့ရှိချက်ကို ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ အကြောင်းပြန်ကြားချက်အပေါ် အဆိုပါ ပြည်နယ်ကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကွန်ပျူတာစနစ်အသုံးပြု၍ တစ်မြို့နယ်လုံးရှိမီတာများကို အချိန်တိုအတွင်း ဖတ်ရှုမှတ်တမ်းတင်

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ ပြည်သူများ သုံးစွဲခဲ့သည့် လျှပ်စစ်မီတာခများ တိကျစေရန်နှင့် မီတာဖတ်စာရေးများ မှန်မှန်ကန်ကန် ဖတ်ပြီး စာရင်းရေးသွင်းနိုင်ရန် မည်သို့စီစဉ်ဆောင်ရွက်နေသည်ကို သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက တစ်လအတွင်း သုံးစွဲခဲ့သော လျှပ်စစ်မီးသုံးစွဲယူနစ်များ ဖတ်ယူခြင်းကို လူကိုယ်တိုင် မီတာတစ်လုံးစီ ဖတ်ရှုမှတ်တမ်းတင်ခြင်း၊ အဝေးဖတ်ကိရိယာ Hand Held Unit (HHU) ဖြင့် အလိုအလျောက် ဖတ်ယူမှတ်တမ်းတင်ခြင်းနှင့် ဌာန၏ ထိန်းချုပ်ခန်းရှိ ကွန်ပျူတာစနစ်အသုံးပြု၍ တစ်မြို့နယ်လုံးရှိ မီတာများကို အချိန်တိုအတွင်း ဖတ်ရှုမှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဝေးဖတ်ကိရိယာ (HHU) ဖြင့် ဖတ်ရှုမှတ်တမ်းတင်ရသော Smart မီတာများ ပိုမိုကျယ်ပြန့်စွာ ဝယ်ယူတပ်ဆင်နိုင်ရေးအတွက် Meter Specification ရေးဆွဲနေပါကြောင်း၊ တစ်ရက်လျှင် HHU ဖြင့် အသုံးပြု၍ မီတာအလုံး ၃၀၀၀ ကျော် အလိုအလျောက် ဖတ်ရှုမှတ်တမ်းတင်နိုင်သောကြောင့် အချိန်ကုန်သက်သာပြီး မီတာဖတ်စာရေးများ၏ လွဲမှားမှုကြောင့် ဖြစ်ပေါ်လာသည့် အမှားများကိုလည်း ပယ်ဖျက်နိုင်မည်ဖြစ်ပါကြောင်း၊ Smart မီတာများ ဝယ်ယူရေးအတွက် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

Smart Meter များ မပြည့်စုံသေးသည့်အချိန်တွင် မီတာစာရေးများကို လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သလို တိုးမြှင့်ခန့်ထားပြီး စနစ်တကျဖတ်ရှုရေးအတွက် ဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာန၏ထိန်းချုပ်ခန်းမှ တစ်မြို့နယ်လုံးရှိ မီတာအားလုံးကို အချိန်တိုအတွင်း မီတာဖတ်ရှုနိုင်သော Advanced Metering Infrastructure (AMI) စနစ်သည် မိမိသုံးစွဲနေသော လက်ကိုင်စမတ်ဖုန်းများဖြင့် လျှပ်စစ်မီးသုံးစွဲနေမှုအခြေအနေတို့ကို အချိန်မရွေး ကြည့်ရှုနိုင်ပါကြောင်း၊ AMI စနစ်အတွက် Specification ကိုလည်း နိုင်ငံတော်နှင့်ကိုက်ညီမည့် အခြေအနေရရှိရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ပြုစုနေပါကြောင်း၊ ပြီးစီးပါက ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တစ်ဆင့်ချင်း ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ ဒလမြို့ရှိ ကျန်းမာရေးဝန်ထမ်းများ လက်ရှိနေထိုင်သော မြေနေရာအား ကျန်းမာရေးဝန်ကြီးဌာနပိုင် မြေအဖြစ် သတ်မှတ်၍ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအတွက် အထပ်မြင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဒလမြို့နယ် ဆာဖာချောင်ရပ်ကွက် မြေဧရိယာ ၃၆ ဧကသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမည်ပေါက်မြေများဖြစ်သော်လည်း ကျန်းမာရေးဝန်ထမ်းအိမ်ရာများ ခွင့်ပြုဆောက်လုပ်နေထိုင်လျက်ရှိခြင်းကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ပါကြောင်း ပြန်ကြားချက်အရလည်းကောင်း၊ မြေစီမံခန့်ခွဲမှုလုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိခြင်းအရ လည်းကောင်း၊ ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဌာနပိုင်အမည်ပေါက် ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် လုပ်ထုံး လုပ်နည်း လုပ်ငန်းစဉ်များအရ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒလမြို့နယ် ကျန်းမာရေးဝန်ထမ်းအိမ်ရာကို ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ဘဏ္ဍာနှစ်ခွင့်ပြုမှုအရ အထပ်မြင့်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်လျက်ရှိပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၏ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် ယာဉ်ထိန်းရဲရိပ်သာဝင်းရှိ သစ်သားလိုင်းခန်းသည် ဆွေးမြည့်ပျက်စီးနေပြီဖြစ်ရာ လိုင်းခန်းအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ယင်းရဲရိပ်သာဝင်းအတွင်းရှိ လုပ်ငန်းသုံးမော်တော်ယာဉ်အပျက်များအား မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က လည်းကောင်း၊ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး၏ ဝမ်းတွင်းမြို့နယ်၏ မြို့နယ် (၆) ရပ်ကွက်အတွင်း လိုအပ်နေသည့် (၄၀၀) ဗို့အားလိုင်းနှင့် ကွန်ကရစ်တိုင်များအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် သဲတော-ဝမ်းတွင်း အမှတ် (၁) လမ်းမဘေးမှ မီးတိုင်၊ ထရန်စဖော်မာများအား မည်သည့်အချိန်တွင် ပြောင်းရွှေ့ပေးမည်ကို သိလိုခြင်း မေးခွန်း၊ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ လှိုင်သာယာမြို့နယ်ရှိ အဓိကလမ်းမကြီးပေါ်ရှိ လျှပ်စစ်မီးတိုင်များ အမြန်ဆုံးပြောင်းရွှေ့ပေးရန်နှင့် လျှပ်စစ်မီးတိုင်များ၊ ထရန်စဖော်မာများ ထပ်မံတည်ဆောက်ပေးခြင်း၊ ရှုပ်ထွေးမီးကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ပြည်ထောင်စုလမ်းမကြီး၊ လှော်ကားလမ်းမကြီးများပေါ်ရှိ ဓာတ်တိုင်များကို အမြန်ဆုံးပြောင်းရွှေ့ပေးရန်၊ အန္တရာယ်ရှိဓာတ်တိုင် ၁၀၀၀ ခန့်အား အမြန်ဆုံးလဲလှယ်ပေးရန်နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် လိုအပ်လျက်ရှိသော ထရန်စဖော်မာ အလုံး ၄၀ အား အမြန်ဆုံးချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၏ အင်ဂျန်းယန်မြို့ရှိ ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသော Microscope (အဏုကြည့်မှန်ပြောင်း) ကို အသုံးပြုနိုင်ရန် မည်သည့်အချိန်တွင် တပ်ဆင်ပေးနိုင်မည်နည်း၊ ဓာတ်မှန်ရိုက်စက်ပစ္စည်းကိရိယာကို မည်သည့်အချိန် ချထားတပ်ဆင်ပေးမည်နည်း၊ လိုအပ်နေသည့် ဆရာဝန်တစ်ဦးကို ခန့်ထားပေးနိုင်ခြင်း ရှိ၊ မရှိနှင့် လူနာတင်ယာဉ် (Ambulance) တစ်စီးချပေးနိုင်ခြင်း ရှိ၊ မရှိကို သိလိုခြင်းမေးခွန်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ ကျောက်တန်းမြို့နယ် ကျုံကန်တိုက်နယ်ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်း ပြီးဆုံးအောင်ဆောင်ရွက်ခြင်း မရှိဘဲ ငွေအပြည့်ထုတ်ပေးခဲ့သော နိုင်ငံ့ဝန်ထမ်းများကို စိစစ်အရေးယူပေးပါရန် တိုင်ကြားထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ အခြေအနေမှန်ကို သိလိုခြင်း မေးခွန်းနှင့် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ အုတ်တွင်းမြို့နယ် ကျွဲပွဲဆေးရုံအား (၁၆) ခုတင်ဆံ့ဆေးရုံမှ (၂၅) ခုတင်ဆံ့ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## ဝန်ထမ်းနောင်ရေးဖူလုံရန်ပုံငွေဥပဒေကြမ်း တင်သွင်း

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ထမ်းနောင်ရေးဖူလုံရန်ပုံငွေဥပဒေကြမ်းကို တင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဒေါက်တာခင်ဆောင်က ပဋိဇီဝဆေးများ ဝယ်ယူထောက်ပံ့ဖြန့်ဖြူးရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာ တင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း တင်သွင်းသည့် အသစ်ထွက်ပေါ်လာသော ဆေးရွက်ကြီးအသုံးပြုမှုနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် e-cigarettes (Electronic Nicotine Delivery System) ဆေးရွက်ကြီးထွက်ပစ္စည်းကို အပူပေးပြီး အငွေ့ရှူသောပစ္စည်း (Heated Tobacco Product or Heat-not-burn-product) နှင့် ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းများကို ရောနှောထည့်သွင်းရှူသုံးရသည့် ရေပြောင်း (Water Pipe) များကို ထိန်းချုပ်တားဆီးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း လျှော့ချရေးလုပ်ဆောင်ရာတွင် ခက်ခဲလျက်ရှိ

အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးက မိမိတို့နိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းများထိန်းချုပ်ရန် ဥပဒေများ၊ မူဝါဒများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းမရှိခဲ့သည့်အတွက် ယခုအခါ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း လျှော့ချရေးလုပ်ဆောင်ရာတွင် ခက်ခဲလျက်ရှိပါကြောင်း၊ ထို့အတူ တစ်စထက်တစ်စ ကျယ်ပြန့်လာနေသည့် e-စီးကရက်သုံးစွဲမှုကို ယခုကတည်းက မူဝါဒများချမှတ်ပြီး စနစ်တကျဆောင်ရွက်မည်ဆိုပါက e-စီးကရက်ထွက်ကုန်ကို ထိန်းချုပ်နိုင်မည်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဝင်းမင်းထွန်းနှင့် ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ပတ်သက်၍ ထိန်းချုပ်သည့်ကိစ္စများ၊ ညှိနှိုင်းအစည်းအဝေးပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆက်မပြတ်ကျင်းပနေပါကြောင်း၊ ဗီဒီယိုကလစ်များ ရိုက်ကူးပြီး e-စီးကရက်နှင့် ပတ်သက်မှုများကို ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ အသိပေးစာစောင်များလည်း ထွက်ရှိနေပါကြောင်း၊ ရောင်းအားမြှင့်တင်ခြင်းအတွက် အထောက်အကူပြုနှင့် ပတ်သက်ပြီး ဥပဒေပါ ပြဋ္ဌာန်းချက်များ ဖောက်ဖျက်ကျူးလွန်ခြင်းတွေ့ရှိပါက စစ်ဆေးအရေးယူ ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများကို ညွှန်ကြားချက် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ မှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကိုလည်း ညှိနှိုင်းစာများ ပေးပို့ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲဖြတ်တောက်ခြင်းနှင့် ပတ်သက်ပြီး ပြည်သူများ လိုက်နာဆောင်ရွက်ရန်နှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ အခြေခံပညာရှင်များထံ အချက်အလက်များကို Mobile Tablet ဖြင့် သင်တန်းမှတစ်ဆင့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းနှင့် နီးနွယ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် အများပြည်သူများမှတစ်ဆင့် ကာကွယ်နိုင်ရေးအတွက် တာဝန်ရှိသူများကို သင်တန်းများ ပို့ချနေပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်များ ကာကွယ်ရန်အတွက် WHO အဖွဲ့ဝင်နိုင်ငံ ၁၈၂ နိုင်ငံမှ ကာကွယ်ရေးလုပ်ငန်းများကို အပြင်းအထန်ဆောင်ရွက်နေသည့်အတွက် ယခုအဆိုအား ဝန်ကြီးဌာနအနေဖြင့် အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်းနှင့် ထိန်းချုပ်ရေးနှင့်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများကို ချမှတ်ပြီး ဝန်ကြီးဌာနများအားလုံးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားမေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့် (သတင်းစဉ်)**

# ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူ


နေပြည်တော် ဇူလိုင် ၂၈

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ၏ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်ဖြူလေဆိပ်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် သို့မဟုတ် ပြန်လည်ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကျောက်ဖြူလေဆိပ်ကို လာမည့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံထားသည့် ရန်ပုံငွေ ခွင့်ပြုချက်ရရှိမှုအပေါ်မူတည်၍ အဆင့်မြှင့်တင် ပြုပြင်မွမ်းမံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ၏ တီထွင်ဖန်တီးမှု (Project) စွမ်းရည်ပြိုင်ပွဲများအား အစိုးရအစီအစဉ်ဖြင့် ကျင်းပပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာဦးစီးဌာနတွင် ရှိသည့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တီထွင်မှု (Project) ယှဉ်ပြိုင်ပွဲများ ဆောင်ရွက်ရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။


ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး


ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး

### မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ ပေ(၆၀x၃၀) Steel Structure တစ်ထပ်ဆောင်ကို ယခုလာမည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပြီးဖြစ်

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၏ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ပေ(၁၂၀x၃၀) RCC နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထား သတ်မှတ်ပြီး တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ ပေ(၆၀x၃၀) Steel Structure တစ်ထပ်ဆောင်ကို ယခုလာမည့် ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် တင်ပြသည့် ပေ (၁၂၀x၃၀) RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ကို လာမည့် ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ ချင်းပြည်နယ်ရှိ လက်ရှိမြို့နယ်အဆင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနရှိသော ဟားခါးမြို့၊ မင်းတပ်မြို့နှင့် ဖလမ်းမြို့များတွင် ခရိုင်အဆင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ကျန်မြို့နယ်များကို မြို့နယ်အဆင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဟားခါး၊ ဖလမ်းနှင့် မင်းတပ်မြို့နယ်ရုံးများကို ခရိုင်အဆင့်ရုံးများအဖြစ် တိုးချဲ့ဖွင့်လှစ်ရန်နှင့် ကျန်မြို့နယ်များကို မြို့နယ်အဆင့်ရုံးများအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးရန်အစီအစဉ်မှာ လတ်တလောဆောင်ရွက်ပေးနိုင်သေးခြင်း မရှိသေးပါကြောင်းနှင့် လူဦးရေသိပ်သည်းမှု၊ မြို့ပြဒေသဖွံ့ဖြိုးမှုအပေါ် မူတည်၍ ခရိုင်အဆင့်ရုံးများအဖြစ်လည်းကောင်း၊ အိမ်ခန်းအရေအတွက် တိုးတက်လာပါက မြို့နယ်ဦးစီးမှူးရုံးများအဖြစ်လည်းကောင်း ထပ်မံတိုးချဲ့ဖွဲ့စည်းရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ မုံရွာ – အရာတော် – ရွှေဘိုလမ်း မိုင်တိုင် ၃ မိုင် ၇ ဖာလုံနှင့် ၄ မိုင် ၂ ဖာလုံအတွင်း အဝိုင်းပတ်အပါအဝင် ၃ မိုင် အရှည်အား ၃၆ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းခင်းရန်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မုံရွာ– အရာတော် – ရွှေဘိုလမ်း၏ မိုင်တိုင် (၃/၇)မှ (၄/၂) အထိ ၃ ဖာလုံအား ၃၆ ပေအကျယ်နှင့် မိုင်တိုင် (၄/၂) မှ (၄/၇) အထိ ၅ ဖာလုံအား ပေ ၃၀ အကျယ် ကတ္တရာ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ ပါဝင်ခဲ့ခြင်း မရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေဆက်လက်တင်ပြလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၏ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဖြူးမြို့ရှောင်လမ်းကို ဖောက်လုပ်မည်ဆိုပါက ပေ ၁၈၀ အထက်ရှိသည့် ဖြူးချောင်းတံတားတစ်စင်း ထပ်မံတည်ဆောက်ရန် လိုအပ်မည်ဖြစ်သည့်အပြင် ဖြူးမြို့တွင်းလမ်းပိုင်းသည် ညောင်လေးပင်၊ ပွဲနတ်ဆာနှင့် ပဲနွယ်ကုန်းမြို့တွင်းပိုင်းကဲ့သို့ မီးရထားနှင့် ကားလမ်းဖြတ်သည့် Level Crossing ဖြတ်သန်းမှု မရှိခြင်းကြောင့် လတ်တလော ယာဉ်ကြောပိတ်ဆို့မှု မရှိသေးသည့်အတွက် မြို့ရှောင်လမ်း ဖောက်လုပ်ရန်အတွက် လတ်တလောအစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၏ စီမံကိန်းအကောင်အထည်မဖော်ဖြစ်သော ကုန်သွယ်ရေးဇုန် အဆိုပြုမြေနေရာရှိ အိမ်ရာခြံဝင်းများအတွင်း လူနေအိမ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ဆောက်လုပ်ခြင်းများ ခွင့်ပြုပေးပြီး မူလပိုင်ရှင်များအား ဆက်လက်နေထိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကလည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးလင်းတင်ဌေး၏ မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ရွာလွတ်– ကတောင်စိန် တောင်ဖြတ်လမ်းနှင့် တကူပတီ –ကုလားဘီလမ်း စသည့်လမ်းပိုင်းများအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

### ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူ

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

# အမျိုးသားမြေအသုံးချမှုကောင်စီနှင့် ဆွစ်ဇာလန်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (SDC)၊ ဥရောပသမဂ္ဂ (EU) တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီမှုမှတ်တမ်း (RoD)၏ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၈

**အမျိုးသားမြေအသုံးချမှုကောင်စီနှင့် ဆွစ်ဇာလန် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(SDC)၊ ဥရောပသမဂ္ဂ(EU)တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီမှုမှတ်တမ်း (RoD)၏ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သည့် ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းပြီး မြေအသုံးချမှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ခဲ့သည်မှာ အချိန်ကာလအားဖြင့် နှစ်နှစ်ကျော်ခဲ့ပြီ ဖြစ်ပါကြောင်း။



**အကောင်အထည်ဖော်ဆောင်ရွက်**

အမျိုးသားမြေအသုံးချမှုကောင်စီ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်အရ ကောင်စီ၏ ပုံမှန်အစည်းအဝေးများကို ကျင်းပပြုလုပ်လျက်ရှိသည့်အပြင် အမျိုးသားမြေအသုံးချမှု ကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များ စုပေါင်းဖော်ထုတ်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာ ဖိုရမ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ၃ ရက်အထိ MICC-2 နေပြည်တော်တွင် ကျင်းပခဲ့ပြီး အမျိုးသားမြေအသုံးချမှု ကောင်စီအနေဖြင့် ဖိုရမ်၏ ရလဒ်များနှင့်အညီ ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**လုပ်ငန်းနယ်ပယ်ခုနစ်ခုရှိ**

ထို့အပြင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် အမျိုးသားမြေအသုံးချမှုကောင်စီနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် EU၊ SDC တို့အကြား သဘောတူညီမှုမှတ်တမ်း(RoD) ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး RoD ပါ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ် ခုနစ်ခုရှိပါကြောင်း။

အမျိုးသားမြေအသုံးချမှုကောင်စီ၏ အထောက်အကူပြုလုပ်ငန်းကော်မတီနှင့် အဖွဲ့များအနေဖြင့် အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် သဘောတူညီမှုမှတ်တမ်း(RoD)ပါ လုပ်ငန်းများကို အစဉ်အမြဲသုံးသပ်ပြီး အဆိုပါလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ/ အဖွဲ့များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီ၏ အထောက်အကူပြုလုပ်ငန်း ကော်မတီ/ အဖွဲ့အတွင်းရေးမှူးများနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ ဥရောပသမဂ္ဂ (EU) မှ Head of Cooperation Dr.Johann Hesse၊ ဆွစ်ဇာလန်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(SDC) မှ Deputy Head of Mission Mr.Giacomo Solari၊ FAO နှင့် မိတ်ဖက်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြေယာမဏ္ဍိုင်အဖွဲ့ (Land Core Group) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်၏ (၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တက်ရောက်

နေပြည်တော် ဇူလိုင် ၂၈



**အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်၏ (၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက Video Conferencing ဖြင့် ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank – AIIB) ၏ မြန်မာနိုင်ငံဆိုင်ရာ ဂါဗနာဖြစ်သူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နေပြည်တော်မှ ပါဝင်တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးသည် အဆိုပါအစည်းအဝေးတွင် အလှည့်ကျ ဒုတိယသဘာပတိတာဝန်ကို ထမ်းဆောင်သည်။

**တက်ရောက်**

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Liu Kun အပါဝင် AIIB အဖွဲ့ဝင် ၁၀၂ နိုင်ငံမှ ဂါဗနာဖြစ်သူ ဘဏ္ဍာရေးဝန်ကြီးများ၊ AIIB President Mr. Jin Liqun နှင့် အကြီးတန်းအရာရှိများ တက်ရောက်ကြပြီး သဘာပတိအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Liu Kun က ဆောင်ရွက်သည်။

နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် သမ္မတ မစ္စတာ ရှီကျင့်ဖျင်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး သဘာပတိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Liu Kun၊ ဒုတိယသဘာပတိ (၁) မြန်မာနိုင်ငံမှ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဒုတိယသဘာပတိ (၂) အိုက်စ်စလန်နိုင်ငံမှ ဘဏ္ဍာရေးနှင့် စီးပွားရေးရာဝန်ကြီး Honorable Bjarni Benediktsson တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**ကျင်းပမည့်နိုင်ငံကို ကြေညာ**

ကမ္ဘာနှင့်အဝန်း ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေများကြောင့် AIIB သည် ယခုနှစ်ပတ်လည်အစည်းအဝေးကို Virtual Meeting ပုံစံဖြင့်ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးတွင် ဂါဗနာများမှ AIIB ၏ ဒုတိယသက်တမ်း (၅) နှစ်အတွက် ဥက္ကဋ္ဌရွေးချယ်ခြင်း၊ AIIB President Mr. Jin Liqun က AIIB ၏ လုပ်ငန်းဆောင်ရွက်မှုတိုးတက်မှုအခြေအနေများကို တင်ပြခြင်း၊ AIIB သို့ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်ရန် အဆိုပြုထားကြသည့် နိုင်ငံများအား အဖွဲ့ဝင်အဖြစ် လက်ခံနိုင်ရန် ဂါဗနာများက ဆုံးဖြတ်အတည်ပြုခြင်း၊ AIIB မှ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ၂၀၂၁ ခုနှစ်တွင် (၆)ကြိမ်မြောက် AIIB ၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည့်နိုင်ငံကို ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အတည်ပြုဆုံးဖြတ်**

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆိုပြုတင်ပြသော လက်ရှိ AIIB President Mr. Jin Liqun အား ဒုတိယ (၅) နှစ်သက်တမ်းအတွက် ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် ဂါဗနာများက ထောက်ခံအတည်ပြုခဲ့ကြသည်။ (၆)ကြိမ်မြောက် AIIB ၏ နှစ်ပတ်လည်အစည်းအဝေးအား အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပရန် ဂါဗနာများက အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

AIIB ကို အာရှဒေသနှင့် စီးပွားရေးအရ ဆက်စပ်မှုရှိနေသော နိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုအတွက် အရေးကြီး လိုအပ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများအား ပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ် ဇွန် ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ စတင်တည်ထောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဘဏ်လုပ်ငန်းများအား စတင်ဆောင်ရွက်ခဲ့သည်။ ဘဏ်စတင်တည်ထောင်ချိန်၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၇ နိုင်ငံက Founding Members များအဖြစ် စတင်ဝင်ရောက်ခဲ့ကြရာ ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၂ နိုင်ငံ ရှိလာခဲ့ပြီဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအဖြစ် အဖွဲ့ဝင်နိုင်ငံများတွင် Projects ၈၇ ခု၌ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံထားပြီးဖြစ်သည်။

ထို့အပြင် AIIB သည် ကိုဗစ်-၁၉ ဖြစ်ပွားစဉ်ကာလအတွင်း Crisis ကြောင့်ထိခိုက်ခံရသည့် အဖွဲ့ဝင်နိုင်ငံများသို့ ချေးငွေများထုတ်ချေးနိုင်ရေးအတွက် ကနဦးအဖြစ် အမေရိကန်ဒေါ်လာ ၅ ဘီလီယံမှ ၁၀ ဘီလီယံအတွင်းရှိ AIIB COVID-19 Crisis Recovery Facility တည်ထောင်၍ အဖွဲ့ဝင်နိုင်ငံများသို့ ချေးငွေများ ပံ့ပိုးပေးသွားရန် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၆ ရက်က ကြေညာခဲ့ပြီးဖြစ်သည်။ ယင်း Facility အောက်တွင် ကမ္ဘာ့ဘဏ်၏ International Development Association (IDA) အဖွဲ့ဝင်ဖြစ်သည့် AIIB အဖွဲ့ဝင်နိုင်ငံများသို့ ချေးငွေများ ဦးစားပေးထုတ်ချေးနိုင်ရန် ကနဦးအဖြစ် အမေရိကန်ဒေါ်လာသန်း ၃၀ ရှိ Special Fund Window (SFW) တည်ထောင်၍ ချေးငွေများ ပံ့ပိုးပေးသွားရန် ၂၀၂၀ ပြည့်နှစ် မေ ၇ ရက်၌ ကြေညာခဲ့ပြီးဖြစ်သည်။

ယင်းနှစ်ပတ်လည် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ AIIB ၏ တွဲဖက်ဂါဗနာဖြစ်သူ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် AIIB ဘုတ်အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ တွဲဖက် ဒါရိုက်တာဖြစ်သူ ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးတို့ ပါဝင်တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်မြို့နယ် ဝဲခါကျေးရွာ မြေပြိုကျမှုဖြစ်စဉ်တွင် သေဆုံးသူမိသားစုဝင် ထိခိုက်လွယ်အုပ်စုများအား ပံ့ပိုးကူညီရန် တီမောလက်စတေနိုင်ငံအစိုးရနှင့် ပြည်သူပြည်သားများက အလှူငွေများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝဲခါကျေးရွာ ရတနာမြေတွင် ဖြစ်ပွားခဲ့သော မြေပြိုမှုကြောင့် အသက်ဘေးကြုံတွေ့ခဲ့ရသူများ၏ ကျန်ရစ်သော မိသားစုဝင်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိခိုက်လွယ်အုပ်စုဝင် မိသားစုဝင်များ (ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ)အတွက် ပံ့ပိုးကူညီရာတွင် အသုံးပြုနိုင်ရန် တီမောလက်စတေ နိုင်ငံအစိုးရနှင့် ပြည်သူပြည်သားများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၅ သိန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံနှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး(ယာပုံ) ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် လူဇင်ဘတ် ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီမှ စီမံကိန်းတာဝန်ခံနှင့်အဖွဲ့အား Video Conferencing ဖြင့် တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် လူဇင်ဘတ်နိုင်ငံ လူဇင်ဘတ်ဖွံ့ဖြိုးမှုအေဂျင်စီတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း MYA/001 ၏ ရန်ကုန်မြို့ရှိ Project Support Office မှ Chief Technical Coordinator ဖြစ်သူ Mr. Geert De Bruycker နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။ (ဝဲပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ အလွန်ကာလ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် Myanmar Tourism Strategic Recovery Road Map ကို ကျွမ်းကျင်ပညာရှင်များဖြင့် ရေးဆွဲရေးကို စီမံကိန်းမှ တာဝန်ယူဆောင်ရွက်ရေးနှင့် Road Map ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် အပြီးရေးဆွဲထုတ်ပြန်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားလိုကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကြုံတင်ကာကွယ်သည့်အနေဖြင့် သင်တန်းများကို On Campus သင်ကြားခြင်းအား ရပ်နားထားစဉ်ကာလအတွင်း Online မှတစ်ဆင့် သင်တန်းများ စီစဉ်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာန၏ Center for Tourism Development (CTD) ကို ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ CTD တွင် နည်းပြဆရာအဖြစ် သင်တန်းများ ဖွင့်လှစ်ပို့ချနေမှု အခြေအနေများကို ဆွေးနွေးမှာကြားရာ စီမံကိန်းတာဝန်ခံ Mr.Geert De Bruycker က လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ထံ တင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက Myanmar Tourism Strategic Recovery Road Map Guideline ရေးဆွဲထားရှိမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် လက်ရှိအခြေအနေအား ယေဘုယျ ခြုံငုံသုံးသပ်ချက် အကျဉ်းချုပ်

**နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဇူလိုင် (၂၈) ရက်**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဤ COVID–19 ကပ်ရောဂါကာကွယ် ထိန်းချုပ်ခဲ့ခြင်းလုပ်ငန်းကို ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကပ်ရောဂါဗေဒဆိုင်ရာ ရှုထောင့်၊ ကုသရေးပိုင်း ဆိုင်ရာရှုထောင့်၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားရှုထောင့်မျိုးစုံမှ ကြည့်ရှု၍ သုံးသပ်ပြီး ဆောင်ရွက်ခဲ့ပါသည်။
- ယင်းသို့ ကာကွယ်ထိန်းချုပ်ရာ၌ ဤကပ်ရောဂါ၏ ဖြစ်ပွားမှုပုံသဏ္ဌာန်၊ ကူးစက်ပြန့်ပွားမှုအရှိန်အဟုန်ပေါ် မူတည်၍ ထိန်းချုပ်ရေးလုပ်ငန်းများကို လိုအပ်သလို အားထည့်မှုပြုပြီး ပြောင်းလဲကျင့်သုံးကာ ဆောင်ရွက်ခဲ့ ပါသည်။
- ယခုအခါထိန်းချုပ်မှုများကို ဖြေလျှော့မှုများ ပြုလုပ်ရာ၌လည်း "စပရိန်တစ်ခုကို ဖိထားရာမှ ရုတ်ချည်းလွှတ် လိုက်ပါက တွန်းကန်ခုန်ထွက်သွားနိုင်သဖြင့် တစ်ဖြည်းဖြည်းသာ ဖိအားကို လျှော့ချရသည့် အလားသဏ္ဌာန်နှင့် တူစွာ" ရောဂါ၏ ဖြစ်ပွားမှုအရှိန်အဟုန်နှင့် ပျံ့နှံ့ကူးစက်မှုပေါ် မူတည်၍ ဖြေလျှော့မှုများကို တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်းလျှော့ချ၍ ဆောင်ရွက်လျက်ရှိပါသည်။
- ထိန်းချုပ်မှုကာလတစ်လျှောက်လုံး၌လည်း ချိန်သားကိုက် ပူးပေါင်းဆောင်ရွက်မှု (synchronized coor–dination)၊ အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်မျှဝေမှု (real time information sharing)၊ လျင်မြန် တုံ့ပြန်ဆောင်ရွက်မှု(quick response)၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာရှိမှု (health literacy of the population)တို့သည် အရေးကြီးသဖြင့် ၎င်းအချက်များကို နောက်ခံထားဆောင်ရွက်ကာ ထိန်းချုပ်မှုလုပ်ငန်းများကို ကျင့်သုံးလျက်ရှိပါသည်။
- ဤကပ်ရောဂါသည် ကမ္ဘာ့ကပ်ရောဂါဖြစ်သဖြင့် အစိုးရတစ်ရပ်လုံးချဉ်းကပ်မှု (whole–of–government appr–oach)၊ လူမှုအဖွဲ့အစည်းတစ်ရပ်လုံး ချဉ်းကပ်မှု (whole–of–society approach)၊ ပညာရပ် နယ်ပယ်စုံပါဝင်မှု (whole of discipline involvement)နှင့် ကဏ္ဍစုံပါဝင် ပေါင်းစပ်ချဉ်းကပ်မှု (sector wide approach) ပုံစံများ ကျင့်သုံး၍ ဆောင်ရွက်လျက်ရှိသည်သာမက COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုကိုခံယူကာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ယခုအချိန်၌ မိမိတို့ ဆောင်ရွက်နေမှု အခြေအနေအရပ်ရပ်အား စောင့်ကြည့်ဆန်းစစ်အကဲဖြတ်ခြင်းကို ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး အားနည်းချက်များနှင့် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။
- ကပ်ရောဂါတစ်ခု၌ ရောဂါဖြစ်ပွားမှု မြင့်တက်နေချိန်၊ တိုးခြင်းလျှော့ခြင်းမရှိ တန့်နေချိန်နှင့် ကျဆင်းနေချိန် (ascending, plateau and descending limb) ဟူ၍ ကပ်ရောဂါဂရပ် (epidemic curve) ရှိရာ ယခုအခြေအနေ၌ ဖြစ်ပွားမှုကျဆင်းနေသည့် အခြေအနေသို့ ရောက်ရှိနေပါသည်။
- ယခုအခါ ဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိသဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသော နိုင်ငံသားများ နိုင်ငံတွင်းသို့ တစ်နေ့တစ်ခြား များပြားစွာ ပြန်လည်ဝင်ရောက်လာခြင်း၊ စက်ရုံနှင့် အလုပ်ရုံများ ပြန်လည်လည်ပတ်လာခြင်း၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်လာခြင်း အစရှိသည် များကို ဖြေလျှော့မှုများဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ ညွှန်ကြားထားသည့် ဆောင်ရန် ရှောင်ရန်များကို တိကျစွာ လိုက်နာရန်လိုပါမည်။ မလိုက်နာပါက ကူးစက်မှုဒုတိယလှိုင်းဖြစ်လာမည် ဖြစ်ပါသည်။
- လာမည့် တစ်လ၊ နှစ်လ၊ သုံးလတာအချိန်ကာလအတွင်း၌ မိမိတို့နိုင်ငံတွင် ကူးစက်မှု ဒုတိယလှိုင်း မကျရောက် ပါကလည်း COVID–19 ဗိုင်းရပ်စ်ပိုးသည် ကမ္ဘာပေါ်တွင် ကူးစက်ဖြစ်ပွားမှုများ အနည်းငယ်နေ့ကွေးစွာဖြင့် ဆက်လက် ရှိနေဦးမည်ဖြစ်ပါသည်။ ထိုကဲ့သို့ COVID–19 ဗိုင်းရပ်စ်ပိုး ဆက်လက်တည်ရှိနေတော့မည့် အခြေအနေ သစ်တွင် မိမိတို့ပြည်သူများသည် ရောဂါကူးစက်ဖြစ်ပွားမှုမရှိအောင် နေ့စဉ်ပုံမှန်ဘဝ၌ မည်ကဲ့သို့ ဆက်လက် နေထိုင်သွားလာ၍ လုပ်ငန်းများ လုပ်ကိုင်ရမည်ကို ကြိုတင်စဉ်းစားပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါသစ်တစ်မျိုး တွေ့ရှိသည်ဟု သတင်းရရှိသည်နှင့် တစ်ပြိုင်နက်တည်း (၂၀၂၀) ပြည့်နှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှစ၍ ညွှန်ကြားချက်များ ချက်ချင်းထုတ်ပြန်၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဇန်နဝါရီ (၃၀) ရက်၌ COVID–19 ကို အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေ (Public Health Emergency of International Concern) အဖြစ် ကြေညာခဲ့ပြီး ကူးစက်ဖြစ်ပွားမှု ပုံသဏ္ဌာန်အလိုက် သက်ဆိုင်ရာနိုင်ငံများမှ ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို အကြံပြုတိုက်တွန်းချမှတ် ခဲ့ရာ မိမိတို့ မြန်မာနိုင်ငံနှင့် အကျုံးဝင်သည့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပြီး ဖြစ်နေပါသည်။
- ထို့အပြင် မတ်လ (၁၁) ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ COVID–19 အား ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ်ကြေညာပြီး ရောဂါဖြစ်ပွားမှုပုံသဏ္ဌာန်အရ သက်ဆိုင်ရာနိုင်ငံများမှ ဆောင်ရွက်သင့်သည့်အချက်များကို အကြံပြုပြောကြားခဲ့ရာ၌လည်း မြန်မာနိုင်ငံ၌ ထိုအချက် အားလုံးဆောင်ရွက်ပြီး ဖြစ်နေသည့်အခြေအနေတွင် ရှိခဲ့ပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID–19 ရောဂါဖြစ်ပွားသူ မတွေ့ရှိသေးခင် ကာလတွင် နေ့စဉ်အစည်းအဝေးများပြုလုပ်ကာ နိုင်ငံတကာမှ အခြေအနေများ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်ရမည့် လုပ်ငန်း များကို ရရှိသောအရင်းအမြစ်များဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။
- ဤရောဂါစတင်ဖြစ်ပွားချိန်၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် သိပ္ပံနည်းကျ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဌာနတွင်း ညွှန်ကြားချက် များကို ပြုစုထုတ်ဝေရခြင်း၊ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ သိရှိလိုက်နာရမည့် အကြောင်းအရာအချက် အလက်များကို အသိပေးထုတ်ပြန်ရခြင်း၊ COVID–19 လူနာများကို ကုသမှုပေးနိုင်ရန်အတွက် ဆေးရုံများကို အသင့်အနေအထားဖြစ်အောင် ပြင်ဆင်ရခြင်းများကို ဆောင်ရွက်ရသဖြင့် မိမိတို့ဝန်ကြီးဌာန၏ အခန်းကဏ္ဍသည် အထူးအရေးကြီးခဲ့ပါသည်။
- ရောဂါဖြစ်ပွားလာသည့် အချိန်ကာလကြာလာသည်နှင့်အမျှ အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရနှင့်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ အခန်းကဏ္ဍအရေးကြီးမှုသည် တစ်ဖြည်းဖြည်း မြင့်တက်လာပါသည်။ ယခုအချိန်ကာလ၌ ဤကပ်ရောဂါကို ဆက်လက်ပြီး အောင်မြင်စွာထိန်းချုပ်နိုင်ခြင်း ရှိ၊ မရှိဆိုသည်မှာ ပြည်သူလူထု၏ စိတ်ပါဝင်စားမှုနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်မှုအပေါ်၌ များစွာမူတည်နေပါသည်။
- (၂၄–၁–၂၀၂၀)ရက်နေ့မှစ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကုသရေးနှင့် ပြည်သူ့ကျန်းမာ ရေးဆိုင်ရာပညာရှင်များ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ၊ ရောဂါဗေဒပညာရှင်များ၊ ဓာတ်ခွဲပညာရှင်များ၊ သမားတော်ကြီးများ၊ ကူးစက်ရောဂါဗေဒ ဆရာဝန်များနှင့် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာညှိနှိုင်း အစည်းအဝေးများအပြင် ဆွေးနွေးပွဲများကို Videoconferencing ဖြင့် အစဉ်မပြတ် ပြုလုပ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ အခက်အခဲပြဿနာများကို ဖြေရှင်းပေးခြင်းနှင့် လမ်းညွှန်ချက် များပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ ပါဝင်သော Rapid Response Team များသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့သို့ သွားရောက်ပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ တွင် ပါဝင်အားဖြည့် ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။
- ကမ္ဘာ့နိုင်ငံများတွင် COVID–19 ရောဂါ ဖြစ်ပွား/သေဆုံးမှုအခြေအနေ၊ ရောဂါ၏ သဘောသဘာဝ (Epidemi–ological situation and natural history of COVID–19) ကို နေ့စဉ်လေ့လာသုံးသပ်စောင့်ကြပ်ကြည့်ရှုပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မိမိနိုင်ငံနှင့် သင့်တော်သောမဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းများ ချမှတ်ကျင့်သုံးခြင်းနှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။
- ယခုကဲ့သို့ COVID–19 ကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခဲ့ခြင်း၌ ပြည်ပမှ နိုင်ငံတွင်းသို့ ဝင်ပေါက် များဖြစ်သည့် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ နယ်စပ် ဝင်/ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ အဖွဲ့များနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးပရဟိတအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပြည်သူများအားလုံး၏ စုပေါင်းညီညာစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်မှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။
- ထို့အပြင် လူနာများအား ကုသမှုပေးရာတွင် အသုံးပြုရန် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ အသွားအလာ ကန့်သတ်ထားရှိရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည့်စေတနာရှင် အလှူရှင်များ၏ ပံ့ပိုးမှုများသည် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများတွင် များစွာအထောက်အကူပြု၍ အင်အားဖြစ်စေခဲ့ပါသည်။
- ယခုအချိန်၌ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍသည် အလွန်အရေးကြီးပြီး ရောဂါကာကွယ်ရေးနည်းလမ်း များကို လိုက်နာဆောင်ရွက်မှု ဆက်လက်မြင့်မားနေပါက ကူးစက်မှု ဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန် နည်းပါးမည် ဖြစ်ပါသည်။
- ရောဂါပိုး စတင်တွေ့ရှိသော (၂၃–၃–၂၀၂၀)မှ ယခု (၂၈–၇–၂၀၂၀) နံနက်ပိုင်းအထိ ပိုးတွေ့ လူနာ စုစုပေါင်း (၃၅၀)ဦး၊ အထူးကြပ်မတ်ကုသမှုခံယူခဲ့ရသူ (၂၀)ဦး၊ အသက်ရှူစက် အသုံးပြုခဲ့ရသူ (၅) ဦး၊ ရောဂါပိုးကင်းစင်လာသူ (၂၉၂) ဦးနှင့် သေဆုံးသူ (၆) ဦးရှိပါသည်။ ယခုလောလောဆယ်တွင် အထူးကြပ်မတ်ကုသဆောင်၌ ကုသပေး နေရသူနှင့် အသက်ရှူစက်အသုံးပြု၍ ကုသပေးနေရသူ မရှိပါ။
- မြန်မာနိုင်ငံတွင် တွေ့ရှိရသောရောဂါလက္ခဏာပြသသည့် COVID–19 လူနာများ (symptomatic casess)တွင် ချောင်းဆိုးခြင်း (၅၃%)၊ ဖျားနာခြင်း (၅၀%)၊ လည်ချောင်းနာခြင်း (၂၂%)၊ အသက်ရှူရခက်ခဲခြင်း (၁၉%) စသည့် လက္ခဏာများကို တွေ့ရှိရမှုများပြားပါသည်။
- သို့သော် မြန်မာနိုင်ငံ၌ ယနေ့အထိ တွေ့ရှိချက်အရ (၆၀) ရာခိုင်နှုန်းသော ပိုးတွေ့လူနာများ၌ ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိသည့် (asymptomatic)အချက်သည် အရေးကြီးပြီး ပြည်သူများအတွင်း၌ မည်မျှရှိနေနိုင်သည် ကို သိရှိနိုင်ရန်အတွက် ပေးအပ်ထားသော စွမ်းအားအရင်းအမြစ်ကို နောက်ခံထား၍ ဓာတ်ခွဲစစ်ဆေးမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဆေးသုတေသနဦးစီးဌာနအပြင်အခြားဓာတ်ခွဲခန်းများ (မော်လမြိုင်၊ မန္တလေး) တွင် ဇီဝလုံခြုံမှုအဆင့်အတန်း (Biosafety Level) မြှင့်တင်ပြီး ဓာတ်ခွဲစမ်းသပ်မှုများ ဆောင်ရွက် နိုင်ခြင်းသည် နိုင်ငံအတွက် အလွန်အကျိုးရှိပြီး မြင်သာသော တိုးတက်မှုဖြစ်ပါသည်။ မကြာမီကာလ၌ တောင်ကြီး မြို့တွင် COVID–19 ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို စတင်ပြုလုပ်တော့မည်ဖြစ်ပြီး လားရှိုးမြို့၌လည်း စစ်ဆေး နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ယခုလတ်တလောအချိန်၌ တွေ့ရှိရသောပိုးတွေ့လူနာများမှာ ပြည်ပမှ လေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် ဝင်ရောက်လာသူများဖြစ်သဖြင့် ၎င်းတို့အားလုံးကို အသွားအလာ ကန့်သတ်စောင့်ကြပ် ကြည့်ရှုရာနေရာများ၌ အထူးစနစ်တကျထားရှိ စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ယခုအချိန်အထိ ၎င်းတို့မှတစ်ဆင့် ထပ်မံကူးစက်မှုများ မရှိသေးပါ။
- မြန်မာနိုင်ငံ၌ ရောဂါပိုးစတင်တွေ့ရှိသည့်အချိန်မှ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၀)ဦး ၏ (၅၄%) ဖြစ်သော (၁၈၉) ဦးမှာ ပြည်ပနိုင်ငံများမှ နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများဖြစ်ပြီး ၎င်းလူနာများအနက် အိန္ဒိယ နိုင်ငံမှ ပြန်လာသူ (၆၄) ဦးနှင့် ယူအေအီးနိုင်ငံမှ ပြန်လာသူ (၁၅) ဦးတို့တွင် ရောဂါပိုးတွေ့ရှိရပါသည်။ ဓာတ်ခွဲ အတည်ပြုလူနာများအနက် (၃၉) ဦးသည် မြဝတီ နယ်စပ်ဝင်ပေါက်မှ လည်းကောင်း၊ (၁၁) ဦးသည် ရခိုင်ပြည်နယ်ရှိ နယ်စပ်ဝင်ပေါက်များမှလည်းကောင်း ဝင်ရောက်လာကြခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ တရားမဝင် ဝင်ပေါက် များမှ ဝင်ရောက်လာပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား သတင်းပေးပို့မှုမရှိပါက ရောဂါကူးစက်ဖြစ်ပွားမှုများ အစုလိုက် အပြုံလိုက်ဖြစ်ကာ ဒုတိယလှိုင်း ဝင်ရောက်လာနိုင်ပါသည်။
- ယခုလက်ရှိတွင် ထိုသို့ပြည်ပမှ ပြန်လာသူများအားလုံးကို အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း များကို လူမှုရေးအဖွဲ့အစည်းများနှင့်စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ နယ်စပ်ဒေသဝင်/ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအားလုံးကို သတ်မှတ်နေရာအဆောက်အဦများ၌ ထားရှိပြီး အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စနစ်တကျ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။
- သုတေသနတွေ့ရှိချက်များအရ အချို့နိုင်ငံများတွင် ဤဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇပြောင်းလဲလျက်ရှိနေသည်ကို လေ့လာတွေ့ရှိနေရပါသည်။ ဤဗိုင်းရပ်စ်ပိုး၏ သဘောသဘာဝအပြုအမူ (virological behavior) မှာလည်း ပြောင်းလဲလျက်ရှိသည်ဆိုသည့်အချက်ကို သိရှိရသဖြင့် ဤအချက်ကို မိမိတို့ ဂရုစိုက်ရကြမည်ဖြစ်ပါသည်။
- ထိုကဲ့သို့ပြောင်းလဲခြင်းသည် ကောင်းသောဘက်သို့ ပြောင်းလဲခြင်း (ရောဂါကူးစက်ပျံ့နှံ့နိုင်စွမ်း လျော့လာခြင်း၊ ရောဂါပြင်းထန်မှု အားလျော့လာခြင်း) ဖြစ်နိုင်သကဲ့သို့ ဆိုးသောဘက် (ပိုမိုကူးစက်လွယ်ခြင်း၊ ရောဂါပြင်းထန်မှု ပိုလာခြင်း) သို့ ပြောင်းလဲခြင်းလည်း ဖြစ်နိုင်ပါသည်။
- ယခုအခါ၌ သံသယလူနာ / စောင့်ကြည့်လူနာသည် ဧပြီလက တစ်ရက်လျှင် (၁၀၀)ဦး ဝန်းကျင် ရှိရာမှ ယခုအခါ (၃၀) ဦး ဝန်းကျင်သာရှိခြင်းသည် ပြည်သူများ၏ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက် ခြင်းကြောင့် ဖြစ်ပါသည်။
- မြန်မာနိုင်ငံ၌ ယခုအချိန်ထိ ဓါတ်ခွဲစစ်ဆေးမှုများအရ COVID–19 ပိုးတွေ့ရှိမှုနှုန်းမှာ ရောဂါရှိသူနှင့် ထိတွေ့မှု ရှိသူများတွင် (၃.၁) ရာခိုင်နှုန်း၊ သံသယ/ စောင့်ကြည့်လူနာများတွင် (၀.၈) ရာခိုင်နှုန်းနှင့် အသွားအလာကန့်သတ် ထားသူများတွင် (၀.၂)ရာခိုင်နှုန်းသာ တွေ့ရှိရပြီး ၎င်းတွေ့ရှိချက် ရာခိုင်နှုန်းသည်လည်း ပြောင်းလဲမှုမရှိသလောက် ဖြစ်သဖြင့် အခြေအနေမှာ တည်ငြိမ်လျက်ရှိပြီး ကောင်းသောသဘောကို ဆောင်နေပါသည်။
- COVID–19 လူနာများကိုကုသမှုပေးရာ၌ ရောဂါသက်သာပျောက်ကင်းသူများ၏ သွေးရည်ကြည် ကို အသုံးပြုပြီး သုတေသနပုံစံဖြင့် စမ်းသပ်ကုသခဲ့ရာ ထိရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။ ကုသရေးစီမံခန့်ခွဲမှုလုပ်ငန်း လမ်းညွှန် (Clinical Management Guideline) များကို အခြားနိုင်ငံများ၊ ရောဂါအခြေအနေပြောင်းလဲမှုပေါ် မူတည်၍ လိုအပ်သလို အမြဲပုံမှန်သုံးသပ်ပြင်ဆင်သွားမည် ဖြစ်ပါသည်။
- ယခုအခါ အသွားအလာကန့်သတ်ထားရှိသူနှင့် အသွားအလာကန့်သတ်ထားရှိရာနေရာ အဆောက်အဦအရေအတွက် များ တစ်နေ့တစ်ခြား ကျဆင်းလာလျက်ရှိသည်မှာလည်း ကောင်းမွန်သောလက္ခဏာတစ်ရပ် ဖြစ်ပါသည်။
- ယခုအချိန်ကာလသည် ရာသီတုပ်ကွေးကာလဖြစ်သော်လည်း (၂၉–၁၂–၂၀၁၉) မှစတင်၍ (၂၇–၇–၂၀၂၀)အထိ ဆေးရုံအခြေပြု တုပ်ကွေးဆန်သော ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်း (sentinel surveill–ance) အနေဖြင့်ဆောင်ရွက်စဉ် တုပ်ကွေးဆန်သော လက္ခဏာရှိသူ (၇၈၁) ဦးအား ဓာတ်ခွဲစစ်ဆေးချက်များအရ

*စာမျက်နှာ ၁၁ သို့*

# အစိုးရနှင့် NCA-S EAOs မှ UPDJC ကိုယ်စားလှယ်များနှင့် UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၈

အစိုးရနှင့် NCA–S EAOs (NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ) မှ UPDJC (ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ) ကိုယ်စားလှယ်များနှင့် UPDJC နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ်များ၏ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟို ဌာန (NRPC) တွင် ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးကိစ္စ၊ ပြည်ထောင်စုသဘောတူစာချုပ်အစိတ် အပိုင်း (၃) ချုပ်ဆိုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုအခြေအနေနှင့် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှုအခြေအနေများကို အစိုးရနှင့် NCA–S EAOs မှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြပြီးနောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းပြီး အစိုးရနှင့် NCA–S EAOs မှ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသို့ အစိုးရအစုအဖွဲ့မှ ဦးလှမောင်ရွှေ၊ ဦးပြုံး ချိုနှင့် ဦးဇော်ဌေး၊ NCA–S EAOs အစုအဖွဲ့မှ ဦးမျိုးဝင်း၊ စောမြရာဇာလင်းနှင့် နိုင်အောင်မငေး၊ UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးသုဝေ (ဒီမိုကရက်တစ် ပါတီ–မြန်မာ)၊ ဦးမြင့်စိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ တာလှဖေ (တအာင်း (ပလောင်) အမျိုးသားပါတီ)၊ ဦးသိန်းထွန်း (တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ)၊ ဦးအောင်ကြည်ညွန့် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဒေါက်တာအောင်မြတ်ဦး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဦးသာ ထွန်းလှ (ရခိုင်အမျိုးသားပါတီ)၊ ဦးခွန်ထွန်းရွှေ (ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ပါတီ)၊ ဦးလီပေါ်ရဲ (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ)၊ ဒေါ်ဒွဲဘူ (ကချင် ပြည်နယ်ပြည်သူ့ပါတီ)၊ နိုင်တလညီ (မွန်ညီညွတ်ရေးပါတီ)၊ ဒေါ်ရင်ရင်မေ (ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)၊ ဦးစောထွန်းအောင်မြင့် (ကရင် ပြည်သူ့ပါတီ)၊ ဦးညီပလုပ် ('ဝ' အမျိုးသားပါတီ)၊ စိုင်းနိုင်နိုင်ထွေး (ကယား ပြည်နယ် ဒီမိုကရက်တစ်ပါတီ)၊ ဦးစိုင်းငွေအောင် (တိုင်းလိုင် (ရှမ်းနီ) အမျိုးသား များ ဖွံ့ဖြိုးတိုးတက်ရေးပါတီ)၊ ဒေါ်အေးသီတာမြင့် (လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ)၊ ဦးစိုင်းအောင်မြင့်ခိုင် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီ)၊ ဆလိုင်းဂျင်မီရီဇာဘွေး (ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) နှင့် ဦးထွန်းအောင်(အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ) တို့ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ– ရဲခေါင်ညွန့်



# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အခြေခံပညာအထက်တန်း ကျောင်းများသို့ လက်ဆေးဆပ်ပြာရည်နှင့် လက်သန့်စင်ဆေးရည်များ ပေးအပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ နယ်စပ် ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း (လွိုင်ကော်)မှ ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိသော အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း သို့ ယနေ့ နံနက်ပိုင်းက ကယားပြည်နယ်ရုံးမှ ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးနှင့် အဖွဲ့သည် အဆိုပါကျောင်းမှ ကျောင်းအုပ်ထံသို့ ဦးစီးဌာနမှ လှူဒါန်းသော လက်ဆေးဆပ်ပြာရည် ဘူး ၅၀ နှင့် လက်သန့် စင်ဆေးရည်ဘူး ၅၀ တို့ကို ပေးအပ်လှူဒါန်း သည်။ **(ဝဲပုံ)**

အလားတူ ဝေးလံခေါင်ဖျားသည့်ဒေသများ ပါဝင်သော နယ်စပ်ဒေသတိုင်းရင်းသားလူငယ် များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို၊ မြစ်ကြီးနား–၁၊ မြစ်ကြီးနား–၂၊ ဗန်းမော်၊ ဟိုပင်၊ ဘားအံ၊ စစ်တွေ၊ မင်းတပ်–၁၊ မတူပီ၊ ကန်ပက် လက်၊ ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ မောင်တော) ကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိသော အခြေခံပညာအထက် တန်းကျောင်း ၁၅ ကျောင်းသို့ ငွေကျပ် ၂၆ သိန်း တန်ဖိုးရှိ လက်ဆေးဆပ်ပြာရည် ဘူး ၇၅၀ နှင့် လက်သန့်စင်ဆေးရည် ဘူး ၇၅၀ တို့ကို တာဝန် ရှိသူများက သက်ဆိုင်ရာ ကျောင်းများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၂၈

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြို့သစ်မြို့တွင် ၅ ဒသမ ၇၅ လက်မ၊ ငါန်းဇွန်(စိုက်ပျိုးရေး)တွင် ၂ ဒသမ ၈၃ လက်မ၊ ထီးလင်းမြို့တွင် ၂ ဒသမ ၇၀ လက်မ၊ တကောင်း(စိုက်ပျိုးရေး)တွင် ၂ ဒသမ ၅၄ လက်မ၊ လွိုင်လင်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မာန်အောင်မြို့ တွင် ၂ ဒသမ ၀၁ လက်မ၊ မိုးညှင်းမြို့နှင့် တောင်ကုတ် မြို့တို့တွင် ၁ ဒသမ ၉၃ လက်မစီ၊ ပြင်ဦးလွင်မြို့နှင့် ရေစကြိုမြို့တို့တွင် ၁ ဒသမ ၇၀ လက်မစီ၊ နမ့်စန်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ လွန်ကျော် (စိုက်ပျိုးရေးမိုးလေဝသ) တွင် ၁ ဒသမ ၅၀ လက်မ၊ ပခုက္ကူမြို့တွင် ၁ ဒသမ ၄၅ လက်မ နှင့် ကျောက်မဲမြို့၊ မိုးကုတ်မြို့နှင့် ဥက္ကံမြို့တို့တွင် ၁ ဒသမ ၃၈ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

Influenza B (၂) ဦး၊ Influenza A/H1N1 pdm 09 (၈) ဦး၊ Influenza H3N2 (၅) ဦး၊ စုစုပေါင်း တုပ်ကွေးရောဂါပိုး ရှိသူ (၁၅) ဦးသာ တွေ့ရှိရသဖြင့်လည်း တုပ်ကွေးရောဂါကပ်အသွင် ဖြစ်ပွားနိုင်သည့်အခြေအနေ မတွေ့ရှိရသေး သောကြောင့် ကောင်းသည့်အခြေအနေ ဖြစ်ပါသည်။

- သို့သော်လည်း ရောဂါဖြစ်ပွားမှုများပြား၊ သေဆုံးမှုများပြားနေသော တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံကြီးများအပါအဝင် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၌ ရောဂါဖြစ်ပွားနှင့် သေဆုံးမှုအခြေအနေများကို လေ့လာသုံးသပ်၍ မိမိတို့ အနေဖြင့် ဤကပ်ရောဂါ ကာကွယ်ထိန်းချုပ်မှုကို လုံးဝ (လုံးဝ) အားလျော့၍ မရပါ။
- ထို့ကြောင့် မိမိတို့သည် လူများပြားစွာတွေ့ဆုံခြင်းနှင့် တွေ့ဆုံချိန်ကြာမြင့်သည့် ကျောင်း၊ ဈေး၊ ဌာန၊ စက်ရုံ အလုပ်ရုံများ၌ နေထိုင်စဉ်၌ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ခြင်း၊ တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်းနှင့် လက်ဆေး ခြင်းတို့ကို မဖြစ်မနေပြုလုပ်ရဦးမည် ဖြစ်ပါသည်။
- ယခုအခါ စက်ရုံ/အလုပ်ရုံများတွင် သတ်မှတ်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများ အသုံးပြုနေခြင်း ရှိ/ မရှိ၊ ချမှတ်ထားသော စည်းကမ်းများလိုက်နာခြင်း ရှိ/မရှိကို ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်း (Regular Monitoring) ကို Checklist များ အသုံးပြုဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၌ (၂၁–၇–၂၀၂၀) ရက်နေ့မှ (၂၅–၇– ၂၀၂၀) ရက်နေ့ထိ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ လိုက်နာမှု အလွန်အားနည်းနေကြောင်း တွေ့ရှိရသည့် အတွက် သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနတို့နှင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- ပြည်သူများအနေဖြင့် ယခုအခါ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် ခပ်ခွာခွာနေထိုင်ခြင်းများကို လုပ်ဆောင်မှု အားနည်းနေသည်ကို တွေ့ရှိရသဖြင့် ရောဂါဒုတိယလှိုင်းကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်နေပါသည်။
- ရပ်ကွက်၊ ကျေးရွာများတွင် သက်ဆိုင်ရာမှ အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းကို တစ်နေ့ လျှင် (၅) ကြိမ် ဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ဆောင်မှုလျော့ရဲလာသည်ကိုလည်း တွေ့မြင်နေရသဖြင့် အဆိုပါ လုပ်ငန်းများကို ပြန်လည်အသက်သွင်း လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဦးဆောင်၍ အထူးသဖြင့် ဈေးကြီးများ၊ စူပါမားကတ်များ၊ စက်ရုံ/ အလုပ်ရုံများ လူဦးရေ ထူထပ်သည့်နေရာများ၌ အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းကို အနည်းဆုံး တစ်နေ့ (၃) ကြိမ် မပျက်မကွက် ပြုလုပ်ရန် လိုပါမည်။
- COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က ကဏ္ဍစုံမှ တာဝန်ရှိသူများ၊ ပြည်သူများနှင့် Video conferencing စနစ်ဖြင့် ဆွေးနွေးပြောကြားခြင်း သည် ပြည်သူများထံ တိုက်ရိုက်သတင်းစကားနှင့် ကျန်းမာရေးအသိပညာ၊ ရောဂါကာကွယ်ရေးနည်းလမ်းများ ရောက်ရှိစေခဲ့ပြီး ဤရောဂါထိန်းချုပ်ရာ၌ အလွန်ပင် အရေးပါသည့်အချက်ဖြစ်ပါသည်။
- မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ Video conferencing တွင် ပြောကြားမှာကြားချက် များနှင့် ပြည်သူများ၏ အကြံပြုချက်၊ ပြောကြားချက်များကို သေချာစွာ မှတ်ယူသုံးသပ်ပြီး COVID–19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။
- ကမ္ဘာတွင် COVID–19 ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများ အရှိန်မြင့်တက်လျက်ရှိသည်ကိုဆိုသောအချက်ကို နောက်ခံထား၍ မြန်မာနိုင်ငံပြည်သူများ လုံးဝမပေါ့ဆရန်မှာ နိုင်ငံ၏ အရေးကိစ္စသဖွယ် ဖြစ်နေပါသည်။
- ထို့ကြောင့် ပြည်သူများသည် လူများသည့်နေရာများသို့ သွားရောက်သည့်အခါ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင် ခြင်း၊ တတ်နိုင်သမျှ တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာနေထိုင်ခြင်း၊ ဆပ်ပြာနှင့် ရေကိုအသုံးပြု၍ စက္ကန့် (၂၀) ကြာ မကြာခဏလက်ဆေးခြင်းနှင့် မိမိနေအိမ်အနီးပတ်ဝန်းကျင်တွင် COVID–19 သံသယလက္ခဏာရှိသူများ တွေ့ရှိ ပါက၊ ပြည်ပမှ တရားမဝင်ပြန်လည်ဝင်ရောက်လာသူဟု ထင်မှတ်ပါက သက်ဆိုင်ရာသို့ မဖြစ်မနေအသိပေးခြင်း ကို ပြုလုပ်ရန် လိုအပ်ပါသည်။
- မြန်မာနိုင်ငံ ပြည်သူများ ရောဂါမရရှိစေရေးနှင့် သေဆုံးမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ ဝန်ထမ်းများသည် မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် သဘောထားကာ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းကာ အစွမ်းကုန်ကြိုးပမ်းလျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြည်သူများအား အသိပေးလိုပါသည်။
- ပြည်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ၊ နေ့စဉ်ပုံမှန်ဆောင်ရွက်နေရသော လုပ်ငန်းများကို ပုံမှန်အနေ အထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန်အတွက် ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာ ကာ ဝိုင်းဝန်းပံ့ပိုးပေးရန် အထူးလိုအပ်ပါသည်။
- ယခုအချိန်၌ COVID–19 ဒုတိယလှိုင်းအသွင် မဖြစ်ပွားစေရန်အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ဆောင်ရန် ရှောင်ရန်များကို အထူးကိစ္စရပ် အနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အရေးသဖွယ် သဘောထား၍ လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**




အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ရောဘတ်အိုဘရိုင်ယန်။

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမျိုးသားလုံခြုံရေးအကြံပေး ကိုဗစ်- ၁၉ ကူးစက်ခံရ

**ဝါရှင်တန် ဇူလိုင် ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေး ရောဘတ်အိုဘရိုင်ယန်တွင် ကိုဗစ် -၁၉ ရောဂါ စစ်ဆေးတွေ့ရှိသည်ဟု အိမ်ဖြူတော်က ဇူလိုင် ၂၇ ရက်တွင် ကြေညာလိုက်သည်။

၎င်းတွင် ရောဂါလက္ခဏာ မပြင်းထန်ကြောင်းနှင့် ၎င်းကိုယ်တိုင် သီးသန့်အသွားအလာကန့်သတ်နေထိုင်လျက်ရှိကြောင်း အိမ်ဖြူတော် ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့မှာ ဗိုင်းရပ်စ် ထိတွေ့နိုင်သည့်လက္ခဏာများ လုံးဝမရှိကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ကိုဗစ် -၁၉ ရောဂါစစ်ဆေးမှုများ အိုဘရိုင်ယန်ကို လုပ်ဆောင်ခဲ့ကြောင်း၊ အိုဘရိုင်ယန်သည် သမ္မတထရမ့်၏ ထိပ်တန်းအကြံပေးတစ်ဦးဖြစ်ကြောင်း၊ ကိုဗစ်- ၁၉ ကို အိမ်ဖြူတော်၏ အမြင့်ဆုံးရာထူးတာဝန် ထမ်းဆောင်နေသော အိုဘရိုင်ယန်တွင် တွေ့ရှိခဲ့ကြောင်း၊ ကိုဗစ် - ၁၉ သည် အမေရိကန်ပြည်ထောင်စုတွင် လူပေါင်း ၄ ဒသမ ၂ သန်းကျော် ကူးစက်ခဲ့ကြောင်းနှင့် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ၁၄၅၀၀၀ ကျော် ရှိလာကြောင်း သိရသည်။

မြောက်ပိုင်း ကာရိုလိုင်းနားကို ခရီးမထွက်ခင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များနှင့် တွေ့ဆုံမှုအတွင်း သူ့အနေဖြင့် အိုဘရိုင်ယန်ကို တွေ့ဆုံမှုမရှိခဲ့ကြောင်း ပြောကြားလိုက်သည်။

အိုဘရိုင်ယန်တွင် ကိုဗစ်- ၁၉ ကူးစက်ခံနေရသည်ကို မိမိအနေဖြင့် ကြားသိရသည်။ ထို့ကြောင့် သူ့ကို မတွေ့ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဖုန်းဆက်မည်ဖြစ်ကြောင်း သမ္မတထရမ့်က ပြောကြားလိုက်သည်။

အသက် ၅၄ နှစ်ရှိ အိုဘရိုင်ယန်သည် ရုံးမတက်သည်မှာ လွန်ခဲ့သော သီတင်းပတ်ကတည်းကဖြစ်ကြောင်း ဘလွန်းဘာ့ဂ်သတင်းတွင် ဖော်ပြခဲ့သည်။ ၎င်းသည် အိမ်ဖြူတော်မှ လွန်ခဲ့သော ကြာသပတေးနေ့ကတည်းက ထွက်ခွာခဲ့ကြောင်း စီအင်န်အင်န်သတင်းတွင်လည်း ဖော်ပြလိုက်သည်။

**အေအက်ဖ်ပီ**

## ကမ္ဘာ့တစ်ဝန်း ကိုဗစ်- ၁၉ကြောင့် သေဆုံးသူ ၆၅၀၀၀၀ ကျော်လာ

**ဝါရှင်တန် ဇူလိုင် ၂၈**

ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှုသည် ဇူလိုင် ၂၇ ရက်က ၆၅၀၀၀၀ ကျော် ရောက်ရှိလာခဲ့ကြောင်း၊ သေဆုံးသူအရေအတွက် သုံးပုံတစ်ပုံသည် ဥရောပမှဖြစ်ကြောင်း အေအက်ဖ်ပီ၏ တရားဝင်စာရင်းများကို ကိုးကားဖော်ပြချက်အရ သိရသည်။

လွန်ခဲ့သည့်နှစ်နှောင်းပိုင်း၌ တရုတ်နိုင်ငံတွင် စတင်ဖြစ်ပွားလာသော အဆိုပါ ကိုဗစ်- ၁၉ ကြောင့် လတ်တလောတွင် ကမ္ဘာတစ်ဝန်း သေဆုံးသူအရေအတွက် ၆၅၀၀၁၁ ဦး ရောက်ရှိလာခဲ့ပြီး ကူးစက်ခံရသူစုစုပေါင်း ၁၆၃၂၃၅၅၈ ဦး ရှိလာခဲ့သည်။ ၎င်းတို့ထဲတွင် ၉၁၉၀၃၄၅ ဦးမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။ ကိုဗစ်- ၁၉ ကြောင့် ကမ္ဘာ့သေဆုံးမှုနှုန်းသည် နှစ်လဆိုရုံကာလအတွင်းတွင် နှစ်ဆခန့် ရောက်ရှိလာခဲ့သည်။

ကမ္ဘာတစ်ဝန်းသက်ဆိုင်ရာ အရာရှိများသည် ဇူလိုင် ၂၇ ရက်က ကမ်းခြေများကို ပိတ်ခြင်း၊ အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်း အပါအဝင် တင်းကျပ်သည့် ကန့်သတ်မှုများကို ပြန်လည်ပြုလုပ်ခဲ့ကြသည်။ ဥရောပနိုင်ငံများသည်လည်း ကိုဗစ် -၁၉ ကြောင့် အသွားအလာကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ရာမှတစ်ဆင့် ထိခိုက်ခဲ့သော စီးပွားရေးများကို ပြန်လည်ပြုပြင်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိကြသည်။

လူသေဆုံးမှုနှုန်းတွင်လည်း အမေရိကန်က အမြင့်ဆုံးဖြစ်နေပြီး ၁၄၇၀၀၀ ကျော် သေဆုံးထားသည်။ ဘရာဇီးတွင်မူ ၈၇၀၀၀ သေဆုံးခဲ့ပြီး ဗြိတိန်တွင်မူ လူပေါင်း ၄၆၀၀၀ သေဆုံးခဲ့ရသည်။

**အေအက်ဖ်ပီ**

# ရွှေ့ပြောင်းနေထိုင်သူ ၉၄ ဦး မော်လ်တာနိုင်ငံသို့ ဆိုက်ရောက်

**ဗလက်ဒါ ဇူလိုင် ၂၇**

မော်လ်တာ လက်နက်ကိုင်တပ်ဖွဲ့၏ ကယ်တင်ခြင်းခံရသည့် ရွှေ့ပြောင်းနေထိုင်သူ ၉၄ ဦးသည် ဇူလိုင် ၂၇ ရက် ညနေပိုင်းက မော်လ်တာနိုင်ငံသို့ ရောက်ရှိသွားပြီဟု ဒေသတွင်း မီဒီယာများတွင် ဖော်ပြထားသည်။

ရွှေ့ပြောင်းနေထိုင်သူအုပ်စုတွင် အများစုမှာ အမျိုးသားများဖြစ်ပြီး အမျိုးသမီးငါးဦး ပါဝင်သည်။ ၎င်းတို့အားလုံးမှာ မည်သည့်နိုင်ငံသားများဖြစ်သည်ကိုမူ မသိရသေးပေ။ အဆိုပါ ရွှေ့ပြောင်း နေထိုင်သူများသည် သီတင်းတစ်ပတ်ကျော်ကြာ မော်လ်တာ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ဇရိယာတွင် ဆင်းရဲဒုက္ခခံစားခဲ့ရသည်။

ဥရောပသမဂ္ဂထံ အရေးပေါ်လိုင်းမှတစ်ဆင့် အကူအညီတောင်းခံမှုများ ပြုလုပ်ခဲ့ကြသည်။ အရေးပေါ်ခေါ်ဆိုမှုတစ်ခုတွင် ရွှေ့ပြောင်းနေထိုင်သူများ စီးလာသည့် ရော်ဘာလှေမှာ ဇူလိုင် ၂၅ ရက်တွင် ရေများစတင်ဝင်လာပြီး ရေပေါ်တွင်မျောနေကြောင်း၊ လှေပေါ်တွင် လူများပြည့်နေသည့်အတွက် အီတလီ အာဏာပိုင်များနှင့် မော်လ်တာအာဏာပိုင်များထံ အကြိမ်ကြိမ် အကူအညီတောင်းခံခဲ့ကြသည်။



သင်္ဘောပေါ်မှဆင်းရန် စောင့်ဆိုင်းနေကြသည့် ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

မော်လ်တာ အာဏာပိုင်များက ရွှေ့ပြောင်းနေထိုင်သူများ လိုက်ပါသည့်လှေနံဘေးတွင် အနီးကပ်စောင့်ကြည့်မှုပြုလုပ်ရန် လှေတစ်စင်းတောင်းခံခဲ့ကြောင်း၊ အဆိုပါလှေပေါ်မှတစ်ဆင့် ရွှေ့ပြောင်းနေထိုင်သူများအတွက်လိုအပ်သည်များကို ထောက်ပံ့မှုများ ပြုလုပ်ပေးကြောင်းနှင့် အေအက်ဖ်အမ်ရေယာဉ်က ရွှေ့ပြောင်းနေထိုင်သူများကို ကယ်တင်မှုများ မပြုလုပ်မီအချိန်အထိ ဆက်လက်စောင့်ကြည့်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ်အစောပိုင်းမှ စတင်ကာ မော်လ်တာနိုင်ငံတွင် ရွှေ့ပြောင်းနေထိုင်သူပေါင်း ၁၈၀၀ ဝန်းကျင်ကို လက်ခံခဲ့ကြောင်းသိရသည်။

**ဆင်ဟွာ**

# နျူကလီးယားလက်နက်က အမြဲတမ်းလုံခြုံရေးအတွက် အာမခံချက်ဖြစ်သည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းပြော

**ပြုံယမ်း ဇူလိုင် ၂၈**

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းက နျူကလီးယား လက်နက်ကို ပိုင်ဆိုင်ခြင်းအားဖြင့် နိုင်ငံ၏လုံခြုံရေးကို အမြဲအာမခံချက် ပေးနိုင်ကြောင်း ပြောကြားလိုက်သည်။

ဇူလိုင် ၂၈ ရက်ထုတ် မြောက်ကိုရီးယားအာဏာရပါတီ သတင်းစာဖြစ်သည့် ရိုဒေါင်ဆင်မန်က မြောက်ကိုရီးယားခေါင်းဆောင် ကင်သည် ကိုရီးယား စစ်ရပ်စဲရေးကာလ သဘောတူညီမှု နှစ်ပတ်လည်နေ့ဖြစ်သည့် ဇူလိုင် ၂၇ ရက်က စစ်မှုထမ်းဟောင်း အစည်းအဝေးတွင် မိန့်ခွန်းပြောကြားခဲ့ကြောင်း ဖော်ပြခဲ့သည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း

မြောက်ကိုရီးယားက အဆိုပါနေ့အား အမေရိကန်ကို အောင်မြင်ခဲ့သည့်နေ့အဖြစ် ခေါ်ဝေါ်ခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်သည် နျူကလီးယားလက်နက်ကို ပိုင်ဆိုင်ရန် ကြိုးစားနေကြောင်း၊ နျူကလီးယားလက်နက် ပိုင်ဆိုင်ခြင်းကသာ လက်နက်ကိုင်ပဋိပက္ခကို တွန်းလှန်နိုင်မည့် ခွန်အားဖြစ်ကြောင်း သတင်းဖော်ပြချက်အရ သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် ရန်လိုသောအဖွဲ့များ၏ မည်သည့် စစ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုမျိုးမဆို ကာကွယ်နိုင်စွမ်းရှိကြောင်း ကင်က ပြောကြားလိုက်သည်။

မိမိတို့၏ ယုံကြည်စိတ်ချသော မိမိကိုယ်မိမိ ကာကွယ်နိုင်သည့် နျူကလီးယားလက်နက်ရှိခြင်းကြောင့် မြောက်ကိုရီးယားနိုင်ငံတွင် မည်သည့် စစ်မှ ဖြစ်နိုင်စရာအကြောင်းမရှိတော့သလို မိမိတို့၏ အမျိုးသားလုံခြုံရေးနှင့် အနာဂတ်ကို အမြဲတမ်းအာမခံချက် ပေးနိုင်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောကြားသည်။

ကင်ဂျုံအန်းသည် ၂၀၁၈ ခုနှစ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် နျူကလီးယားကင်းစင်ရေး ရည်မှန်းချက်ဆီသို့ အတူလျှောက်လှမ်းရန် သဘောတူခဲ့သော်လည်း မြောက်ကိုရီးယားက ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် တောင်းဆိုရာမှစကာ နှစ်နိုင်ငံကြား ဆွေးနွေးမှုများသည် သောင်မတင် ရေမကျဖြစ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၃၉ ဦး ထပ်တွေ့

**ကွာလာလမ်ပူ ဇူလိုင် ၂၈**

မလေးရှားနိုင်ငံ၌ ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၃၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၈ ရက်တွင် ပြောကြားခဲ့သည်။ လက်ရှိတွင် မလေးရှားတစ်နိုင်ငံလုံး ကိုဗစ်- ၁၉ ကူးစက်ခံရသူအရေအတွက်စုစုပေါင်းမှာ ၈၉၄၃ ဦး ရှိပြီဖြစ်သည်။

ရောဂါကူးစက်ခံရသူ ၃၉ ဦးတွင် တစ်ဦးမှာ ပြည်ပမှ ကူးစက်ခံခဲ့ရခြင်းဖြစ်ပြီး ၂၈ ဦးမှာ ပြည်တွင်း၌ ဒေသခံပြည်သူအချင်းချင်းကြား ကူးစက်ခံရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အထွေထွေဒါရိုက်တာ နော်ဟီရှမ် အဗ္ဗဒူလ်လာက ပြောကြားခဲ့သည်။

ယင်းပမာဏသည် နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်မှုဖြစ်ပွားသည့် ဇွန်လလယ်ကတည်းကစတင်ကာ နေ့စဉ်ကူးစက်ခံရမှုအများဆုံး အရေအတွက်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ အချင်းချင်းကူးစက်ဖြစ်ပွားမှုအများစုမှာ မြောက်ဘော်နီယိုရှိ ဆာရာဝပ်ပြည်နယ်မှဖြစ်ပြီး အစုလိုက်ကူးစက်ဖြစ်ပွားမှု အများအပြားတွေ့ရှိခဲ့သည်။

အဆိုပါပြည်နယ်တွင် အစုလိုက်ကူးစက်ခံရမှုနှစ်ခုရှိကြောင်း အတည်ပြုခဲ့ပြီး တစ်ဦးမှာ ပြည်ပမှ ပြန်ရောက်လာပြီး နေအိမ်တွင် ကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သူဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# ရှားပါး သားရဲတိရစ္ဆာန်မျိုးစိတ်များ တရားမဝင်ရောင်းဝယ်မှုကို အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပူးပေါင်းကယ်ဆယ်



အင်ဒိုနီးရှားနိုင်ငံ စူမာတြားမြောက်ပိုင်းရှိ တောအုပ်တွင် ကျင်လည်ကျက်စားသည့် ရှားပါးမျောက်ဝံ မျိုးစိတ်တစ်ကောင်ကို တွေ့ရစဉ်။

**ဂျကာတာ ဇူလိုင် ၂၈**

အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နှစ်နိုင်ငံအတူ ပူးပေါင်းလျက် ရှားပါးသည့် သားရဲတိရစ္ဆာန်မျိုးစိတ်များကို နိုင်ငံတကာရှိ တရားမဝင် မှောင်ခိုရောင်းချနေမှုများမှ ကယ်ဆယ်ကာ အင်ဒိုနီးရှားနိုင်ငံရှိ ၎င်းတို့၏ စားကျက်မြေများဆီသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံသို့ မှောင်ခိုကူးခံခဲ့ရသည့် ရှားပါးသားရဲတိရစ္ဆာန်ကောင်ရေ ၉၁ ကောင်ကို အင်ဒိုနီးရှားနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၂၈ ရက်တွင် ပြောကြားခဲ့သည်။ မှောင်ခိုရောင်းချမှုမှ ကယ်ဆယ်ခဲ့သည့် တိရစ္ဆာန်များမှာ ရှားပါးနို့တိုက်သတ္တဝါများနှင့် တွားသွားသတ္တဝါများ ပါဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဇူလိုင် ၂၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ ဒါဗာအိုမြို့မှ သင်္ဘောဖြင့် တင်ဆောင်လာသည့် သားရဲတိရစ္ဆာန်များအသုတ်သည် အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူလာဝေစီပြည်နယ်ရှိ ဘီတန်ဆိပ်ကမ်းသို့ ရက်အနည်းငယ်အတွင်း ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အဆိုပါရှားပါးတိရစ္ဆာန်မျိုးစိတ်များကို ၎င်းတို့၏ စားကျက်မြေများဆီသို့ ပြန်မလွှတ်ပေးမီ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစင်တာ၌ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ တရားမဝင်မှောင်ခိုကူးမှုမှ ပြန်လည်ကယ်ဆယ်လာခဲ့သည့် ရှားပါးသားရဲတိရစ္ဆာန်မျိုးစိတ်များအနက် အများစုမှာ အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် သဘာဝအရ ကျင်လည် ကျက်စားသည့် တိရစ္ဆာန်များဖြစ်ကြကြောင်း သိရသည်။

ဆင်ဟွာ

# အမေရိကန်ကုမ္ပဏီများ ကိုဗစ် – ၁၉ ကာကွယ်ဆေးစမ်းသပ်မှု နောက်ဆုံးအဆင့်သို့ ရောက်လာ

**ဝါရှင်တန် ဇူလိုင် ၂၈**

အမေရိကန် ဇီဝနည်းပညာကုမ္ပဏီများဖြစ်သည့် Moderna Inc နှင့် Pfizer Inc တို့သည် လူပေါင်း ၃၀၀၀၀ စီပါဝင်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးစမ်းသပ်မှုတွင် နောက်ဆုံးအဆင့် စမ်းသပ်ချက်ကို စတင်လိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၂၇ ရက်တွင် ကြေညာခဲ့သည်။

အမေရိကန် သမ္မတထရမ့်အစိုးရအဖွဲ့က လာမည့် ဇန်နဝါရီလ အတွင်း ကူးစက်မြန် ကိုဗစ် – ၁၉ အတွက် ကာကွယ်ဆေးသန်းနှင့်ချီပြီး ထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေစဉ် ယခုလိုကြေညာမှု ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

Moderna Inc က ပထမအဆင့် ကာကွယ်ဆေးစမ်းသပ်မှုတွင် ပါဝင်သူ ၄၅ ဦးတွင် အားလုံးမှာ လုံခြုံစိတ်ချရမှုရှိပြီး ကိုယ်ခံအားစနစ်ကို လှုံ့ဆော်ပေးကြောင်း မည်သူတစ်ဦးတစ်ယောက်တွင်မှ ပြင်းထန်သည့် ဘေးထွက်ဆိုးကျိုး ခံစားရခြင်းမရှိကြောင်း အမေရိကန်ဆေးပညာဂျာနယ်တွင် ယခုလအစောပိုင်းက ဖော်ပြခဲ့သည်။




ဇီဝနည်းပညာကုမ္ပဏီ Moderna ဌာနချုပ်ကို တွေ့ရစဉ်။

အသက် ၁၈ နှစ်နှင့် အထက် စေတနာ့ဝန်ထမ်း ၃၀၀၀၀မှာ နောက်ဆုံးအဆင့် စမ်းသပ်မှုတွင်ပါဝင်ကြပြီး Moderna သည် လုံခြုံစိတ်ချရသည့် ကာကွယ်ဆေးထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း၊ ယခုစမ်းသပ်မှုပြုလုပ်နေသည့်ဆေးဝါးသည် ကိုဗစ်–၁၉ ကို အမှန်တကယ် ကာကွယ်ပေးနိုင်ခြင်း ရှိ မရှိ ဆုံးဖြတ်မည်ဖြစ်သည်။

တစ်နှစ်လျှင် ကာကွယ်ဆေးသန်းငါးရာ ထုတ်လုပ်ရန် ခန့်မှန်းထားပြီး တစ်ဘီလီယံအထိလည်း တိုးမြှင့်ထုတ်လုပ်သွားနိုင်ကြောင်း ကုမ္ပဏီက ပြောသည်။ ကာကွယ်ဆေးထုတ်လုပ်ရေးအစီအစဉ်အတွက် အမေရိကန်အစိုးရထံမှ ဒေါ်လာသန်း ၄၇၂ သန်း ရရှိမည်ဟုလည်း Moderna ကုမ္ပဏီက ပြောသည်။

ကျိုဒို

# ၂၀၂၀ ပြည့်နှစ်တွင် နစ်ဆန်းကုမ္ပဏီက အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော် အရှုံးပေါ်မည်ဟုခန့်မှန်း

**တိုကျို ဇူလိုင် ၂၈**

ကိုဗစ်– ၁၉ ကပ်ရောဂါ ကျရောက်မှုကြောင့် နစ်ဆန်းမော်တော်ကားကုမ္ပဏီအနေဖြင့် ပိုမိုကြီးစားရန်းကန်ရလျက်ရှိပြီး လက်ရှိဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော် အရှုံးပေါ်နိုင်မည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

ယခုနှစ်၏ ဧပြီလမှ ဇွန်လအထိ အတောအတွင်း နစ်ဆန်း၏ ဝင်ငွေဆုံးရှုံးမှုတန်ဖိုးမှာ ဂျပန်ယန်းငွေ ၂၈၅ ဒသမ ၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂ဒသမ ၇ ဘီလီယံ)ရှိကြောင်း သိရသည်။

တစ်နှစ်လုံးစာ ဝင်ငွေဆုံးရှုံးမှုပမာဏသည် ယန်းငွေ ၆၇၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံ)ရှိကြောင်း သိရသည်။ ယင်းပမာဏသည် ယခင်နှစ်က ဆုံးရှုံးမှုပမာဏနှင့် တူညီကြောင်း သိရသည်။

နစ်ဆန်း၏ ဝင်ငွေကျဆင်းမှုသည် မော်တော်ကားသစ်နှင့် မော်တော်ကားအစိတ်အပိုင်းများ အရောင်းကျဆင်းမှုကြောင့်သာမက အမေရိကန်၌ မော်တော်ယာဉ် ငှားရမ်းမှု ကျဆင်းသွားခြင်းကြောင့်လည်း ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် လေးလပတ်အတွင်း ကားပစ္စည်း အရောင်းကျဆင်းမှုကြောင့် နစ်ဆန်း၏ ဝင်ငွေဆုံးရှုံးမှု ယန်းငွေ ၈ ဒသမ ၈ ဘီလီယံ ရှိခဲ့ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ




# မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်

**ကွာလာလမ်ပူ ဇူလိုင် ၂၈**

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို အကျင့်ပျက်ခြစားမှုဖြင့် အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် မလေးရှားတရားရုံးက ၎င်းကို ထောင်ဒဏ် ၁၂နှစ်အထိ ကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ပြီး ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ နီးပါးပေးဆောင်ရန် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်သည် ယုံကြည်မှု ချိုးဖောက်ခဲ့မှု၊ ငွေကြေးခဝါချမှုနှင့် အာဏာအလွဲသုံးစားပြုလုပ်ခဲ့မှုတို့ဖြင့် ၎င်းအပေါ်စွဲချက်တင်ခဲ့မှုများတွင် အပြစ်မရှိကြောင်း လျှောက်လဲခဲ့သည်။ မလေးရှားတရားရုံးက ၎င်းကိုပြစ်ဒဏ်စီရင်ခဲ့မှုသည် မလေးရှားနိုင်ငံ၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်းမှုတစ်ရပ်ကို ဖော်ပြလိုက်သည့် လုပ်ဆောင်ချက်တစ်ခုအနေဖြင့် တွေ့မြင်ရသည်။

၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အသက် ၆၇ နှစ်ရှိ နာဂျစ်ကို အာဏာအလွဲသုံးစားလုပ်မှုဖြင့် ထောင်ဒဏ် ၁၂ နှစ် ပြစ်ဒဏ်ချမှတ်လိုက်ပြီး ယုံကြည်မှုချိုးဖောက်မှုသုံးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်စီ၊ ငွေကြေးခဝါချမှုသုံးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်စီ၊ ထို့အပြင် ဒဏ်ကြေးငွေ ရင်းဂစ်သန်း ၁၂၀ (အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၄ သန်း) ပြစ်ဒဏ်ချမှတ်လိုက်သည်။ သို့သော်လည်း နာဂျစ်အနေဖြင့် အဆိုပါပြစ်ဒဏ်များအားလုံးအတွက် ထောင်ဒဏ် ၁၂ နှစ် တစ်ပေါင်းတည်းကျခံစေရန်သာ အမိန့်ချမှတ်ခြင်းခံရသည်။

အေအက်ဖ်ပီ

# အီရန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် တစ်ရက်အတွင်းသေဆုံးသူ ၂၃၅ ဦးအထိရှိ

**တီဟီရန် ဇူလိုင် ၂၈**

အီရန်နိုင်ငံတွင် ဇူလိုင် ၂၈ ရက်က ကိုဗစ် – ၁၉ကြောင့် သေဆုံးသူ ၂၃၅ ဦး ရှိခဲ့ကြောင်း အရှေ့အလယ်ပိုင်းဒေသ၌ ကိုဗစ် – ၁၉ ကူးစက်မှုအမြင့်ဆုံး နိုင်ငံတစ်နိုင်ငံတွင် တစ်ရက်တည်း သေဆုံးမှု စံချိန်တင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ ၂၃၅ ဦး ရှိခဲ့ကြောင်း၊ ထို့ကြောင့် အီရန်နိုင်ငံတွင် ကိုဗစ်– ၁၉ကြောင့် သေဆုံးသူ ၁၆၁၄၇ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆီမာဆာဒတ်လာရီက ပြောသည်။

မြို့တော်တီဟီရန်မှာ ဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး အနီရောင်အဆင့်သို့ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် အီရန်ရှိ အခြေအနေမှာ စိုးရိမ်ဖွယ်ရာကောင်းကြောင်း လာရီကပြောကြားခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှု ပြင်းထန်ချိန်မှစတင်ကာ ယခုအချိန်သည် လူဦးရေထူထပ်သည့် တီဟီရန်မြို့အတွက် အနီရောင်အဆင့်သို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တင်းကျပ်သည့် စည်းမျဉ်းများကို ချမှတ်သွားရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။

အီရန်နိုင်ငံတွင် ကိုဗစ်– ၁၉ ကို ဖေဖော်ဝါရီလအတွင်းမှ စတင်ကာ တွေ့ရှိခဲ့ပြီးနောက် ကာကွယ်နိုင်ရေးကြိုးပမ်းခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ် ဇူလိုင် ၂၁ ရက်ကလည်း သေဆုံးသူ ၂၂၉ ဦးအထိ ရှိခဲ့သည်။ မြို့တော်တီဟီရန်အပါအဝင် ဗိုင်းရပ်စ်ကူးစက်မှုမြင့်သည့် ပြည်နယ်များတွင် အများပြည်သူနှင့် သက်ဆိုင်သည့် ကန့်သတ်ထားသည့် နေရာများ၌ နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရန် အစိုးရက အမိန့်ထုတ်ခဲ့သည်။

အေအက်ဖ်ပီ

## နိုင်ငံတကာ သတင်းတိုထွာ

### ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရမှု ၈၃၀၀၀ ကျော်ရှိလာ

**မနီလာ ဇူလိုင် ၂၈**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ခံရမှုမှာ ဇူလိုင် ၂၇ ရက်တွင် နောက်ထပ် ၁၆၇၈ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် စုစုပေါင်းကူးစက်ခံရသူပေါင်း ၈၃၆၇၃ ဦးအထိ ရှိလာပြီဟု ကျန်းမာရေးဌာနက ကြေညာခဲ့သည်။

ရောဂါကူးစက်ခံရသူ ၁၇၃ ဦးမှာ ပြန်လည်ကျန်းမာလာပြီးနောက် စုစုပေါင်းပြန်လည် ကျန်းမာလာသူအရေအတွက်မှာ ၂၆၆၁၇ ဦးအထိ ရှိလာပြီဟု ကျန်းမာရေးဌာနမှ တာဝန်ရှိသူက ပြောသည်။

ကိုဗစ်- ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ နောက်ထပ်လေးဦးတိုးလာသည့်အတွက် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၁၉၄၇ ဦးအထိ ရှိလာခဲ့သည်။ ယခုအချိန်မျိုးတွင် စီးပွားရေးလုပ်ငန်းများ နောက်ထပ်ဖွင့်ခွင့်ပေးရန်မသင့်သေးကြောင်း တိုင်းပြည်တွင် အသွားအလာကန့်သတ်ထားမှုများနှင့် ကိုဗစ် –၁၉နှင့် ပတ်သက်သည့် ထိန်းချုပ်မှုများကို ဖြေလျှော့ပေးရန် အဆင်သင့် မဖြစ်သေးကြောင်း ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ဇူလိုင် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ဆင်ဟွာ

### ပါလက်စတိုင်းတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၃၃၃ ဦး ထပ်မံတွေ့ရှိ

**ရမ်မလာ ဇူလိုင် ၂၈**

အနောက်ဘက်ကမ်းနှင့် ဂျေရုဆလင်အရှေ့ပိုင်းတို့တွင် ဇူလိုင် ၂၇ ရက်က ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၃၃၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ပါလက်စတိုင်းနယ်မြေတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ စုစုပေါင်းအရေအတွက်မှာ ၁၃၄၅၇ ဦး အထိ ရှိလာခဲ့သည်။

၎င်းတို့မှ ၈၀ သည် ကိုဗစ်–၁၉ ကြောင့် သေဆုံးခဲ့ပြီး ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၄၉၈၁ ဦးအထိ ရှိသည်ဟု ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ဆင်ဟွာသို့ ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း နယ်မြေများတွင် ကိုဗစ်- ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၇၆၉ ဦး အထိရှိကြောင်း ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၁၃ ဦးရှိပြီး ၎င်းတို့ထဲမှ နှစ်ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ထားရသည်။

ပါလက်စတိုင်းရှိ ဟီဘွန်ခရိုင်မှာ ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်နေပြီး လတ်တလောတွင်မူ ကိုဗစ်- ၁၉ ကူးစက်မှုနှုန်း လျော့ကျလာကြောင်း သိရသည်။

ဆင်ဟွာ

# လက်သန့်ဆေးရည်အဖြစ် အဆုံးသတ်ရတော့မည့် တန်ဖိုးကြီးဝိုင်များ

**ခြူးစန္ဒီနွေး**

ဝိုင်တွေထည့်ထားတဲ့ စည်ပိုင်းကို တင်ဆောင်လာတဲ့ယာဉ်ဟာ အရက်ချက်စက်ရုံဆီကို ဦးတည်ပြီး မောင်းနှင်လာပါတယ်။ အရက်ချက်စက်ရုံတွေဆီ ဝိုင်တွေပို့လိုက်ဖို့ဆိုတာ အရင်သီတင်းပတ်တွေကတည်းက ချခဲ့တဲ့ဆုံးဖြတ်ချက် တစ်ခုပါ။



လက်သန့်ဆေးရည်အဖြစ် ပြောင်းလဲထုတ်လုပ်ရန် Jerome Mader ဝိုင်များအား တင်ဆောင်လာသည်ကို တွေ့ရစဉ်။

## ရှေ့ဆက်ဘာလုပ်ရမလဲ

ဝိုင်ထုတ်လုပ်သူတွေဟာ စိတ်မကောင်းခြင်းကြီးစွာနဲ့ပဲ ဒီဆုံးဖြတ်ချက်ကို ချခဲ့ရပါတယ်။ မကြာခင်မှာပဲ ဒီဝိုင်တွေဟာ လက်သန့်ဆေးရည်အဖြစ် ပြောင်းလဲသွားတော့မှာပါ။ ဝိုင်ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ အသက် ၃၈ နှစ်အရွယ် ဂျရိုမိုမာဒါကတော့ သူ့ဆီက ဝိုင်တွေကို အရက်ချက်စက်ရုံဆီ ပေးပို့လိုက်ပြီလို့ ပြောပါတယ်။

ရှေ့ဆက်ပြီး ဘာလုပ်ရမလဲဆိုတာကို ဒီထက်ပိုပြီးလည်း မတွေးတတ်တော့ဘူးလို့ တိတ်ဆိတ်စွာပဲ ပြောပြပါတယ်။ ပြင်သစ်နိုင်ငံမှာရှိတဲ့ အခြားသော ဝိုင်ထုတ်လုပ်ရေးဒေသတွေမှာလည်း ထောင်နဲ့ချီတဲ့ ဝိုင်ထုတ်လုပ်သူတွေဟာ အလားတူအဖြစ်အပျက်မျိုးနဲ့ ကြုံတွေ့နေရပါတယ်။

## ဝိုင်ဈေးကွက်ပြိုလဲ

ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ် – ၁၉ ကြောင့် စီးပွားရေးထိခိုက်ရတဲ့အထဲမှာ ဝိုင်လုပ်ငန်းတွေလည်း အပါအဝင်ပါပဲ။ ဒီကြားထဲ သမ္မတ ထရမ့်ရဲ့ အခွန်စည်းကြပ်မှုကြောင့် အခြေအနေ ပိုမိုဆိုးရွားစေခဲ့ပါတယ်။

အမေရိကန်သမ္မတ ထရမ့်ဟာ ဥရောပနဲ့ ကုန်သွယ်ရေး အငြင်းပွားမှုအတွင်းမှာ ပြင်သစ်ဝိုင်တွေအပေါ် အခွန်စည်းကြပ်မှု ၂၅ ရာခိုင်နှုန်းအထိ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုမျိုး အဘက်ဘက်က ရိုက်ခတ်မှုတွေကြောင့် ဝိုင်ဈေးကွက်လည်း ပြိုလဲရတာပါပဲ။

## သိုလှောင်စရာ နေရာမရှိတော့

မစ္စတာမာဒါကတော့ အရည်အသွေးကောင်းတဲ့ ဝိုင်တွေကို အတ္တလန္တစ်မှာရှိတဲ့ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေကို တင်ပို့တဲ့ လုပ်ငန်းရှင်တစ်ဦးပါ။

အခုတော့ သူဒီဈေးကွက်ကို ပြီးခဲ့တဲ့ ဒီဇင်ဘာကတည်းက ဆုံးရှုံးခဲ့လိုက်ရပါတယ်။ ကိုဗစ် – ၁၉ ဆိုတာ ကျွန်တော်တို့အတွက်တော့ ကြီးမားလှတဲ့ကပ်ဘေးကြီးတစ်ခုပါလို့ သူက ဆက်ပြောပါတယ်။

ဒေသတွင်း ကျော်ကြားလှတဲ့ ဝိုင်ဖြူဟာ လက်သန့်ဆေးရည်အဖြစ်သာ နိဂုံးချုပ်ရပါတော့မယ်။ အခြားသော ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းရှင်တွေလိုပါပဲ မစ္စတာမာဒါရဲ့ မြေတိုက်ခန်းထဲမှာ ဝိုင်တွေ သိုလှောင်ထားစရာနေရာ မရှိတော့ပါဘူး။ မြေတိုက်ထဲမှာ မရောင်းရတဲ့ဝိုင်တွေနဲ့ ပြည့်နေတာကြောင့် နောက်ထပ်ရောက်လာမယ့် ဝိုင်တွေအတွက် ထားစရာနေရာ မရှိတော့ပါဘူး။

## တစ်ခုတည်းသော ရွေးချယ်မှု

မရောင်းရဘဲနဲ့ ထပ်ပြီးသိုလှောင်ထားဖို့ ဆိုတာ မဖြစ်နိုင်တော့ဘူးလို့ သူက ဆက်ပြောပါတယ်။ ၂၀၂၀ ကောက်ရိတ်သိမ်းချိန်မှာတော့ အရင်ကထက် သီးနှံတွေဟာ ပိုကောင်းနေတယ်။ ဒါပေမယ့်လည်း ဝိုင်စည်တွေ ထပ်မံထုတ်လုပ်နိုင်ခြင်းတော့ မရှိတော့ဘူး။ ဒီဝိုင်တွေကို အရက်ချက်စက်ရုံတွေဆီ ပို့လိုက်တာဟာ တစ်ခုတည်းသော ရွေးချယ်မှု ဖြစ်လာခဲ့ပါတယ်။

## တိတ်ဆိတ်နေကြ

မနက်တိုင်း မနက်တိုင်းမှာ အရက်ချက်စက်ရုံက မော်တော်ကားမောင်းသူဟာ ဝိုင်ထုတ်လုပ်သူတွေဆီကို သွားတယ်။ သူသွားတိုင်း လုပ်ငန်းရှင်အချို့ဟာ စကားတောင်ပြန်မပြောနိုင်အောင် တိတ်ဆိတ်နေကြတယ်။

ဘာလို့လဲဆိုရင် သူတို့ လက်သန့်ဆေးရည်ဖန်တီးဖို့ အရက်ချက်စက်ရုံကို ပေးပို့လိုက်ရတဲ့ ဝိုင်တွေဟာ စီးပွားရေးအရ တန်ဖိုးရှိတဲ့ပစ္စည်းတွေ ဖြစ်နေလို့ပါပဲလို့ ယာဉ်မောင်းတစ်ဦးဖြစ်တဲ့ လူးကက်စ်နီရက်က ပြောပါတယ်။

## ရွေးချယ်စရာမရှိတော့

ရောင်းနိုင်တာထက်ပိုပြီး ထုတ်လုပ်မိခဲ့ကြတယ်လို့ ဝိုင်ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ သီဘော့စပတ်က ပြောပါတယ်။ အခုအခါမှာတော့ ကျွန်တော်တို့မှာ ဘာမှရွေးချယ်စရာမရှိတော့ဘူးလို့ သူက ဆက်ပြောပါတယ်။ ဒိုမိန်းဘောရက်ဆုကတော့ သူ့မိသားစုပိုင် ဝိုင်လုပ်ငန်းက ၃၀ ရာခိုင်နှုန်းသော ဝိုင်တွေကို အရက်ချက်စက်ရုံတွေဆီ ပို့လိုက်ရပါတယ်။

ဒီဝိုင်တွေကို ထုတ်လုပ်ခဲ့တုန်းက ဒီလိုမျိုး အဆုံးသတ်သွားရလိမ့်မယ်လို့ တစ်ခါမှ မတွေးမိခဲ့ဘူးလို့ သူက ဆက်ပြောပါတယ်။ နှစ်ချို့ဝိုင်တွေကို ဒီလိုနည်းနဲ့ သုံးဖြုန်းပစ်ရမယ်လို့ သူတို့ မထင်ခဲ့ကြပါဘူး။ အဲဆက် တစ်ခုတည်းမှာပဲ ဝိုင်လီတာပေါင်း ခြောက်သန်း၊ ဂါလန်အားဖြင့် ၁ ဒသမ ၅ သန်းဟာ ဒီနည်းအတိုင်းပဲ အဆုံးသတ်သွားရပါတယ်။

## နေရာလွတ်မရှိတော့

မစ္စတာ မာဒါကတော့ သူ့ရဲ့ ဝိုင်ထုတ်လုပ်ရေးကနေ ၁၅ ရာခိုင်နှုန်းသော ဝိုင်တွေကို အရက်ချက်စက်ရုံတွေ ပေးပို့ခဲ့ရပါတယ်။ အရက်ချက်ခြင်းနဲ့ ပေါင်းခံခြင်းလုပ်ငန်းတွေကို တရစပ်လုပ်နေရတယ်လို့ ကုမ္ပဏီဒါရိုက်တာ အာဝင်ဘာရူးရက်က ပြောပါတယ်။

"ဝိုင်ထုတ်လုပ်သူတွေအတွက်တော့ တကယ့်ကို စိတ်မကောင်းစရာပါပဲ။ သူတို့သိုလှောင်ထားရတဲ့ ပမာဏဟာ အလွန်ပဲများနေတော့ ဝိုင်ထုတ်လုပ်သူတွေလည်း ဒီထက်ပိုပြီး နေရာလွတ်မရှိတော့ဘူး။ ဒီနှစ်အတွက် ကောက်ရိတ်သိမ်းချိန်ကလည်း စောလွန်းသွားတယ်" လို့ သူက ဆက်ပြောပါတယ်။

## အစိုးရရဲ့ကူညီမှု

ပြင်သစ်အစိုးရကတော့ တန်ဖိုးရှိလှတဲ့ ဝိုင်ယဉ်ကျေးမှုအတွက် စိုးရိမ်ပူပန်နေကြရပါတယ်။ အဲဒီအတွက်ကြောင့်မို့ အချို့သော ဝိုင်ထုတ်လုပ်သူ ၅၀၀၀ ကို ထောက်ပံ့ကြေးနဲ့ နစ်နာကြေးပေးတာမျိုးတွေ လုပ်ကိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း တစ်လီတာကို တစ်ဒေါ်လာအောက် နည်းတဲ့ဈေးနဲ့ ဈေးဖြတ်ခဲ့ရပါတယ်။

> **"ပြင်သစ်အစိုးရကတော့ တန်ဖိုးရှိလှတဲ့ ဝိုင်ယဉ်ကျေးမှုအတွက် စိုးရိမ်ပူပန်နေကြရပါတယ်။ အဲဒီအတွက်ကြောင့်မို့ အချို့သော ဝိုင်ထုတ်လုပ်သူ ၅၀၀၀ ကို ထောက်ပံ့ကြေးနဲ့ နစ်နာကြေးပေးတာမျိုးတွေ လုပ်ကိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း တစ်လီတာကို တစ်ဒေါ်လာအောက်နည်းတဲ့ ဈေးနဲ့ ဈေးဖြတ်ခဲ့ရပါတယ်"**

ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဂီယိုကလောက်စ်ကတော့ သူ့ရဲ့ မြေတိုက်ခန်းသိုလှောင်ရုံဟာ ပေါက်ကွဲလုမတတ်ပြည့်နေပြီလို့ ပြောပါတယ်။

ဒီဝိုင်တွေကိုသာ ဖြုန်းမပစ်နိုင်ဘူးဆိုရင် စားသောက်မှုအတွက်လည်း အခက်တွေ့လာမယ်။ ဒီအခြေအနေမျိုးနဲ့ကြုံရတာဟာ တကယ့်ကို ဝမ်းနည်းစရာပဲ။ လုပ်ငန်းလည်ပတ်ဖို့တော့ သင့်တော်တဲ့ ဝင်ငွေရဖို့ မလွယ်တော့ဘူးလို့ သူက ဆက်ပြောပါတယ်။

## အတားအဆီးများရှိနေ

၂၀၀၉ခုနှစ်တုန်းကလည်း ဘဏ္ဍာရေးပြိုလဲမှုဖြစ်စဉ်ကြောင့် အလားတူဖြစ်ရပ်မျိုး ကြုံတွေ့ဖူးပေမယ့် အဲဆက်ဒေသမှာတော့ ဒါဟာ ပထမဆုံးအကြိမ် အကျပ်ရိုက်ခြင်းလို့ ပြောရင်လည်း မမှားပါဘူး။

ကိုဗစ်– ၁၉ ကြောင့် စီးပွားရေးအခြေအနေ ဆိုးရတဲ့အထဲ ထရမ့်ရဲ့ အခွန်စည်းကြပ်မှုတွေကြောင့် ပြည်ပကို တင်ပို့ဖို့ဆိုတာလည်း အတားအဆီးတွေရှိနေပြီး အမေရိကန် ဈေးကွက် ကတော့ အပိတ်ခံထားရတယ်။ ပြင်သစ်နိုင်ငံအပြင်ဘက်ကို နည်းနည်းလောက်ပဲ ပစ္စည်းထုတ်လို့ရနေတယ်လို့ လွတ်လပ်သော ဝိုင်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဖရန်စစ်ဘက်ကက်က ပြောပါတယ်။ ဆိုင်တွေကလည်း ပိတ်ထားရသလို ပြည်ပကို တင်ပို့ဖို့ကလည်း အပိတ်ခံထားရတယ်လို့ သူက ဆက်ပြောပါတယ်။ ဝိုင်လက်ကားရောင်းချသူတွေဟာလည်း ၇၀ ရာခိုင်နှုန်း ဝိုင်ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

## စိတ်ဓာတ်ရေးရာပါ ပြိုလဲ

ငွေရေးကြေးရေးအရ ဆုံးရှုံးမှုတင်မကပါဘူး။ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာလည်း ပြိုပျက်ကုန်ပါတယ်။ အခုဆိုရင် ဝိုင်လုပ်ငန်းရှင်တွေဟာ သူတို့လုပ်ငန်းနဲ့ပတ်သက်ပြီး ဘာမှသိပ်မပြောချင်ကြတော့ပါဘူး။

ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး မေးမြန်းမှုတွေကို အချို့သော ဝိုင်ထုတ်လုပ်သူတွေဟာ မဖြေချင်ကြပါဘူး။ ဝိုင်လုပ်ငန်းရှင် အချို့ဟာ သူတို့ရဲ့ဝိုင်တွေကို အရက်ချက်စက်ရုံဆီပို့ပစ်ဖို့ အတော်လေး စဉ်းစားခဲ့ကြပါတယ်။

ဈေးကွက် တစ်နေ့ကောင်းလာနိုး၊ ကောင်းလာနိုးနဲ့ မနက်ဖြန်တွေကို မျှော်လင့်ခဲ့ကြပါတယ်။ မတတ်သာတဲ့အဆုံးမှာတော့ ဒီဆုံးဖြတ်ချက်ကို ချလိုက်ရတာပါ။ အဲဆက်ဒေသမှာရှိတဲ့ ဝိုင်ထုတ်လုပ်သူတွေအတွက်တော့ ဒီအချိန်ဟာ စိတ်ထိခိုက်ကြေကွဲရဆုံးအချိန်ပါပဲ။ ။ **ကိုးကား– နယူးယောက်တိုင်းမ်**



## ဆန်းသစ် တီထွင်

ယခုအခြေအနေတွင် စိန်ခေါ်မှုကြီးသည်နှင့်အမျှ စဉ်းစားစရာများလည်း များလာပါကြောင်း၊ လိုအပ်ချက် သည် တီထွင်ခြင်း၏ မိခင်ဖြစ်သည်ဆိုသည့် စကားအရ လိုအပ်လာသည့်အခါ ဆန်းသစ်တီထွင်နိုင်သည့် မိမိတို့ဦးနှောက်မှ ပို၍ အလုပ်လုပ်လာပါကြောင်း၊ ဆန်းသစ်ရမည်၊ တီထွင်ရမည်၊ ရှိပြီးသားအရင်း အမြစ်များကို မည်သို့ပိုပြီး တန်ဖိုးရှိအောင် မိမိအတွက်၊ ကမ္ဘာအတွက်ပါ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတွင် ကိုယ့်နိုင်ငံထီးထီးကြီးရှိသည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် တချို့နိုင်ငံများ၌ ယခုအချိန်တွင် စားသောက်ကုန် ပစ္စည်းတစ်ခု လိုအပ်လာလျှင် မူအရ ရောင်းနိုင်မည်ဆိုပါက ရောင်းရ မည်ဖြစ်ပါကြောင်း၊ ကိုယ်ပေးနိုင်သလောက် ရောင်းနိုင်သလောက် ရောင်းရမည်ဖြစ်ပါကြောင်း၊ သူတစ်ပါး ဒုက္ခရောက်ချိန်၊ အခက်အခဲဖြစ်နေချိန်တွင် ပံ့ပိုးကူညီရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကူညီမှုသည် လူသားချင်းစာနာထောက်ထားမှုလည်းဖြစ်သလို ကမ္ဘာ့လူသားများကြားတွင် ဆက်ဆံရေးအတွက် လည်းကောင်းပါကြောင်း၊ နောင်ရေရှည်တွင်လည်း ကံ၊ ကံ၏ အကျိုးအတိုင်း မိမိ၏ စေတနာသည် ပြန်အကျိုးပေးမည်ဟု ယုံကြည်ပါကြောင်း။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၆-၂၀၂၀ ရက်နေ့တွင် COVID -19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် Unicef အဖွဲ့တို့မှ တာဝန်ရှိသူများက မွန်ပြည်နယ်တွင် Mobile Device များအသုံးပြု၍ ဖွားသေစာရင်းဖြည့်စွက်ခြင်း စီမံချက် ဆောင်ရွက်ထားရှိမှုကို လာရောက်ရှင်းလင်းတင်ပြ



**နေပြည်တော် ဇူလိုင် ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ထံ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် Unicef အဖွဲ့တို့မှ တာဝန်ရှိသူများက မွန်ပြည်နယ်တွင် Mobile Device များအသုံးပြု၍ ဖွားသေစာရင်းဖြည့်စွက်ခြင်းစီမံချက် ဆောင်ရွက်ထားရှိမှုများကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ လာရောက်ရှင်းလင်းတင်ပြသည်။

ရှေးဦးစွာ Unicef အဖွဲ့မှ Social Policy Specialist ဒေါ်ဂယ်လီယန် စန်းစန်းအေးက မွန်ပြည်နယ်တွင် Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်)များအသုံးပြု၍ ဖွားသေစာရင်းဖြည့်စွက်ခြင်း စီမံချက် ဆောင်ရွက်မှုနှင့်ပတ်သက်၍ Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များ အသုံးပြု၍ ဖွားသေစာရင်း ဖြည့်စွက်ခြင်းဆိုင်ရာ သင်တန်းများနှင့် မွမ်းမံသင်တန်းများ ဆောင်ရွက်ခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ခဲ့မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆေးရုံများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများထံ ဖြန့်ဝေထားသော Mobile Tablet များကို အသုံးပြုကာ ယခုအခါ မွန်ပြည်နယ်မှ မြို့နယ်အားလုံးရှိ ဆေးရုံနှင့်ကျန်းမာရေးဌာနများတွင် Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များ အသုံးပြု၍ ဖွားသေစာရင်း ဖြည့်စွက်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် သက်သေခံလက်မှတ်များထုတ်ပေးနေမှု၊ သားဖွားဆရာမများနှင့် ဆေးရုံများမှ ဖြည့်စွက်ထားသော စာရင်းများသည် အင်တာနက် ကွန်ရက်အသုံးပြုကာ သက်ဆိုင်ရာမြို့နယ်ဆေးရုံနှင့် ဗဟိုအဆင့်သို့ တိုက်ရိုက်ရောက်ရှိသွားရန် ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုကို ဆန်းစစ်သုံးသပ်မှု (evaluation) ပြုလုပ်ကာ အားနည်းချက်များကို အားဖြည့်ဆောင်ရွက်ခဲ့မှု၊ ရှေ့လုပ်ငန်းများအနေဖြင့် မွန်ပြည်နယ်တွင် ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများကိုရယူကာ နိုင်ငံတစ်ဝန်းလုံးတွင် တိုးချဲ့ဆောင်ရွက်ရန်နှင့် ဖွားသေစာရင်းများကို စာရွက်ဖြင့် ဖြည့်စွက်ခြင်းကို မလုပ်ဆောင်တော့ဘဲ Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များအသုံးပြု၍ ဖြည့်စွက်ခြင်းကိုသာ လုပ်ဆောင်ရန်တို့ကို ဓာတ်ပုံမှတ်တမ်းများ၊ စာရင်းဇယားများ၊ ဖွားသေစာရင်း ဖြည့်စွက်မှုပုံစံများနှင့် တကွ ရှင်းလင်းတင်ပြသည်။

ထို့နောက် Unicef အဖွဲ့မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. June Kunugi က Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်)များအသုံးပြု၍ ဖွားသေစာရင်း ဖြည့်စွက်ခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် Unicef အဖွဲ့တို့ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ COVID-19 ဖြစ်ပွားမှုများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ကာ ကာကွယ်ဆေးထိုး လုပ်ငန်းများကို ခေတ္တခြောက်ပတ်တာ ကာလခန့်သာ ရပ်ဆိုင်းခဲ့ပြီး ပြန်လည်ဆောင်ရွက်နိုင်ခဲ့မှုသည် ကလေးများအတွက် များစွာအကျိုးရှိပါကြောင်း ပြောကြားသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ယခုစီမံချက်အား ဆန်းစစ်သုံးသပ်ခြင်းလုပ်ငန်းများပြုလုပ်ကာ အားနည်းချက်များ ဖော်ထုတ်ခြင်း၊ အားဖြည့်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်မှုမှာ ကောင်းမွန်ပြီး ကိန်းဂဏန်းများဖြင့် ဆန်းစစ်လေ့လာမှုသာမက စကားစုများဖြင့် ဆန်းစစ်လေ့လာမှုကိုပါ ပြုလုပ်စေလိုပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ ရေရှည်တည်တံ့ရန်အတွက် စောင့်ကြည့်အကဲဖြတ်ဆန်းစစ်အဖွဲ့တစ်ခုကို ဝန်ကြီးဌာနမှ ဖွဲ့စည်းပြီး ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များ အသုံးပြုစာရင်းဖြည့်စွက်ရာတွင် မွေးဖွားသည့်ကလေးငယ်တွင် မွေးရာပါ ချို့ယွင်းချက်များ ရှိ၊ မရှိ အချက်နှင့် မိခင်အနေဖြင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို အကြိမ်ရေ မည်မျှခံယူခဲ့မှုအချက်များကိုပါ ထည့်သွင်းစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၂ ခုမှ တိုက်နယ်နှင့် မြို့နယ်ဆရာဝန်များနှင့် အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများထံ Mobile Tablet များ ဖြန့်ဝေထားပြီးဖြစ်သဖြင့် မိမိတို့အနေဖြင့် ဤစီမံချက်ကို တိုးချဲ့ကာ တစ်ပြည်လုံးအတိုင်းအတာအထိ ရရှိအောင် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဖွားသေစာရင်းများကို စာရွက်ဖြင့် ဖြည့်စွက်ခြင်းကို မလုပ်ဆောင်တော့ဘဲ Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များ အသုံးပြု၍ ဖြည့်စွက်ခြင်းကိုသာ ကူးပြောင်းလုပ်ဆောင်ရန် အတွက် ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ကာ အသေးစိတ် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ဆွေးနွေးပွဲတွင် ဝန်ကြီးဌာနမှ မိခင်ကျန်းမာရေးဌာနခွဲ၊ ကလေးကျန်းမာရေးဌာနခွဲ၊ eHealth Unit ၊ ကျန်းမာရေး သတင်းအချက်အလက်ဌာနခွဲတို့မှ တာဝန်ရှိသူများ၊ ဖွားသေစာရင်းများ ဖြည့်စွက်ကြီးကြပ်ရသည့် ဆေးရုံအုပ်များနှင့် သားဖွားဆရာမများ ပါဝင်တက်ရောက်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးစန်းမြင့်တို့က Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များ အသုံးပြု၍ ဖွားသေစာရင်း ဖြည့်စွက်ရာတွင် လည်းကောင်း၊ သက်သေခံလက်မှတ်များ ထုတ်ပေးရာတွင်လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်တွေ့မြေပြင်၌ ဆောင်ရွက်ရာတွင် အမှန်တကယ်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို ဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ အီလက်ထရွန်နစ်စနစ်ဖြင့် ဖြည့်စွက်ထားသော စာရင်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့တွင် အချက်အလက်များ သိမ်းဆည်းရာတွင် လုံခြုံစိတ်ချမှုရှိစေရေးအတွက် အရန် data server များ ထားရှိဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဒေါ်အေးအေးစိန်နှင့် ညွှန်ကြားရေးမှူး (ကျန်းမာရေးသတင်းအချက်အလက်) ဒေါက်တာစန်းဟုန်တို့က Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များ အသုံးပြု၍ ဖွားသေစာရင်းဖြည့်စွက်ရာတွင် မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်း (Civil Registration and Vital Statistics) စနစ်အပါအဝင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စာရင်းအချက်အလက်စနစ်များနှင့် ကိုက်ညီတူညီမှု ရှိစေရေးနှင့် ပိုမိုပြည့်စုံကောင်းမွန်စေရေးအတွက် သေဆုံးမှုစာရင်းများ ဖြည့်စွက်ရာတွင် သေဆုံးရသည့် အကြောင်းရင်းကို နိုင်ငံတကာတွင်အသုံးပြုသည့် ICD-11 နှင့် ကိုက်ညီမှုရှိစေရေးတို့ကို အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသူများက အထွေထွေဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၇-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၃၇၂) ခုတွင်
- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၇-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၅၈၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၀၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊ စုစုပေါင်း (၁,၁၈၃)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

၃။ (၂၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၅၀) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၇-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၂) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၈-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၁၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၂) ခု၊
- စုစုပေါင်း (၉၁၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁၇) ခု |
| (၂၈-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၇) ခု |
| (၂၈-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၂) ခု |
| (၂၈-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၂။ (၂၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၅၀) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁) ဦး (Case- 320) ရှိသဖြင့် စုစုပေါင်း (၂၉၃) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၇၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၇-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၈-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၈) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၉၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# ရန်ကုန်မြို့ရှိ ဘုရားစေတီအချို့ ပြန်လည်ဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၂၈**

ကိုဗစ်–၁၉ ရောဂါကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများကို ယာယီပိတ်ထားရာမှ ဇူလိုင် ၃၀ ရက်မှစတင်၍ ကျန်းမာရေးသတ်မှတ်ချက်လိုက်နာမှုနှင့်အတူ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်နှင့် အခြားသော ဘုရား၊ စေတီများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဘုရားဖူးပြည်သူများ လိုက်နာရမည့် ကျန်းမာရေးသတ်မှတ်ချက်များနှင့် ဘုရား၊ စေတီများမှ လိုက်နာဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက "ယနေ့မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းအဖွဲ့က ဘုရားမှာလာပြီး ကျန်းမာရေးသတ်မှတ်ချက်လုပ်ဆောင်ထားမှုနဲ့ပတ်သက်လို့ လာရောက်စစ်ဆေးပြီးတော့ ဇူလိုင် ၃၀ ရက်မှာ ပြန်လည်ဖွင့်လှစ်ဖို့ ခွင့်ပြုခဲ့ပါတယ်။ ရွှေတိဂုံစေတီတော်မှအပ ဆူးလေ၊ စွယ်တော်၊ ကျောက်တော်ကြီးနဲ့ အခြားသော စေတီ၊ ဘုရားတွေလည်း ပြန်ဖွင့်ဖို့ရှိပါတယ်။ ဗိုလ်တထောင်စေတီတော်က ပြုပြင်ဆောင်ရွက်မှုအပိုင်း လုပ်နေတဲ့အတွက် ပြန်မဖွင့်နိုင်သေးတာပါ"ဟု ပြောသည်။

ကမ္ဘာအေးစေတီတော်မြတ်ကို ကိုဗစ်–၁၉ ကာလတွင် မတ်လ၌ ဖွင့်လှစ်ချိန်ကို လျှော့ချခဲ့ပြီး ဧပြီ ၁၀ ရက် မှစ၍ ယာယီပိတ်ခဲ့ရာ ဇူလိုင် ၃၀ ရက်တွင် နံနက် ၅ နာရီမှ ည ၉ နာရီအထိ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊စေတီတော်မြတ်အတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်းများ တပ်ဆင်ရမည်ဖြစ်ပြီး လက်ဆေးကန်များကို ဝင်ပေါက်တိုင်းတွင် စီမံထားရှိလျက် အပူချိန်တိုင်းစက်ဖြင့် တိုင်းတာကာ လူစုလူဝေးမဖြစ်စေရန် သတ်မှတ်ထားသော အကွာအဝေးအတိုင်း လိုက်နာဖူးမြော်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးဝန်ထမ်းများက လက်ကိုင်အသံချဲ့စက်ဖြင့် ကျန်းမာရေးအတွက် သတ်မှတ်စည်းကမ်းများလိုက်နာရန် အသိပေးမည်ဖြစ်ကာ နိုင်ငံခြားသားဘုရားဖူးများအတွက်လည်း သီးခြားနေရာ သတ်မှတ်ထားကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်မြတ်ဖွင့်လှစ်ရန် ပြင်ဆင်နေမှုနှင့်ပတ်သက်၍ ရွှေတိဂုံစေတီတော်ဂေါပကရုံးလုပ်ငန်းဌာနမှ ဦးနေလင်းက " ပြန်ဖွင့်တဲ့အထဲမှာ ရွှေတိဂုံစေတီတော် မပါသေးဘူး။ စေတီတော်ရင်ပြင်တော်မှာ ကျန်းမာရေးဆောင်ရွက်ချက်တွေကို လုပ်ဆောင်နေကြပါတယ်" ဟု ပြောသည်။

**သစ္စာ**

✻ *ကျောဖုံးမှ*

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေး အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသား စုစုပေါင်း ၉၁၀၅ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID - 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၈**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၂၃၈၁ | ၃၅၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၉၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၇၁၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၇၈ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၇ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၅၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈-၇-၂၀၂၀ ရက်၊ ည (၈) နာရီ




## ၂၈-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၄၃၄၁၈၅ | ၂၁၃၇၉၅၉ | ၁၅၀၅၀၀ |
| ၂။ | ဘရာဇီး | ၂၄၄၆၃၉၇ | ၁၆၆၇၆၆၇ | ၈၇၇၃၇ |
| ၃။ | အိန္ဒိယ | ၁၄၉၃၉၀၄ | ၉၅၇၀၄၄ | ၃၃၅၃၇ |
| ၄။ | ရုရှား | ၈၂၃၅၁၅ | ၆၁၂၂၁၇ | ၁၃၅၀၄ |
| ၅။ | တောင်အာဖရိက | ၄၅၂၅၂၉ | ၂၇၄၉၂၅ | ၇၀၆၇ |
| ၆။ | မက္ကဆီကို | ၃၉၅၄၈၉ | ၂၅၆၇၇၇ | ၄၄၀၂၂ |
| ၇။ | ပီရူး | ၃၈၉၇၁၇ | ၂၇၂၅၄၇ | ၁၈၄၁၈ |
| ၈။ | ချီလီ | ၃၄၇၉၂၃ | ၃၁၉၉၅၄ | ၉၁၈၇ |
| ၉။ | စပိန် | ၃၂၅၈၆၂ | စိစစ်ဆဲ | ၂၈၄၃၄ |
| ၁၀။ | ဗြိတိန် | ၃၀၀၁၁၁ | စိစစ်ဆဲ | ၄၅၇၅၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈- ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၂၀၅၁ | ၆၀၅၃၉ | ၄၉၀၁ |
| ဖိလစ်ပိုင် | ၈၃၆၇၃ | ၂၆၆၁၇ | ၁၉၄၇ |
| စင်ကာပူ | ၅၁၁၉၇ | ၄၅၆၉၂ | ၂၇ |
| မလေးရှား | ၈၉၄၃ | ၈၆၀၇ | ၁၂၄ |
| ထိုင်း | ၃၂၉၇ | ၃၁၁၁ | ၅၈ |
| ဗီယက်နမ် | ၄၃၈ | ၃၆၉ | ၀ |
| မြန်မာ | ၃၅၀ | ၂၉၃ | ၆ |
| ကမ္ဘောဒီးယား | ၂၂၆ | ၁၄၇ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

( ခ ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

( ဂ ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် စနစ်တကျမကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၂၉ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၈

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၂၉ ဦးသည် မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ



၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ယနေ့ ဇူလိုင် ၂၈ ရက်အထိ ၁၇၆၆၄ ဦး စုစုပေါင်း ၅၄၆၈၂ ဦးတို့ ပြန်လည် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၈၈ ဦး၊ အမျိုးသမီး ၁၄၁ ဦး စုစုပေါင်း ၃၂၉ ဦးဖြစ်ကာ သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် စေတနာ့ဝန်ထမ်းများအား နိုင်ငံတော်မှပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်

**ကော့သောင်း ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ပြန်လည်ထူထောင်ရေးဂေဟာတွင်ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခဲ့သည့် စေတနာ့ဝန်ထမ်းများအား နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းနှင့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်ခဲ့သည့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုး၍ ပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခဲ့သည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းခြောက်ဖွဲ့အတွက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးသို့ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက စေတနာ့ဝန်ထမ်း ၃၁၂ ဦးအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးအောင်သူရက စေတနာ့ဝန်ထမ်းများအတွက် ရင်ထိုးတံဆိပ်၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များကို လည်းကောင်း၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်ရောက်ခဲ့သည့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များကို ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ကြပြီး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)



# ဗြိတိသျှကောင်စီစာကြည့်တိုက်သို့ ကိုဗစ် - ၁၉ ကျန်းမာရေးလိုက်နာမှုဖြင့်သာ ဝင်ရောက်ခွင့်ပြု

**ရန်ကုန် ဇူလိုင် ၂၈**

ကိုဗစ် – ၁၉ ရောဂါကြောင့် ပိတ်ထားခဲ့သော ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်နှစ်ခုကို လက်ရှိတွင် ပြန်လည်ဖွင့်လှစ်ရာ၌ စာကြည့်တိုက်အတွင်းသို့ အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လက်အိတ်တပ်ဆင်ခြင်းတို့ ပြုလုပ်ပြီးမှ ဝင်ရောက်ခွင့်ပြုကြောင်း သိရသည်။

စာကြည့်တိုက်တွင် လာရောက်အသုံးပြုမည့်ရက်နှင့် အချိန်ကိုလည်း ကြိုတင်ရက်ချိန်း ယူရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်အတွင်း တစ်ကြိမ်ဝင်ရောက်ရန် အသင်းဝင်ဦးရေကို ကန့်သတ်ထားပြီး စာကြည့်တိုက်အတွင်း အသုံးပြုမည့်အချိန်ကိုလည်း ကန့်သတ်ထားကြောင်း၊ လာရောက်သူများအနေဖြင့် ခရီးသွားရာဇဝင် ရှိမရှိ၊ အသွားအလာကန့်သတ်ခံထားရမှု ရှိ မရှိနှင့် အခြားသော ကျန်းမာရေးဆိုင်ရာတို့ကို ပုံစံစာရွက်တွင် ဖြည့်ပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ဗြိတိသျှကောင်စီစာကြည့်တိုက်မှ သိရသည်။



ရန်ကုန်မြို့ရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်သို့ ကိုဗစ် – ၁၉ ကျန်းမာရေးလိုက်နာမှုဖြင့် ပြည်သူများလာရောက်စဉ်။

စာကြည့်တိုက်အတွင်း တစ်ဦးနှင့်တစ်ဦး နှစ်မီတာအကွာ သတ်မှတ်ထားပြီး ပုံမှန်ဆောင်ရွက်နေသော သန့်ရှင်းရေးထက် ထပ်တိုးဆောင်ရွက်ကာ အသင်းဝင်များအနေဖြင့် မိတ်ဆွေခေါ်ဆောင်ခြင်းနှင့် စာကြည့်တိုက်အတွင်းထိုင်၍ဖတ်ခြင်းကို တားမြစ်ထားသည်။ စာအုပ်ငှားခြင်း၊ စာအုပ်ဖတ်ခြင်းနှင့် အသင်းဝင်ခြင်းကိုသာ ဝန်ဆောင်မှုပေးလျက်ရှိရာ မြန်မာနိုင်ငံတွင် နေရာမရွေးအသုံးပြုနိုင်သော ဒစ်ဂျစ်တယ်စာကြည့်တိုက်ဝန်ဆောင်မှုမှ ebook audio book၊ ရုပ်ပြကာတွန်း၊ တီဗွီအစီအစဉ်များနှင့် မဂ္ဂဇင်း၊ ဂျာနယ်များကို စုံလင်စွာဖတ်ရှုနိုင်လျက် ဒစ်ဂျစ်တယ် စာကြည့်တိုက်နှင့် သက်ဆိုင်သော အကြောင်းအရာများကို website တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။

သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၂၇ ဦး လွှဲပြောင်းလက်ခံ

**ချင်းရွှေဟော် ဇူလိုင် ၂၈**

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၂၇ ဦးအား ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ် နမ့်ဖာဟော်တံတားပေါ်တွင် လွှဲပြောင်းပေးအပ်ခဲ့ရာ ယနေ့ နံနက် ၁၁ နာရီက ၂၄ ဦးနှင့် မွန်းလွဲ ၃ နာရီက သုံးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၇ ဦးအား ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းလာသော မြန်မာနိုင်ငံသား အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၇ ဦးသည် တရုတ်နိုင်ငံဘက်ခြမ်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရသော ပြည်သူများဖြစ်ပြီး ၎င်းတို့အား တရုတ်နိုင်ငံ နယ်ခြားစောင့်၊ လူဝင်မှုစစ်ဆေးရေးဌာနမှ ရဲမှူးလော်ခေး ဦးဆောင်သောအဖွဲ့မှ လွှဲပြောင်းခဲ့ရာ ချင်းရွှေဟော် နယ်စပ်စစ်ဆေးရေးစခန်းမှ ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်လက်ခံခဲ့သည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၂၇ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ ၎င်းတို့၏ အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်တို့ကိုရယူ၍ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှု ရှိ/ မရှိ ဓာတ်ခွဲစစ်ဆေးပြီး ဓာတ်ခွဲအဖြေထွက်ချိန်အထိ ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ခေတ္တထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းနေရပ်ပြန်ပြည်သူ ၂၇ ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှတစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ တစ်ဦး၊ ကချင်ပြည်နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်မှ ကိုးဦးနှင့် ရခိုင်ပြည်နယ်မှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

# ကိုဗစ်-၁၉ ကာလ တောင်သူများ ကုန်ကျစရိတ်သက်သာစေရန် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေး

**ပဲခူး ဇူလိုင် ၂၈**

ပဲခူးမြို့နယ် ဘုရားကြီးမြို့ ပေါက်တောကျေးရွာ ကွင်းအမှတ်(၅၃၂) စနစ်ကျလယ်ယာမြေ ဧက ၁၀၀ ကွင်းရှိ တောင်သူ သုံးဦး ပိုင်ဆိုင်သော လယ်မြေ ၁၀ ဧကတွင် မိုးစပါးများ စိုက်ပျိုးနိုင်ရန် အမှတ် (၃၁) စက်မှုလယ်ယာစခန်းမှ Covid – 19 Economic Relief Plan (CERP) အရ ကောက်စိုက်စက်ဖြင့် ဇူလိုင် ၂၇ ရက်က စိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။



"ကိုဗစ်ကာလမှာ တောင်သူတွေအနေနဲ့ ဝင်ငွေထိခိုက်ပြီး စီးပွားရေးအရ အခက်အခဲတွေရှိနေတယ်။ နောက်တစ်ခုက လယ်ယာလုပ်သားရှားပါးမှုနဲ့ ငှားရမ်းစရိတ်တွေကြီးမြင့်လို့ ကုန်ကျစရိတ်တွေ များတယ်။ ဒါကြောင့် ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနက စီးပွားရေးကုစားမှုအနေနဲ့သော်လည်းကောင်း၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အနေနဲ့ အကုန်အကျသက်သာပြီး အခုလို ခေတ်မီကောက်စိုက်စက်တွေကို အသုံးပြုဆောင်ရွက်နိုင်အောင် ဝန်ထမ်းတွေနဲ့ ပျိုးထောင်တာ၊ သယ်ယူတာ၊ စိုက်ပျိုးတာတွေ အကုန်လုံးဆောင်ရွက်ပေးပါတယ်။ စနစ်တကျ စက်နဲ့စိုက်ပျိုးတာဖြစ်လို့ ပင်ကြားတန်းကြားညီတယ်။ လေဝင်လေထွက်ကောင်းမွန်ပြီး နေရောင်ခြည်ရရှိမှု ညီမျှတဲ့အတွက် ပင်ပွားနှုန်းကောင်းတယ်။ စပါးထွက်နှုန်းကောင်းမွန်နိုင်မယ်။ အချိန်တိုအတွင်း လုပ်ငန်းတွေ ပြီးစီးနိုင်ပါတယ်" ဟု မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဌေးအောင်က ရှင်းလင်းပြောကြားသည်။

ကိုလွင်(ဆွာ)

# သထုံခရိုင်အတွင်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းနှင့် Cash For Work စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

မွန်ပြည်နယ် ကျိုက်ထို မြို့နယ်၊ ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်နှင့် ပေါင်မြို့နယ်ရှိ ကျေးရွာများတွင် ကိုဗစ် – ၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးလက်နေမိသားစုများ ဝင်ငွေလျော့နည်းမှုနှင့် စားဝတ်နေရေး အခက်အခဲများအပေါ် ကုစားပေးနိုင်ရန်အတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ( Village Revolving Fund Project – VRFP) နှင့် Cash For Work စီမံကိန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံကိန်းများဆောင်ရွက်သည့် ကျေးရွာများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်သည် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများနှင့်အတူ ဇူလိုင် ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မိုးဝင်း (ကျေးလက်)

# ပန်းတောင်းမြို့နယ်၌ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တွေ့ရှိ

ပန်းတောင်း ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာအုပ်စု ဆင်တဲကျေးရွာမြောက်ပိုင်း၌ ဇူလိုင် ၂၇ ရက်က စေတီပျက်ဟု ယူဆရသည့် အုတ်ပုံအတွင်းသို့ မြွေဝင်သွားသဖြင့် လိုက်လံဖမ်းဆီး တူးဖော်ရာမှ ဓာတ်တော်ဌာပနာ ရှေးဟောင်းဘုရား ဆင်းတုတော်များ တွေ့ရှိသည်။



တူးဖော်တွေ့ရှိသည့် ဘုရားဆင်းတုတော်များ။

ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာမြောက်ပိုင်း ဦးစိုးနိုင်နေအိမ် အနောက်ဘက် ရောဝတီမြစ်ကမ်းစပ်အနီး စေတီပျက်ဟု ယူဆရသည့် ပျက်စီးနေသော အုတ်ပုံအတွင်းသို့ မြွေတစ်ကောင် ဝင်သွားသဖြင့် ဦးစိုးနိုင်နှင့် မိသားစုက လိုက်လံဖမ်းဆီးတူးဖော်ရာ အဆိုပါ အုတ်ပုံအတွင်းမှကြေးဖြင့် ပြုလုပ်ထားသော ဘုရားဆင်းတုတော် အကောင်း ၄၂ ဆူ၊ အုတ်ခွက်ဖြင့် ပြုလုပ်ထားသော ဘုရားဆင်းတုတော် အကောင်း နှစ်ဆူ၊ စကျင်ကျောက်ဖြင့် ပြုလုပ်သော ဘုရားဆင်းတုတော် အကောင်း နှစ်ဆူ၊ အုတ်ခွက်ဖြင့် ပြုလုပ်ထားသော ဘုရားဆင်းတုတော် ပျက်စီး သုံးဆူ၊ ကြေးဖြင့်ပြုလုပ်ထားသော ဘုရားဆင်းတုတော် ပျက်စီး နှစ်ဆူ၊ ဓာတ်တော်စေတီကြုတ် အကောင်း တစ်ဆူ၊ ဓာတ်တော်စေတီ ကြုတ်ထဲမှ အနီရောင်ကျောက်အပိုင်း အစ လေးခု တွေ့ရှိသည်။

အဆိုပါ ဓာတ်တော်ဌာပနာ ဘုရားဆင်းတုတော်များကို ဆင်တဲကျေးရွာ ဗိုလ်ရုံကျောင်းတိုက်ရှိ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးညာနုတ္တရ (ဝေဠုဝန်ဂိုဏ်း) က ဦးဆောင်၍ ပန်းတောင်းမြို့ပေါ် ဝန်လိုရပ်ကွက်ရှိ ပေါ်တော်မူနေရာဦး ဘုရားစွယ်တော်တိုက် အတွင်း၌ အများပြည်သူ ဖူးမြော် ကြည်ညိုနိုင်ရန် ပင့်ဆောင်ထားလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**




## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျစီမံဆောင်ရွက်ပေးဝေလျက် ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့(WUG)များနှင့်အတူ "**ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်**" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၇ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၁၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၁ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၆ . ၂၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၃ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၁ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၉၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၀၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၁၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၂၄၁၉ | ၂၄၂၄၂၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၃၀၀၄ | ၁၁၃၀၇၁၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁ | ၈၂၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၄၀ | ၈၈၀၀၀၀ |
| TMH | ၂၇၅၀ | ၀ | ၀ | ၀ |
| EFR | ၂၇၅၀ | ၂၇၀၀ | ၇ | ၁၉၁၅၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

( ၂ ) **“ပြည်ထောင်အချင်းချင်းချုပ်ဆိုသော အခွန်ဆိုင်ရာ သဘောတူစာချုပ်များ”** ဆိုသည်မှာ အခွန်နှစ်ထပ်ကျသင့်မှုကို ရှောင်ရှားရန်နှင့် အခွန်ဘဏ္ဍာ ရှောင်တိမ်းမှုများကို ကာကွယ်တားဆီးရန် မြန်မာနိုင်ငံအစိုးရနှင့် ပြည်ပအစိုးရ တစ်ရပ် သို့မဟုတ် အစိုးရများအကြားပြုလုပ်သည့် သဘောတူညီချက်တစ်ရပ်ကို ဆိုသည်။

**အပိုင်း (၉)**

**ဝင်ငွေနှင့် နုတ်ပယ်မှုများဆိုင်ရာ အထွေထွေစည်းမျဉ်းများ**

**ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်များ**

၅၂။ (က) ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်သည် ပုဂ္ဂိုလ်တစ်ဦး ရရှိသည့် ငွေသားဖြင့် မဟုတ်သည့် မည်သည့်အကျိုးခံစားခွင့်မဆိုဖြစ်သည်။

( ခ ) ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်ဖြစ်သည့် ငွေကြေးပမာဏ တစ်ရပ်သည် စည်းကြပ်ထိုက်သောဝင်ငွေတွင် ပါဝင်ခြင်း ရှိမရှိ ဆုံးဖြတ်ရာ၌ ယင်းအကျိုးခံစားခွင့်ကို ငွေသားအဖြစ်ဖလှယ်နိုင်ခြင်းမရှိဟူသည့်အချက်ကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

( ဂ ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ စည်းကြပ်ထိုက်သောဝင်ငွေတွင် ပါဝင်သည့် ငွေသား မဟုတ်သည့် အကျိုးခံစားခွင့်၏ ငွေကြေးပမာဏသည် ယင်းငွေကြေးပမာဏကို ရရှိသည့်အချိန်တွင် လွှဲပြောင်းမှုဆိုင်ရာ မည်သည့်ကန့်သတ်ချက်ကိုမဆို လျစ်လျူရှုခြင်းဖြင့် ဆုံးဖြတ်သတ်မှတ်သည့် ယင်းအကျိုးခံစားခွင့်၏ ပြင်ပဈေးကွက်ပေါက်ဈေး ဖြစ်သည်။

(ဃ) ဇယား (၂) ရှိ တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂) အရ အလုပ်အကိုင်မှ ဝင်ငွေတွင် ပါဝင်သည့် ငွေသားမဟုတ်သည့် အကျိုးခံစားခွင့်အပေါ် အကျိုးသက်ရောက်စေရမည်။

**ဝင်ငွေအမျိုးအစားများ**

၅၃။ (က) ဤပုဒ်မသည် အောက်ပါတစ်ခုခုနှင့် စပ်လျဉ်းသည့် အသုံးစရိတ် သို့မဟုတ် အရှုံးပေါ်တွင် အကျိုးသက်ရောက်စေရမည် –

( ၁ ) ဝင်ငွေအမျိုးအစား တစ်ခုထက်ပို၍ ရရှိခြင်း၊

( ၂ ) ဝင်ငွေအမျိုးအစားတစ်ခုနှင့် အခြားရည်ရွယ်ချက် တစ်စုံတစ်ခုကို ရရှိခြင်း။

( ခ ) ဤပုဒ်မနှင့် အကျုံးဝင်သည့်အခါ အသုံးစရိတ် သို့မဟုတ် အရှုံးနှင့် ဆက်စပ်သည့် လုပ်ဆောင်ချက်များ သို့မဟုတ် ရည်ရွယ်ချက်များနှင့် လျော်ညီသည့် သဘောသဘာဝနှင့် အရွယ်အစားတို့ကို ထည့်သွင်းစဉ်းစားလျက် ယင်းအသုံးစရိတ် သို့မဟုတ် အရှုံးကို ကျိုးကြောင်းဆီလျော်သည့် အခြေခံဖြင့် ခွဲဝေရမည်။

( ဂ ) အောက်ပါတို့သည် သီးခြားဝင်ငွေအမျိုးအစားများ ဖြစ်ကြသည် –

( ၁ ) အလုပ်အကိုင်တစ်ခုမှ ဝင်ငွေ၊

( ၂ ) လုပ်ငန်းတစ်ခုမှ ဝင်ငွေ၊

( ၃ ) ရင်းနှီးမြှုပ်နှံမှုတစ်ခုမှ ဝင်ငွေ၊

( ၄ ) ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေ။

**ဝင်ငွေ၏ မူလရင်းမြစ် ရပ်စဲခြင်း**

၅၄။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေများတွင် အကျိုးသက်ရောက်စေရမည် –

( ၁ ) ပုဂ္ဂိုလ်တစ်ဦး အခွန်နှစ် တစ်နှစ်အတွင်း ငွေကြေးပမာဏ တစ်ရပ်ကို ရရှိလာစေသည့် လုပ်ငန်းတစ်ခု၊ လုပ်ဆောင်ချက်တစ်ရပ်၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု တစ်ရပ်သည် ယင်းဝင်ငွေ မရရှိမီ ရပ်တန့်သွားခဲ့ခြင်းနှင့်

( ၂ ) ယင်းငွေကြေးပမာဏကို ယင်းလုပ်ငန်း၊ လုပ်ဆောင်ချက်၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု မရပ်စဲမီ ရရှိခဲ့ခြင်းဖြစ်သည်ဟု ယူဆပါက ယင်းကို ထိုပုဂ္ဂိုလ်၏ စည်းကြပ်ထိုက်သော ဝင်ငွေတွင် ထည့်သွင်းခဲ့မည်ဖြစ်ခြင်း။

( ခ ) ဤပုဒ်မသည် ငွေကြေးပမာဏတစ်ရပ်အပေါ် အကျိုးသက်ရောက်သည့်အခါ ယင်းငွေကြေးပမာဏကို ရရှိသည့် အချိန်တွင် ယင်းလုပ်ငန်း၊ လုပ်ဆောင်ချက်၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုသည် ရပ်စဲခြင်းမပြုသေးဟု ယူဆလျက် ဤဥပဒေသည် ယင်းငွေကြေး ပမာဏအပေါ် အကျိုးသက်ရောက်စေရမည်။

**အခန်း ( ၄ )**

**ဝင်ငွေခွန်ကို ပုဂ္ဂိုလ်များအပေါ် သက်ရောက်စေခြင်း**

**အပိုင်း (၁)**

**တစ်ဦးချင်းပုဂ္ဂိုလ်များ**

**တစ်ဦးချင်းပုဂ္ဂိုလ်များအပေါ် အခွန်ကောက်ခံခြင်း**

၅၅။ တစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦးစီ၏ အခွန်စည်းကြပ်ရန်ဝင်ငွေကို သီးခြားစီ တွက်ချက်ရမည်။

**အပိုင်း (၂)**

**ပညာသည်အစုစပ်လုပ်ငန်းများ**

**ပညာသည် အစုစပ်လုပ်ငန်းများအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာ အခြေခံမူများ**

၅၆။ (က) ပညာသည်အစုစပ်လုပ်ငန်းများ၏ ဝင်ငွေ၊ အသုံးစရိတ်များနှင့် အရှုံးများကို ဤအပိုင်းနှင့်အညီ အစုဝင်များထံမှ အခွန်ကောက်ခံရမည်။

( ခ ) စာဖြင့်ရေးသားထားသည့် အစုစပ်လုပ်ငန်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရှိခြင်း၊ မရှိခြင်းသည် ပုဂ္ဂိုလ်များအကြား ပညာသည်အစုစပ်လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးတစ်ရပ် ရှိ၊ မရှိ ယတိပြတ်ဆုံးဖြတ်ရန် အကြောင်းတရားမဖြစ်စေရ။

( ဂ ) ပညာသည်အစုစပ်လုပ်ငန်းတစ်ရပ်သည် အစုစပ်လုပ်ငန်း၏ ဝင်ငွေ ကြေညာလွှာကို ပုဒ်မ ၈၉၊ ပုဒ်မခွဲ (ဂ) နှင့်အညီ တင်သွင်းရမည်ဖြစ်သော်လည်း ဝင်ငွေခွန် ပေးဆောင်ရန် တာဝန်မရှိစေရ။

(ဃ) ပညာသည်အစုစပ်လုပ်ငန်းတစ်ရပ်၏ လုပ်ဆောင်မှုများနှင့် စပ်လျဉ်း၍ တင်သွင်းရန်ရှိသည့် မည်သည့်ရွေးကောက်တင်မြှောက်မှု၊ အကြောင်းကြားစာ သို့မဟုတ် ဖော်ပြချက်မဆိုကို ယင်းပညာသည်အစုစပ်လုပ်ငန်းက တင်သွင်းရမည်ဖြစ်ပြီး ယင်းသည် အစုဝင်များအားလုံးအပေါ် စည်းနှောင်မှုရှိစေရမည်။

( င ) ပညာသည်အစုစပ်လုပ်ငန်းတစ်ခုတွင် အစုဝင်တစ်ဦး၏ အကျိုးစီးပွားသည် ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်တစ်ခုဖြစ်သည်။

( စ ) ပညာသည်အစုစပ်လုပ်ငန်းတစ်ခုတွင် ပြည်ပနေအစုဝင်တစ်ဦး သို့မဟုတ် အစုဝင်များပါရှိနေပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ၏ ရည်ရွယ်ချက်များ အလို့ငှာ ပြည်တွင်းနေအစုဝင် တစ်ဦးစီကို ပြည်ပနေယင်းအစုဝင် သို့မဟုတ် ယင်းအစုဝင်များ၏ ကိုယ်စားပြုဆောင်ရွက်သူအဖြစ် မှတ်ယူရမည်။

**ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အခွန်စည်းကြပ်ရန်ဝင်ငွေနှင့် အသားတင်အရှုံး**

၅၇။ (က) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အခွန်နှစ်တစ်နှစ်အတွက် အခွန်စည်းကြပ်ရန် ဝင်ငွေကို အောက်ပါပုံသေနည်းအတိုင်းတွက်ချက်ရမည် –

A – B

ယင်းတွင် –

A သည် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ ထိုနှစ်အတွက် စည်းကြပ်ထိုက်သော ဝင်ငွေ စုစုပေါင်းဖြစ်ပြီး ယင်းပညာသည် အစုစပ်လုပ်ငန်းသည် ပြည်တွင်းနေပုဂ္ဂိုလ် ဖြစ်ဘိသကဲ့သို့ တွက်ချက်ထားခြင်းဖြစ်သည်၊

B သည် ယင်းပညာသည်အစုစပ်လုပ်ငန်းက အစိတ်အပိုင်း A တွင် ရည်ညွှန်းသည့် စည်းကြပ်ထိုက်သောဝင်ငွေ ရရှိအောင် ဆောင်ရွက်ရာ၌ ကျခံခဲ့ရသည့် အသုံးစရိတ်များ သို့မဟုတ် အရှုံးများ၏ အတိုင်းအတာအထိ ဤဥပဒေအရ နုတ်ပယ်ခွင့်ပြုသည့် စုစုပေါင်းငွေကြေးပမာဏဖြစ်ပြီး ယင်းတွင် ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၅ တို့အရ ခွင့်ပြုသည့် နုတ်ပယ်မှုများ ပါဝင်ခြင်းမရှိစေရ။

( ခ ) ပုဒ်မခွဲ (က) ရှိ ပုံသေနည်း၏ အစိတ်အပိုင်း B သည် အခွန်နှစ်တစ်နှစ်အတွက် အစိတ်အပိုင်း A ကို ကျော်လွန်လျှင် ယင်းသို့ ကျော်လွန်သည့် ငွေကြေးပမာဏသည် ယင်းနှစ်အတွက် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ အသားတင်အရှုံး ဖြစ်သည်။

( ဂ ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) တွင် မည်သို့ပင်ဆိုစေကာမူ ဤပုဒ်မအရ ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အခွန်စည်းကြပ်ရန် ဝင်ငွေ သို့မဟုတ် အသားတင်အရှုံးကို တွက်ချက်ရန် ရည်ရွယ်ချက်များ အလို့ငှာ ယင်းပညာသည် အစုစပ်လုပ်ငန်း၏ စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အခွန်ပေးဆောင်ရန်ရှိသည့် ငွေကြေးပမာဏများ ပါဝင်စေရမည်။

**ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အစုဝင်များအပေါ် အခွန်ကောက်ခံခြင်း**

၅၈။ (က) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပညာသည်အစုစပ်လုပ်ငန်း တစ်ခုရှိ အစုဝင်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် စည်းကြပ်ထိုက်သောဝင်ငွေတွင် ထိုနှစ်အတွက် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ အခွန်စည်းကြပ်ရန် ဝင်ငွေရှိ ယင်းအစုဝင်၏ ဝေစုလည်း ပါဝင်သည်။

( ခ ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပညာသည်အစုစပ်လုပ်ငန်း တစ်ခု၏ အစုဝင်တစ်ဦးအား အခွန်နှစ်တစ်နှစ်အတွက် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ အသားတင်အရှုံးတွင် ပါဝင်သည့် ယင်းအစုဝင်၏ ဝေစုကို ထိုနှစ်အတွက် နုတ်ပယ်ခွင့်ပြုသည်။

( ဂ ) ပညာသည်အစုစပ်လုပ်ငန်းတစ်ခုရှိ အစုဝင်တစ်ဦးသည် အခွန်နှစ် တစ်နှစ်အတွင်း မည်သည့်ကာလ၌မဆို ပြည်ပနေပုဂ္ဂိုလ်ဖြစ်ပါက ပုဒ်မခွဲ (က) နှင့် (ခ) တို့သည် ယင်းပညာသည် အစုစပ်လုပ်ငန်းက ယင်းကာလအတွင်းရရှိသော မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေမှ ပေါ်ပေါက်သည့် အခွန်စည်းကြပ်ရန်ဝင်ငွေ သို့မဟုတ် အသားတင်အရှုံး အနက်မှ ယင်းအစုဝင်၏ ဝေစုအပေါ်၌သာ အကျိုးသက်ရောက်စေရမည်။

(ဃ) ပုဒ်မခွဲ (ဂ) ၏ ရည်ရွယ်ချက်များအလို့ငှာ မြန်မာနိုင်ငံရင်းမြစ်မှဝင်ငွေသို့ ရည်ညွှန်းချက်တွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အခွန်ကျသင့်သည့် ငွေကြေးပမာဏများ ပါဝင်ခြင်း မရှိစေရ။

( င ) ပုဒ်မခွဲ (က) အရ ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အခွန်စည်းကြပ်ရန်ဝင်ငွေ၊ သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ပညာသည်အစုစပ်လုပ်ငန်းတစ်ခု၏ အသားတင်အရှုံးအနက်မှ ပြည်တွင်းနေအစုဝင်တစ်ဦး၏ ဝေစုတွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် အကျုံးဝင်သည့် ဝင်ငွေပါဝင်လျှင် ယင်းအစုဝင်သည် ယင်းဝင်ငွေနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပေးဆောင်ခဲ့သည့်အခွန်အနက်မှ ယင်းအစုဝင်၏ ဝေစုအတွက် အခွန်ခုနှိမ်မှုကို ရပိုင်ခွင့်ရှိသည်။

( စ ) ပုဒ်မခွဲ (င) အရ ပြည်တွင်းနေအစုဝင်တစ်ဦးသို့ အခွန်နှစ်တစ်နှစ်အတွက် ခွင့်ပြုသည့် အခွန်ခုနှိမ်မှုတစ်ရပ်ကို ယင်းနှစ်အတွက် ယင်းအစုဝင်၏ ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိသည့် ပမာဏမှ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၄၃ နှင့်အညီ ခုနှိမ်စေရမည်။

(ဆ) ပညာသည်အစုစပ်လုပ်ငန်းတစ်ခုက ရရှိသည့် ဝင်ငွေ သို့မဟုတ် ကျခံသည့် အသုံးစရိတ် သို့မဟုတ် အရှုံး၏ နေရာဒေသဆိုင်ရာ ရင်းမြစ်နှင့် အမျိုးအစားတို့နှင့် စပ်လျဉ်းသည့် သဘောသဘာဝသည် အစုဝင်များ၏ လက်ဝယ်၌ ဆက်လက်တည်ရှိနေပြီး အစုဝင်များအကြား သက်ဆိုင်ရာ အချိုးအစားအလိုက် ခွဲဝေရရှိကြသည်ဟု မှတ်ယူရမည်။

( ဇ ) ပုဒ်မခွဲ (ဈ) နှင့် မဆန့်ကျင်စေဘဲ ပညာသည်အစုစပ်လုပ်ငန်း တစ်ခု၏ အခွန်စည်းကြပ်ရန်ဝင်ငွေ သို့မဟုတ် အသားတင်အရှုံး အနက်မှ အစုဝင်တစ်ဦး၏ဝေစုသည် အစုစပ် သဘောတူညီချက်တွင် ဖော်ပြထားသည့်အတိုင်း ယင်းပညာသည်အစုစပ်လုပ်ငန်း၏ ဝင်ငွေတွင်ပါဝင်သည့် ယင်းအစုဝင်၏ အကျိုးစီးပွားရာခိုင်နှုန်းနှင့် ညီမျှသည်။

( ဈ ) အစုစပ်သဘောတူညီချက်ပါ ဝင်ငွေခွဲဝေမှုသည် အစုဝင်များက ယင်းပညာသည် အစုစပ်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် စိုက်ထုတ်မှုအတိုင်းအတာကို ထင်ဟပ်နိုင်ခြင်းမရှိလျှင် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ အခွန်စည်းကြပ်ရန် ဝင်ငွေ သို့မဟုတ် အသားတင်အရှုံးတွင် ပါဝင်သည့် အစုဝင်တစ်ဦး၏ ဝေစုသည် ယင်းပညာသည်အစုစပ်လုပ်ငန်း၏ မတည်ငွေရင်းတွင် ပါဝင်သည့် ယင်းအစုဝင်၏ အကျိုးစီးပွားရာခိုင်နှုန်းနှင့် ညီမျှသည်။

**အပိုင်း (၃)**

**ကုမ္ပဏီများ**

**ကုမ္ပဏီများအပေါ် အခွန်ကောက်ခံခြင်း**

၅၉။ ကုမ္ပဏီတစ်ခုသည် ဝင်ငွေခွန်ထမ်းဆောင်ရန်အတွက် ယင်း၏အဖွဲ့ဝင်များနှင့် သီးခြားစီ တာဝန်ရှိသည်။

**ကုမ္ပဏီများ၏ အရှုံးများကို ဆက်လက်သယ်ဆောင်ခြင်း**

၆၀။ (က) ကုမ္ပဏီတစ်ခု၏ မမြင်သာသည့် ပိုင်ဆိုင်မှုတွင် ၅၀ ရာခိုင်နှုန်း အထက် အပြောင်းအလဲရှိပါက ယင်းကုမ္ပဏီ၏ ပြောင်းလဲမှု မတိုင်မီ အခွန်နှစ်တစ်နှစ်အတွက် မည်သည့်အရှုံးကိုမဆို ပြောင်းလဲပြီးနောက် အခွန်နှစ်တစ်နှစ်အတွက် အောက်ပါ အခြေအနေများနှင့် ကိုက်ညီခြင်း မရှိလျှင် နုတ်ပယ်ခွင့် မပြုရ –

( ၁ ) ယင်းကုမ္ပဏီသည် မပြောင်းလဲမီက ယင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိုပင် ပြောင်းလဲပြီးနောက်တွင် အောက်ပါတို့အနက် ဦးစွာဖြစ်သည့် ကာလအထိ ဆက်လက် ဆောင်ရွက်နေခြင်း –

(ကက) အရှုံးကို အပြည့်အဝ နုတ်ပယ်ပြီးသည်အထိ၊

( ခခ ) ဤဥပဒေအရအရှုံးကို ဆက်လက်သယ်ဆောင်နိုင်သည့်ကာလကုန်ဆုံး သွားသည်အထိ၊

( ၂ ) ယင်းကုမ္ပဏီသည် လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအသစ် တစ်စုံတစ်ရာတွင် ပါဝင်လုပ်ဆောင်မှု မရှိခြင်း။

( ခ ) ဤပုဒ်မတွင် **“အရှုံး”** ဆိုသည်မှာ အောက်ပါတစ်ရပ်ရပ်ကို ဆိုသည် –

( ၁ ) ပုဒ်မ ၂၅ အရ ဆက်လက်သယ်ဆောင်သည့် အသားတင် အရှုံး၊

( ၂ ) ပုဒ်မ ၄၃ အရ ဆက်လက်သယ်ဆောင်သည့် အသားတင် နိုင်ငံခြားငွေလဲလှယ်မှု အရှုံး၊

( ၃ ) ပုဒ်မ ၄၆ အရ ဆက်လက်သယ်ဆောင်သည့် ပြည်ပအရှုံး၊

( ၄ ) ပုဒ်မ ၆၇ အရ ဆက်လက်သယ်ဆောင်သည့် ငွေကြေး ပမာဏတစ်ရပ်။

*(ဆက်လက်ဖော်ပြပါမည်)*

နိုင်ငံတကာအနုပညာသတင်းပဒေသာ

## ဂျို ဂျိုနက်စ်နှင့် ဆိုဖီတန်နာတို့ ပထမဆုံးရင်သွေးလေး မွေးဖွား

အဆိုတော် ဂျို ဂျိုနက်စ်နဲ့ သရုပ်ဆောင် ဆိုဖီတန်နာတို့ဟာ သူတို့ရဲ့ပထမဆုံး ရင်သွေးလေးကို မွေးဖွားလိုက်ကြပါပြီ။ ကလေးမွေးဖွားတဲ့သတင်းကို ကြေညာရတဲ့အတွက် ဂျိုဂျိုနက်စ်ရော ဆိုဖီတန်နာပါ ဝမ်းသာရတယ်လို့ ဆိုဖီတန်နာရဲ့ ကိုယ်စားလှယ်တစ်ဦးက ပြောပါတယ်။ ကလေးရဲ့နာမည်၊ မွေးဖွားတဲ့နေ့နဲ့၊ ယောကျာ်းလေးလား၊ မိန်းကလေးလားဆိုတာကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။

အသက် ၂၄ နှစ် အရွယ် ဗြိတိန်ရုပ်ရှင်မင်းသမီးဆိုဖီတန်နာဟာ အသက် ၃၀ အရွယ် ဂျို ဂျိုနက်စ်နဲ့ ၂၀၁၆ခုနှစ်ကတည်းက ချစ်ကြိုက်ခဲ့ကြပြီး နောက်တစ်နှစ်မှာ စေ့စပ်ခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ လွန်ခဲ့တဲ့နှစ်ကပဲ လပ်စ်ဗေးဂတ်မှာ လက်ထပ်ခဲ့ကြပါတယ်။ ဆိုဖီတန်နာကတော့ HBO ရဲ့ရုပ်သံစီးရီးမှာ ဆန်ဆာ စတာ့ခ်အဖြစ် ပါဝင်သရုပ်ဆောင်ရင်း နာမည်ကြီးလာသူလည်းဖြစ်ပါတယ်။ ဆိုဖီကတော့ သူတို့ရဲ့မင်္ဂလာအခမ်းအနားကို အများပြည်သူကို အသိမပေးဘဲ တိတ်တဆိတ် ကျင်းပလိုတယ်လို့ ပြောခဲ့ဖူးပါတယ်။ ဂျို ဂျိုနက်စ်ကတော့ အမေရိကန်ပေါ့ဂီတအဖွဲ့ရဲ့အဖွဲ့သားတစ်ဦးဖြစ်ပြီး အဖွဲ့ထဲမှာ သူနဲ့ မွေးချင်းညီအစ်ကိုတွေဖြစ်ကြတဲ့ ကီဗင်နဲ့နစ်ခ်တို့လည်း ပါဝင်ကြပါတယ်။

**စကိုင်းနယူး**



ဂျို ဂျိုနက်စ်နှင့် သရုပ်ဆောင် ဆိုဖီတန်နာ

## လူမှုဝေးကွာအစီအစဉ်အတိုင်း ရုပ်ရှင်မင်းသမီး ဆန်ဒရာဘူးလော့ခ်ရဲ့ မွေးနေ့ပွဲကျင်းပ

အသက် ၅၆ နှစ်ပြည့်သွားပြီဖြစ်တဲ့ ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဆန်ဒရာဘူးလော့ခ်ဟာ သူ့ရဲ့မွေးနေ့ပွဲကို လူမှုဝေးကွာအစီအစဉ်အတိုင်း ကျင်းပခဲ့ပါတယ်။ အခင်ဆုံး သူငယ်ချင်းတွေကို ဖိတ်ပြီး မွေးနေ့ပါတီပြုလုပ်ခဲ့ပေမယ့် အားလုံးအတွက် လုံခြုံစိတ်ချရမယ့် နည်းလမ်းတွေနဲ့ ကျင်းပခဲ့တာပါ။

ကိုဗစ် -၁၉ ကူးစက်မှုကာလဖြစ်တာကြောင့် မွေးနေ့ပွဲကို တက်ရောက်လာသူတွေဟာ နှာခေါင်းစည်းဝတ်ဆင်ထားကြပါတယ်။ သူ့ရဲ့မွေးနေ့ပွဲကိုတော့ ဂျနီဖာအင်နစ္စတန်၊ ဆာရာပေါဆန်နဲ့ ဟော်လန်တေလာတို့အပါအဝင် အခြားနာမည်ကြီးသရုပ်ဆောင်အချို့လည်း တက်ရောက်ခဲ့ကြပါတယ်။ မွေးနေ့ပွဲမှာ သူတို့အားလုံး နှာခေါင်းစည်းဝတ်ဆင်ပြီး ခပ်ခွာခွာထိုင်နေကြတဲ့ပုံကို ဂျနီဖာအင်နစ္စတန်က သူ့ရဲ့ အင်စတာဂရမ်မှာ တင်ထားခဲ့ပါတယ်။ ဆာရာနဲ့ ဆန်ဒရာတို့ဟာ Ocean's 8 အပါအဝင် အခြားသောနာမည်ကြီးဇာတ်ကား အတော်များများမှာ အတူသရုပ်ဆောင်ခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။ ဂျနီဖာအင်နစ္စတန်နဲ့ ဆန်ဒရာတို့ကလည်း အရင်ကတည်းက ခင်မင်ရင်းနှီးခဲ့ကြတဲ့ သူငယ်ချင်းတွေဖြစ်ပြီး ယနေ့ထိတိုင် အခင်ဆုံးသူငယ်ချင်းတွေအဖြစ် ရှိနေဆဲပါပဲ။

**စကိုင်းနယူး**



ရုပ်ရှင်မင်းသမီးဆန်ဒရာဘူးလော့ခ် မွေးနေ့ပွဲပါတီ ကျင်းပနေစဉ် ။

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၂၉)

# ကင်းလွတ်ရမြဲအချက်များ



ဦးဟန်ညွန့် (ဥပဒေ)

**နေပြည်တော်မိုး**

နေပြည်တော်မိုးသည် တစိမ့်စိမ့်ရွာသွန်းဖြိုးလျက် ရှိပါသည်။ အလုပ်သင်ရှေ့နေ မောင်ပျင်းရိသည် မိုးနှင့်အတူ တငြိမ့်ငြိမ့် အိပ်ငိုက်လျက်ရှိပါသည်။ သို့သော်ငြား သူ၏အလုပ်သင်ဆရာကြီးလာလျှင် ရှေ့နေရုံးခန်း ဖွင့်ပေးရမည်ဖြစ်သည့်အတွက် ရုံးခန်းဝတွင် အိပ်မပျော်အောင် အသင့်အနေအထားဖြင့် သတိကြီးစွာထား၍ မျက်စိဖွင့်လျက်ရှိပါသည်။ ထိုစဉ် … ။

**ဆရာကြီးအား မေးမြန်းခြင်း**

မကြာမီ ဆရာကြီးရောက်ရှိလာသဖြင့် မောင်ပျင်းရိက ရှေ့နေရုံးခန်းတံခါးကိုဖွင့်ပေးရင်း "ဆရာကြီးခင်ဗျာ၊ မိုးအေးအေးနဲ့ ကျွန်တော်အိပ်ပျော်သွားတော့မလို့၊ တကယ်လို့ အိပ်ပျော်သွားရင်လည်း တံခါးမဖွင့်မိရင် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် အိပ်ချင်လို့ မဟုတ်ပါဘူး။ မိုးကအေးတော့ ပတ်ဝန်းကျင်အခြေအနေ ဖန်တီးမှုကြောင့် မအိပ်ချင်ဘဲ အိပ်ငိုက်သွားတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့် အပြစ်ရှိရင်လည်း ခွင့်လွှတ်သင့်ပါတယ်။ ပြီးတော့ ကင်းလွတ်ရမြဲအချက်များအကြောင်းကိုလည်း ဥပဒေပြဋ္ဌာန်းချက်ရှိရင် ရှင်းလင်းပြောပြပေးပါ ဆရာကြီး"ဟု ထူးထူးဆန်းဆန်း မေးမြန်းလာပါသည်။ ထို့ကြောင့် ဤစာကို ရေးပါသည်။

**ကင်းလွတ်ရမြဲအချက်များ**

ရာဇသတ်ကြီးတွင် ကင်းလွတ်ရမြဲအချက်များ "General Exceptions'' ဟူ၍ ပြဋ္ဌာန်းထားရှိပေသည်။ ကဏ္ဍအားဖြင့် အောက်ပါအတိုင်း ပိုင်းခြားနိုင်မည်ဖြစ်ပေသည်။ ၎င်းမှာ-

(၁) ပြစ်မှုမကင်းသော အကြံမရှိသည့်ကိစ္စများ၊ ပုဒ်မ ၈၁ မှ ၈၆ နှင့် ၉၂ မှ ၉၄ အထိ။
(၂) မတော်တဆ ဖြစ်ပွားသည့်ကိစ္စ၊ ပုဒ်မ ၈၀။
(၃) ကြောင်းခြင်းရာ အယူအဆလွဲမှားသည့်ကိစ္စ၊ ပုဒ်မ ၇၆ နှင့် ၇၉။
(၄) သဘောတူညီချက်ဖြင့် ပြုလုပ်သည့် ကိစ္စ၊ ပုဒ်မ ၈၇ မှ ၉၀ အထိ။
(၅) သေးနုပ်သော ဘေးအန္တရာယ်ဖြစ်စေသည့်ကိစ္စ၊ ပုဒ်မ ၉၅။
(၆) ကာကွယ်ခုခံပိုင်ခွင့်အတွင်း ပြုလုပ်သည့်ကိစ္စ၊ ပုဒ်မ ၉၆ မှ ၁၀၆။
(၇) အခွင့်အရေးအရ ပြုလုပ်သည့်ကိစ္စ၊ ပုဒ်မ ၇၇ နှင့် ၇၈ တို့ဖြစ်ပါသည်။

**ကင်းလွတ်ရမြဲအချက်များ(General Exceptions)**

**ဥပဒေအရ တာဝန်ရှိသဖြင့် ပြုလုပ်ခြင်း သို့မဟုတ် ကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရ တာဝန်ရှိသည် ယုံကြည်၍ ပြုလုပ်ခြင်း**

**ပုဒ်မ ၇၆။** ဥပဒေအရပြုလုပ်ရန် တာဝန်ရှိသူက သော်လည်းကောင်း၊ ဥပဒေကို အယူအဆလွဲခြင်းကြောင့်မဟုတ်ဘဲ ကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရတာဝန်ရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သူက သော်လည်းကောင်း ပြုလုပ်လျှင် ထိုပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**ဥပမာများ**

(က)စစ်သားမောင်ဖြူသည် ရန်းရင်းဆန်ခတ်ပြုသော လူစုလူဝေးကို ဥပဒေနှင့်ညီသော မိမိ၏ အထက်အရာရှိ၏အမိန့်ဖြင့် သေနတ်နှင့် ပစ်ခတ်သည်။ ထိုသို့ပစ်ခတ်ခြင်းသည် ပြစ်မှုကျူးလွန်ရာမရောက်။

( ခ) တရားရုံးအမှုထမ်း မောင်ဖြူသည် မောင်မဲကို ဖမ်းဆီးရန် တရားရုံးမှ အမိန့်ရရှိ၏။ ထိုက်သင့်သော စုံစမ်းမှုကို ပြုပြီးနောက် မောင်နီကို မောင်မဲဟု ထင်မှတ်ယုံကြည်၍ ဖမ်းဆီးသည်။ ထိုသို့ ဖမ်းဆီးခြင်းသည် ပြစ်မှုကျူးလွန်ရာ မရောက်။

**တရားစီရင်ရေး ဆောင်ရွက်ရာ၌ တရားသူကြီး၏ ပြုလုပ်မှု(Act of Judge)**

**ပုဒ်မ ၇၇။** တရားစီရင်မှု ဆောင်ရွက်ရာ၌ တရားသူကြီးတစ်ဦးသည် ဥပဒေအရ မိမိရရှိသောအာဏာကို သို့မဟုတ် ဥပဒေအရ မိမိရရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သည့်အာဏာကို သုံးစွဲဆောင်ရွက်လျှင် ထိုသို့ဆောင်ရွက်ခြင်းသည် ပြစ်မှုမမြောက်။

**တရားရုံးစီရင်ချက်အရ သို့မဟုတ် အမိန့်အရ ပြုလုပ်မှု**

**ပုဒ်မ ၇၈။** စီရင်ချက်ကို သို့မဟုတ် အမိန့်ကိုထုတ်ဆင့်ရန် တရားရုံး၌ အာဏာ မပိုင်သော်လည်း အာဏာပိုင်သည်ဟု သဘောရိုးနှင့်ယုံကြည်၍ ပြုလုပ်လျှင် ထိုတရားရုံး၏ စီရင်ချက်အရဖြစ်စေ၊ စီရင်ချက်နှင့်အညီဖြစ်စေ၊ အမိန့်အရ ဖြစ်စေ၊ အမိန့်နှင့်အညီဖြစ်စေ ထိုစီရင်ချက် သို့မဟုတ် ထိုအမိန့် တည်ဆဲတွင်ပြုသော ထိုပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**ဥပဒေအရ ပြုပိုင်သူ၏ ပြုလုပ်ခြင်း သို့မဟုတ် ကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရ ပြုပိုင်သည်ဟု ယုံကြည်၍ ပြုလုပ်ခြင်း**

**ပုဒ်မ ၇၉။** ဥပဒေအရ ပြုပိုင်သူကသော်လည်းကောင်း၊ ဥပဒေကို အယူအဆလွဲခြင်းကြောင့် မဟုတ်ဘဲ ကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရ ပြုပိုင်သည်ဟု သဘောရိုးနှင့် ယုံကြည်သူက သော်လည်းကောင်း ပြုလုပ်လျှင် ထိုသို့ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**ဥပမာ။** လူသတ်မှုကို ကျူးလွန်နေသည်ဟု အထင်ရောက်လောက်အောင် မောင်မဲ ပြုမူနေသည်ကို မောင်ဖြူမြင်ရ၏။ လူသတ်မှုကျူးလွန်နေသူကို မည်သူမဆို ဥပဒေအရ ဖမ်းဆီးနိုင်ခွင့်ရှိသည့်အလျောက် မောင်ဖြူသည် ဉာဏ်မီသလောက် ဆင်ခြင်၍ ဆိုင်ရာအာဏာပိုင်တို့ထံ ပို့အပ်ရန် မောင်မဲအား သဘောရိုးဖြင့် ဖမ်းဆီး၏။ မောင်မဲသည် မိမိကိုယ်ကိုယ် ကာကွယ်လိုသောသဘောဖြင့် ပြုခဲ့ကြောင်း နောင်အခါ ပေါ်ပေါက်လာစေကာမူ မောင်ဖြူသည် မောင်မဲကို ထိုသို့ ဖမ်းဆီးခြင်းကြောင့် ပြစ်မှုပြုရာမရောက်။

**ကြောင်းခြင်းရာ အယူအဆလွဲမှားခြင်း**

ကြောင်းခြင်းရာ အယူအဆလွဲမှားခြင်းမှာ အသိဉာဏ်ခေါင်းပါးခြင်းကြောင့် ဖြစ်နိုင်သည်။ လူတွင်ရှိသည့် အာရုံတစ်ခုခု ချို့တဲ့၍လည်း ဖြစ်နိုင်သည်။ ပေါ့လျော့၍သော်လည်းကောင်း၊ အယူသီး၍သော်လည်းကောင်း၊ တိုက်ဆိုင်၍ သော်လည်းကောင်း ဖြစ်နိုင်သည်။ ကြိုတင်စီစဉ်၍သော်လည်းကောင်း၊ စီမံကိန်းချ၍သော်လည်းကောင်း ပြုလုပ်မှုမှာ ကြောင်းခြင်းရာ အယူအဆလွဲမှားသည့် ပြုလုပ်မှုဟု ဆိုနိုင်မည်မဟုတ်ပေ။ ထို့ပြင် ပြုလုပ်မှု တစ်စုံတစ်ခုသည် နဂိုကပင် မှားယွင်းနေမှန်းသိပါလျက် ပြုလုပ်ခဲ့ခြင်းဖြစ်ပါမူ ထိုပြုလုပ်မှုနှင့်စပ်လျဉ်း၍ ကြောင်းခြင်းရာ အယူအဆလွဲမှားသည်ဟု ဆင်ခြေမပေးနိုင်။

အာရုံချို့တဲ့ခြင်းနှင့်ပတ်သက်၍ ဥပမာဆောင်ရသော် ညမှောင်မိုက်သည့်အချိန်တွင် လူကို သရဲထင်ပြီး ဓားနှင့်ခုတ်၍ သေရခြင်း၊ လူကို ကျားထင်ပြီး သတ်ခြင်း၊ မုဆိုးက လူကို သားကောင်ထင်ပြီး သေနတ်နှင့်ပစ်ခြင်း စသည့်





ကိစ္စရပ်များမှာ စက္ခုအာရုံချို့တဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဆိုရပေမည်။ ယင်းကိစ္စများသည် ပြစ်မှုမကင်းသော အကြံမရှိဘဲ ပြုခဲ့သည့် ပြုလုပ်မှုများသာဖြစ်၍ ကြောင်းခြင်းရာ အယူအဆလွဲမှားခြင်းဖြစ်ပေသည်ဟု အငြိမ်းစားတရားရုံးချုပ် တရားသူကြီး ဦးသက်ဖေက ပြစ်မှုဆိုင်ရာဥပဒေ၏ သိကောင်းစရာများ စာအုပ်တွင် ရေးသားခဲ့ဖူးပါသည်။

**စီရင်ထုံးများ**

(က) တရားသူကြီးက လုပ်ပိုင်ခွင့် မရှိကြောင်းသိလျက်နှင့် ပြုလုပ်မှု၊ ဖြောင့် မတ်ကြောင်း ထုချေရှင်းလင်းနိုင်ခြင်း မရှိသည့် ပြုလုပ်မှုသည် ဤပုဒ်မအရ အကာအကွယ် မယူနိုင်ကြောင်း ရာဇသတ်ကြီးပုဒ်မ ၇၇ ကို ရည်ညွှန်း၍ စီရင်ထုံးဖွဲ့ထားပါသည်။

( ခ) တရားသူကြီးက တရားမမှုတွင် တရားရှုံးအား ဖမ်းဆီးရန် ဘီလစ်ကို နှုတ်မိန့်ပေးခဲ့သည်။ ဘီလစ်က ဆင့်စာလုလင်ကို နှုတ်ဖြင့် ထပ်ဆင့်ပေး၍ ဖမ်းဆီးပြီး တရားရုံးသို့ တင်ပို့သည့်ကိစ္စတွင် ဘီလစ်နှင့် ဆင့်စာ လုလင်တို့အား မတရားဖမ်းဆီးချုပ်နှောင်မှုဖြင့် စွဲဆိုမှုမှာ တရားသူကြီးသည် အမိန့်စာဖြင့်သာ တရားမထောင်၌ ချုပ်နှောင်ခွင့်ရှိပါသည်။ ရာဇသတ်ကြီးပုဒ်မ ၇၈ အရ ကင်းလွတ်ခွင့် မရနိုင်ကြောင်း၊ ဤကိစ္စသည် ဥပဒေကို မှားယွင်းမှုဖြစ်ကြောင်း စီရင်ထုံးရှိပါသည်။

**မောင်ပျင်းရိအိပ်ပျော်နေခြင်း**

ရှင်းလင်းဆွေးနွေးနေစဉ် ဟောက်သံကြားသဖြင့် ကျွန်တော်လှမ်းကြည့်လိုက်ရာ သူ့ကုလားထိုင်ပေါ်တွင် မိုးအေးအေးနှင့် မောင်ပျင်းရိ အိပ်ပျော်နေသည်ကို တွေ့မြင်လိုက်ရပါတော့သည်။ ဩော်-ကင်းလွတ်ရမြဲအချက်ထဲမှာ မောင်ပျင်းရိ ပါသွားပြီလား …။

**စေတနာ**

အလုပ်သင်ရှေ့နေ မောင်ပျင်းရိ မေးမြန်းသော ကင်းလွတ်ရမြဲအချက်များအကြောင်းကို အကျဉ်းမျှ ရှင်းလင်းတွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ …။ ။

# ပုခန်းကြီး မြို့ရိုးနှင့် ကျုံး

ဒေါက်တာသက်လွင် (အမျိုးသားစာပေဆုရ)

"ပုခန်းကြီးမြို့ရိုးနှင့် ကျုံးတို့သည် နှစ်ပေါင်း ၁၃၀၀ ခန့်ကြာခဲ့ပြီ ဖြစ်သည်။ ပုဂံမြို့ရိုးထက်နှစ် ၁၀၀ စောပြီး၊ အနော်ရထာမင်းထက် နှစ် ၃၀၀ စောသည်။ မြို့ရိုးနှင့် ကျုံးတို့သည် တခြားမြို့ရိုးတို့နှင့် နှိုင်းယှဉ်လျှင် အပျက်အစီးနည်းသည်။ မူရင်းပုံကို မှန်းဆကြည့် မြင်နိုင်သည်။ ယခုအခါ ကန္တာရပင်များကို ဆေးထိုးသတ်လိုက်သဖြင့် ပိုမိုထင်သာမြင်သာရှိလာပြီး နိုင်ငံခြားသားတို့ စိတ်ဝင်စားစေမည့် ပြကွက်တစ်ခုဖြစ်ပါကြောင်း"



"အချောက် ၊ ရေ နွံ့
ကျုံးသုံးတန်၊ မြို့ထံပါတ်လည်မှာ" ဟူသော စကားအရ ကျုံးမှာ သုံးမျိုးသုံးစားရှိသည်၊ အချောက်ကျုံး၊ ရေကျုံး၊ နွံ့ကျုံး ဟူ၍ရှိသည်။ ပုခန်းကြီးမြို့ရိုးနှင့် ကျုံးသည် ဤသုံးမျိုးစလုံးနှင့် အကျုံးဝင်စေသည်။

"မှုထမ်းတော်၊ အလွန်ကောင်းလျက်ကယ်နှင့်
တူးမြောင်းထဲရေမလာ၊ ယိုးမယ်ဖွဲ့ကာ၊
နောင်မဟာ၊ ငြိုးရှာလို့ပြစ်ထား
ကျော်စွာမောင်၊ အသေဆန်း
ခန်းရွှေမြို့သား"

ပုခန်းကိုကြီးကျော် နတ်ချော့ဖြစ်သည်။ ပုခန်း ကျုံးနှင့် မြို့ရိုးကိုအေဒီ ၇၄၄ ခုနှစ်တွင် စည်သူနှင့် ကျော်စွာကတည်ခဲ့သည်။ ယခု ၂၀၂၀ ပြည့်နှစ်ဆိုလျှင် ၁၂၇၆ နှစ်ကြာခဲ့ပြီဖြစ်သည်။ စည်သူနှင့် ကျော်စွာ ညီအစ်ကိုသည် ပုဂံမင်းဆက် (၂၇)ဆက်မြောက် သိန်းခွန်မင်း၏ သားတော်များဖြစ်သည်၊ သိန်းခွန်မင်းသည် အေဒီ ၇၃၄-၇၄၄ ခုနှစ်၌ ပုဂံနေပြည်တော်တွင် နန်းစံသည်။

သိန်းခွန်မင်းတွင် တောင်နန်းမိဖုရား၊ ရွှေလောင်းမိဖုရားနှင့် မြောက်နန်းမိဖုရား၊ ရွှေကိုင်းမိဖုရားတို့ရှိသည်။ ရွှေကိုင်းမိဖုရားမှမွေးဖွားသော သားတော်မှာ စည်သူနှင့် ကျော်စွာဖြစ်သည်။ ရွှေလောင်း မိဖုရားခေါင်ကြီးမှ မွေးဖွားသော သားတော်မှာ အသက်ငယ်သည်။ သိန်းခွန်မင်းသည် သားတော်သုံးပါးအနက် မည်သူ့ကို အိမ်ရှေ့မင်းသားတာဝန်ပေးသင့်သလဲဟု စဉ်းစားရသည်။ အိမ်ရှေ့မင်း ရာထူးခန့်အပ်ရာတွင် တောင်နန်းစံမိဖုရားခေါင်ကြီးမှ မွေးဖွားသော သားတော်ကိုသာ ခန့်အပ်ရမည်ဖြစ်သည်။ ထိုသို့ခန့်အပ်ပြန်ပါက သားတော်ကြီး စည်သူနှင့် ကျော်စွာတို့က ကျေနပ်ကြမည်မဟုတ်ပေ။

## ပုခန်းကြီးမြို့ရိုးနှင့် ကျုံးအစ

သိန်းခွန်မင်းကြီးသည် မှူးကြီး၊ မတ်ကြီးစစ်သူကြီးများကို ညီလာခံခေါ်ယူသည်။ တောင်ညိုလယ်မအရပ်တွင် သူပုန်များထကြွနေကြောင်း၊ စည်သူနှင့် ကျော်စွာကိုယ်တိုင်သွားရောက်နှိမ်နင်းရမည်ဟု အမိန့်ချမှတ်သည်။ စည်သူနှင့် ကျော်စွာသည် တောင်ညိုလယ်မအရပ်သို့ ရောက်သောအခါ ပြည်ရွာအေးချမ်းနေကြောင်း၊ ဆူပူသောင်းကျန်းသူတစ်ဦးတစ်ယောက်မှမရှိကြောင်း သိရသည်။ ပုဂံနေပြည်တော်သို့ ပြန်လည်စစ်ချီလာကြသည်။ ပုဂံအနီးသို့ရောက်သောအခါ ပုဂံနေပြည်တော်အခြေအနေကို စုံစမ်းစေရန် အထောက်တော်များစေလွှတ်သည်။ ဖခင်သိန်းခွန်မင်းကြီးသည် ရွှေလောင်းမယ်တော်ကြီး၏သားတော် ရွှေလောင်းမင်းသားကို အိမ်ရှေ့ရာထူးအပ်နှင်းပြီးဖြစ်ကြောင်း သိရသည်။ စည်သူနှင့် ကျော်စွာသည် ပုဂံနေပြည်တော်သို့ မပြန်တော့ဘဲ ရေဝတီမြစ်ကိုဖြတ်ကူးပြီး ပုခန်းကြီးဒေသသို့ ရောက်လာသည်။ ဤနေရာတွင် မြို့သစ်တည် နန်းစံရန်ဆုံးဖြတ်သည်။ ပုဏ္ဏားဟူးရားများကို မေးမြန်းရာတွင် ဤနေရာသည် သာသနာ သက္ကရာဇ် ၃၆ နှစ်က ခနသီဟမင်းရှုံးစိုက်ခဲ့ရာ မဟာနာဂရမြို့ကြီး ဖြစ်ခဲ့ဖူးကြောင်း တင်လျှောက်ကြသည်။ ဂေါတမဘုရားရှင်လက်ထက်ရှိ ခြသေ့်မင်း၊ ကျေးမင်း၊ ဟင်္သာမင်းတို့ နေထိုင်ရာ ပျော်မွေ့ရာဒေသဖြစ်ကြောင်း သိရသည်။ စည်သူနှင့် ကျော်စွာသည် ဤဒေသမှာ မြို့သစ်တည်ရန်ဆုံးဖြတ်ကြသည်။ ရေဝတီမြစ်ကြီး ဖြတ်ကျော်လာခဲ့ရသဖြင့် ကူးသန်းမြို့ဟုအမည်ပေးသည်။ မြို့တော်ကို မြို့ရိုး၊ ကျုံးတို့ဖြင့် ကာရံတည်ဆောက်ရန် စီစဉ်သည်။ ကျုံးရေကို ချင်းတွင်းမြစ်မှ ရေသွယ်၍လည်း ရနိုင်သည်။ ရှင်မတောင်ကြီးမှ စီးကျလာသောရေကိုသွယ်ယူလျှင်လည်း ရနိုင်သည်။ နောင်တော်စည်သူသည် စစ်သည်၊ လူအင်အားရရှိရန် နယ်လှည့်စည်းရုံးသည်။ ကျုံးကြီးမှ တူးဖော်သော မြေသားများကို မြို့ရိုးအဖြစ် လုပ်ဆောင်မည်။ ညီတော် ကျော်စွာကို ချင်းတွင်းမြစ်ရေကို တူးမြောင်းတူးပြီး ရေသွယ်သောအလုပ်ကို တာဝန်ပေးသည်။ ညီနောင်နှစ်ပါး စိတ်တူကိုယ်တူ လုပ်ကိုင်ကြသည်။

## ပုခန်းကိုကြီးကျော်နတ်

စည်သူသည် မြင်းတစ်စီးဖြင့် နေ့မအား ညမနား လှည့်လည်သွားလာပြီး လုပ်သား၊ စစ်သည်များရှာဖွေစုဆောင်းနေရသည်။ ညီတော်ကျော်စွာသည် ထန်းရေသောက်၊ ကြက်တိုက်၊ လောင်းကစား၊ အပျော်အပါးဖြင့် အချိန်ကုန်သည်။ မြို့တော်ကို ဂူဖြူဘုရား၊ ဂူနီဘုရားတို့နှင့် သုံးခုကိုတစ်ပြိုင်တည်း တည်ဆောက်သည်။ ကျုံး၊ မြို့ရိုး၊ နန်းတော်၊ ဂူနီစေတီ၊ ဂူဖြူစေတီတည်ဆောက်မှုများ ပြီးစီးသည်။ ချင်းတွင်းမြစ်သည် ရေစကြို၊ ကျခတ်ဝါယာ၊ နွဲ့နီရွာတို့မှ မြင်းခြံသို့ စီးဆင်းသည်။ ကျခတ်၊ ဝါယာမှကူးသန်းမြို့သို့ သွယ်ယူသော ရေမြောင်းကလည်း ပြီးစီးနေပြီ။ ရေကိုစတင်သွယ်ယူနေရာရွာကို ရေစကြိုဟု သတ်မှတ်ခဲ့ကြကြောင်း အစဉ်အလာအရ အဆိုစကားရှိသည်။ နေ့ကောင်းရက်မြတ်များရွေးပြီး ရေစတင်လွှတ်ရန် စည်သူက စီစဉ်သည်။ ကျော်စွာသည် တူးမြောင်းထဲ ရေစလွှတ်ရန်ပွဲသို့ မရောက်လာပေ။ နောင်တော်စည်သူက သူမလာလည်း ရေစလွှတ်မည်ဟု ရေလွှတ်ပွဲကျင်းပသည်။ ချင်းတွင်းမြစ်ရေသည် တူးမြောင်းထဲမဆင်းပေ။ စည်သူက ဒေါပွသည်။ ညီတော်ကျော်စွာကို အခုချက်ချင်းလိုက်ပါခဲ့ရန် အခေါ်ခိုင်းသည်၊ ညီတော်ကျော်စွာက ကြက်တိုက်၊ အရက်သောက်တဟားဟားဖြင့် ပျော်ပါးနေသည်။ နောင်တော်စည်သူကိုယ်တိုင်လိုက်လာပြီး ကျော်စွာကြက်တိုက်နေရာညောင်ဖြူပင်သို့ ရောက်လာသည် ၊ ကျော်စွာက လိုက်ပါမည်ဟု မြင်းပေါ်အတက်၊ စည်သူက ဓားဖြင့် ခုတ်သတ်လိုက်သည်။ ကျော်စွာသေသည်၊ ပုခန်းကိုကြီး ကျော်နတ်ဖြစ်သည်။ ကျော်စွာ၏မယား ရှင်ဘို့မယ်ကိုလည်း သတ်သည်၊ နတ်ဖြစ်သည်၊ ကျော်စွာနှင့် ရှင်ဘို့မယ်သည် နတ်ဘဝဖြင့် အစ်ကိုစည်သူကို သတ်သည်၊ စည်သူလည်း နတ်ဖြစ်သည်။ ဤဇာတ်လမ်းလေးသည် ဒဏ္ဍာရီပုံပြင်ဟု လူတွေယူဆခဲ့ကြသည်။ သို့သော် ပုခန်းကိုကြီးကျော်နတ် သမိုင်းမှာတော့ အခိုင်အမာရေးကြသည်။

စာရေးသူသည် ပုခန်းကျုံးကြီးနှင့် မြို့ရိုးသမိုင်းကို ဖတ်ခဲ့ ရေးခဲ့သည်။ သို့သော် ကျုံးအတွင်းနှင့် မြို့ရိုးအခြေတွင် ထူထပ်စွာပေါက်ရောက်နေသော ကန္တာရပင်များကြောင့် မလေ့လာနိုင်ပေ။ ၂၀၂၀ ပြည့်နှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှငွေကျပ် ၉၉ သိန်းကိုချပေးပြီး ကန္တာရပင်များကို ဆေးထိုးသတ်စေသည်။ ယခုအနောက်ဘက်၊ တောင်ဘက်နှင့် အရှေ့ဘက်ပြီးစီးနေပြီ၊ မူရင်းမြို့ရိုးနှင့် ကျုံးတို့ မူရင်းပုံနီးပါး မြင်တွေ့လာရသည်။ ဇွန်လနောက်ဆုံးပတ်တွင် ပုခန်းကြီးကျုံးနှင့် မြို့ရိုးကို လေ့လာမှတ်တမ်းတင်ရန် ဗီဒီယိုသရုပ်ဆောင် နေထူးနိုင်နှင့် အဖွဲ့ကို စာရေးသူက လိုက်လံပြသခဲ့သည်။ စာရေးသူက ကိုယ်တိုင်ကားမောင်းရင်း ရှင်းလင်းပြသသည်။ ဒရုန်းဖြင့် ရိုက်ပြီး မှတ်တမ်းတင်သည်။ " ဒီကျုံးနဲ့ မြို့ရိုးကို အေဒီ ၇၄၄ ခုနှစ်မှာ စည်သူနဲ့ ကျော်စွာတို့က စတင်တည်ထားခဲ့တာပါ။ ပုဂံနန်းမြို့ရိုးနဲ့ ကျုံးထက်နှစ် ၁၀၀ စောပါတယ်။ အနော်ရထာမင်းထက် နှစ် ၃၀၀ စောပါတယ်။ သူတို့တည်ခဲ့တာကတော့ ကျုံးတွင်းကနေထွက်လာတဲ့ မြေသားကို မြို့ရိုးလုပ်တာဖြစ်လို့ မြေသားမြို့ရိုးပါ။ တကယ်တော့ နတ်ကိုကြီးကျော် ဆိုတာ တကယ်ရှိခဲ့တဲ့ လူသားပါ၊ သူတည်ဆောက်သွားတဲ့ မြေသားမြို့ရိုးနဲ့ကျုံးကို နှစ် ၁၃၀၀ ကြာ ယနေ့အထိ တွေ့မြင်နိုင်သေးတယ်" ဟု ရှင်းပြခဲ့သည်။

### ဒုတိယအကြိမ် မြို့ရိုးတည်ခြင်း

ပုဂံနိုင်ငံတော်ကြီးကို အေဒီ ၁၀၇ ခုနှစ်တွင် သရေခေတ္တရာမှ ရောက်လာသော ပျူများက စတင်တည်ထောင်လိုက်ကြသည်။ ရွာပေါင်း ၁၉ ရွာ စည်းဝေးပြီးခေါင်းဆောင်မည့်သူကို သမုဒ္ဒရာဇ်(ရာဇာမင်းဟု သမုတ်လိုက်ကြသည်) ဟု ရှင်ဘုရင်ခန့်လိုက်သည်။ မင်းဆက်ပေါင်း ၅၅ ဆက်၊ နှစ်ပေါင်း ၁၂၆၂ နှစ်သက်တမ်း ကြာမြင့်ခဲ့သည်။ ပုဂံပျက်သောအခါရှမ်းညီနောင်သုံးယောက်တို့သည် ကျောက်ဆည်နယ်ဘက်ကို အခြေပြု၍ တစီးရှင်သီဟသူသည် အေဒီ-၁၃၁၂ ခုနှစ်တွင် ပင်းယမြို့ကို တည်သည်။ ပင်းယမင်းဆက်တွင် မင်း ၆ ဆက် အုပ်ချုပ်ပြီး နှစ်ပေါင်း ၅၀ ကျော်ကြာခဲ့သည်။ ပင်းယဆိုသည်မှာ ယခုမန္တလေးလေဆိပ်ကြီးနေရာ ဖြစ်သည်။ တစီးရှင်သီဟသူသည် လက်မည်းအမတ်ကြီးကို ပုခန်းကြီးအမတ်ကြီးခန့်၏၊ စစ်သား ၄၀၀ နှင့် ပုခန်းကို စေလွှတ်သည်။ လက်မည်းအမတ်ကြီးသည် ယခင်စည်သူနှင့် ကျော်စွာ

*စာမျက်နှာ ၂၄ သို့*



မြေသားဖြင့် တည်ဆောက်ခဲ့သော ပုခန်းကြီးမြို့ရိုးနှင့်ကျုံးကို မူရင်းနီးပါးထိ မြင်တွေ့ရစဉ်။



ပုခန်းကြီးမြို့ရိုးနှင့်ကျုံးကို လှမ်းမြင်ရစဉ်။

# ကိုဗစ်-၁၉ အလွန်ကာလတွင် တိုးတက်လုပ်ကိုင်ရမည့် အော်ဂဲနစ်မွေးမြူရေးလုပ်ငန်းများ

*ဒေါက်တာခင်မောင်လတ် (မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)*

တိရစ္ဆာန်များမှတစ်ဆင့် လူများသို့ ကူးစက်တတ်သော ဗိုင်းရပ်စ်များကြောင့် များစွာ ဒုက္ခရောက်ရနိုင်ကြောင်းကို ဆားစ်ရောဂါ၊ အီဘိုလာရောဂါတို့က ကမ္ဘာကြီးကို ကြိုတင်သတိပေးခဲ့သည်။ အဆိုပါ ဗိုင်းရပ်စ်များ၏ အန္တရာယ်နှင့် ပတ်သက်၍ ပညာရှင်များက အကြိမ်ကြိမ် သတိပေးခဲ့ကြပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျင်းပသော ညီလာခံတစ်ခုတွင် ကူးစက်မြန်ဗိုင်းရပ်စ် များ၏အန္တရာယ်ကို အလေးအနက်ထား ထောက်ပြခဲ့ပါ သည်။ သို့သော် ကမ္ဘာ့နိုင်ငံအစိုးရများသည် ကိုဗစ်-၁၉ ရောဂါနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရသောအခါတွင် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကြရကာ အလျင်အမြန် ထိထိရောက်ရောက် တုံ့ပြန်နိုင်စွမ်း မရှိခဲ့ပါ။ ဗိုင်းရပ်စ်များ၏ အန္တရာယ်ကို ကြိုတင်သိရှိထားသော်လည်း ကြိုတင်ကာကွယ်မှုမရှိသဖြင့် များစွာဒုက္ခရောက်ရခြင်း ဖြစ်ပါသည်။

**မွေးမြူရေးလုပ်ငန်းများသည် ပတ်ဝန်းကျင်ကို သက်ရောက်မှုရှိ**

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉ ဘီလီယံအထိ ရှိလာနိုင်သဖြင့် တိုးတက်လာသော လူဦးရေကို ထောက်ပံ့ကျွေးမွေးနိုင်ရန်အတွက် တိရစ္ဆာန်များကို ပိုမိုမွေးမြူလာကြပါသည်။ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် အမြတ်အစွန်းအတွက်သာမက ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ အစားအစာဘေးကင်းလုံခြုံရေးကျင့်ဝတ်ဆိုင်ရာများ လိုက်နာရန် ပါဝင်ပါသည်။ တိရစ္ဆာန်မွေးမြူရေး နည်းစနစ်များသည် ကျေးလက်ဒေသစီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂေဟဗေဒစနစ် အပေါ် များစွာမူတည်ပါသည်။ European Union (EU) ၏ တောင်ပိုင်းဒေသရှိ နိုင်ငံများတွင် ဝက်၊ သိုးနှင့်ဆိတ်မွေးမြူရေးသည် စိုက်ပျိုးရေးကဏ္ဍ၏ ၃၆ ဒသမ ၁ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော မွေးမြူရေးနည်းစနစ်များမှာ လွတ်ကျောင်း မွေးမြူခြင်း၊ စားကျက်စိုက်ပျိုး၍ မွေးမြူခြင်း၊ သွင်းအားစုအပေါ် အခြေခံ၍ မွေးမြူခြင်းတို့ ပါဝင်ပါသည်။ မွေးမြူရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်အပေါ် အနည်းငယ် သက်ရောက်မှုရှိပါသည်။ ကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှု၏ ၁၉ ဒသမ ၅ ရာခိုင်နှုန်းသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထွက်ရှိပါသည်။ ၃၀ ရာခိုင်နှုန်းသော နိုင်ထရိုဂျင်နှင့် ဖော့စဖောရပ်များသည် မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ရေထုထဲသို့ ရောက်ရှိသွားနိုင်ပြီး ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ မွေးမြူရေးခြံများမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုသည် တိရစ္ဆာန်များကို ကျွေးမွေးသော အစာအရည်အသွေးပေါ်တွင် များစွာမူတည်ပါသည်။ အရည်အသွေးကောင်းမွန်သော အစာကိုကျွေးပါက မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချနိုင်ပါသည်။ အော်ဂဲနစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာများကို သုံးစွဲ၍မရပါ။ သမားရိုးကျမွေးမြူရေးစနစ်မှ အော်ဂဲနစ်မွေးမြူရေးစနစ်သို့ပြောင်းလဲရန်အတွက် လူမှုစီးပွားရေး နောက်ခံအချက်အလက်များ၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ မွေးမြူရေးနည်းစနစ်များ၊ တိရစ္ဆာန်အမျိုးအစားများ၊ လုပ်ထုံးလုပ်နည်းများ၊ ကြာမြင့်ချိန်၊ သွင်းအားစုများရရှိနိုင်မှု၊ ဈေးနှုန်း၊ ဈေးကွက်ဖော်ဆောင်ရေး၊ စားသုံးသူပြည်သူများ၏ ကြိုက်နှစ်သက်မှု စသည်တို့ ဖြစ်ပါသည်။

**တောင်းဆိုမှုရှိလာသော အော်ဂဲနစ်မွေးမြူရေး ထွက်ကုန်များ**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ၂၀၂၀ ပြည့်နှစ် မေလ ၄ ရက်နေ့မှ ၉ ရက်နေ့အတွင်း ပြုလုပ်သော စစ်တမ်းများအရ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလတွင် ပြည်သူအများစုသည် အော်ဂဲနစ်စနစ်ဖြင့် ထုတ်လုပ်ထားသော မွေးမြူရေးထွက်ကုန်များကို ပိုမိုစားသုံးလိုကြကြောင်း သုတေသနရလဒ်များအရ သိရှိရပါသည်။ အော်ဂဲနစ်ထုတ်ကုန်များသည် သမားရိုးကျထုတ်ကုန်များထက် ဈေးနှုန်းအနည်းငယ် ကြီးမြင့်သော်လည်း ဝယ်ယူစားသုံးရန် အသင့်ရှိကြောင်း ပြောကြားကြပါသည်။ အော်ဂဲနစ်ထုတ်ကုန်အများစုသည် ပို၍သန့်ရှင်းလတ်ဆတ်ပြီး အစားအစာဘေးကင်းလုံခြုံမှုကို ပို၍ပေးနိုင်သည်ဟု စားသုံးသူအများစုက ထင်မြင်ယူဆကြပါသည်။

Sharma (၂၀၁၀) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အော်ဂဲနစ်ဆိုသည်မှာ သဘာဝနှင့် ပို၍ ကိုက်ညီသော၊ ကျင့်ဝတ်လိုက်နာရသော၊ ဂေဟဗေဒစနစ်နှင့်လိုက်လျောညီထွေဖြစ်သော၊ ရိုးရာဆန်သောစနစ်ဖြင့် မွေးမြူထုတ်လုပ်ခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးဂေဟဗေဒစနစ်ကို တိုးတက်ကောင်းမွန်စေ၍ ဇီဝမျိုးစုံမျိုးကွဲများ၊ ဇီဝဗေဒ ပတ်ဝန်းကျင် စက်ဝန်းနှင့် မြေဆီလွှာ၏ မြေဩဇာတိုးတက်မှုကို ဖြစ်ပေါ်စေပါသည်။ Chander



**“ယနေ့ခေတ်တွင် ပဋိဇီဝဆေးအကြွင်းအကျန်များနှင့် ရောဂါပိုးများသည် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို များစွာခြိမ်းခြောက်လျက်ရှိပါသည်။ ထို့ကြောင့် သမားရိုးကျမွေးမြူရေးမှ တိရစ္ဆာန်သက်သာချောင်ချိရေးနှင့် တိရစ္ဆာန်ကျန်းမာရေးကို အလေးပေးသော အော်ဂဲနစ်မွေးမြူရေးစနစ်ဆီသို့ တဖြည်းဖြည်း ပြောင်းလဲလာကြသည်။ နယ်သာလန်နိုင်ငံတွင် အော်ဂဲနစ်စိုက်ပျိုးမွေးမြူရေးအတွက် ၂၀၁၈ ခုနှစ် စာရင်းအရ မြေဟက်တာပေါင်း ၅၈၀၀၀ ကို အသုံးပြု၍ တိရစ္ဆာန်ကောင်ရေ ၃ ဒသမ ၉ သန်းကို မွေးမြူထားရှိ”**

(၂၀၁၀)၏ သုတေသနပြုချက်အရ အော်ဂဲနစ်စနစ်ဖြင့် မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်များကို ကျွေးသော အစာ၊ တိရစ္ဆာန်များ၏ ကျန်းမာရေး၊ တိရစ္ဆာန်များကို ထားသော ခြံနှင့် လှောင်အိမ်၊ သားစပ်ခြင်းလုပ်ငန်းများတွင် ပဋိဇီဝဆေးဝါးများ၊ ဟော်မုန်းများ၊ မျိုးရိုးဗီဇ ပြုပြင်ထားသော သွင်းအားစုများကို အသုံးမပြုရပါ။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organiza-tion – FAO) ၏ ၁၉၉၉ ခုနှစ် ထုတ်ပြန်ချက်အရ အော်ဂဲနစ်မွေးမြူရေးလုပ်ငန်း များသည် အဓိကအချက် (၄) ချက်ကို လိုက်နာရမည်။ ၎င်းတို့မှာ-

၁။ သဘာဝကိုအခြေခံခြင်း၊

၂။ တိရစ္ဆာန်များ၏ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကို အလေးပေးခြင်း၊

၃။ အရည်အသွေးအကောင်းဆုံး ထုတ်ကုန်ထုတ်လုပ်ရန်သို့ ဦးတည်ခြင်း၊

၄။ ခြံဧရိယာအကျယ်အဝန်းနှင့် တိရစ္ဆာန်ကောင် ရေကို သတ်မှတ်စံချိန်အတိုင်းမွေးမြူရန်တို့ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားတစ်ခု ဖြစ်ပါသည်။ အော်ဂဲနစ်မွေးမြူရေးတွင် အဓိကရည်ရွယ်ချက်နှစ်ခုရှိပါသည်။ ၎င်းတို့မှာ စားသုံးသူပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရေးနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးတို့ဖြစ်ပါသည်။

**ကျန်းမာရေးအတွက် အော်ဂဲနစ်မွေးမြူရေးစနစ် ကောင်းမွန်**

EU ဒေသများတွင် ကျေးလက်ဒေသအကျယ်အဝန်းသည်ဧရိယာ၏ ၉၀ ရာခိုင်နှုန်းရှိ၍ ၂၃ ရာခိုင်နှုန်းသော ပြည်သူများနေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်ကြပါသည်။ EU နိုင်ငံအများစုသည် အော်ဂဲနစ်စနစ်ဖြင့် ထုတ်လုပ်ထားသော နွားနို့နှင့် နွားနို့ထွက်ပစ္စည်းများ၊ ဝက်သား၊ ကြက်သား၊ ကြက်ဥများကို အဓိကထုတ်လုပ်ရာနေရာ ဖြစ်လာပါသည်။ ကမ္ဘာတွင် အသားထုတ်လုပ်မှု ၈၀ ရာခိုင်နှုန်းနှင့် နို့ထွက်ပစ္စည်း ၉၀ ရာခိုင်နှုန်း၏ ဝယ်လိုအားသည် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖြစ်ပါသည်။ အော်ဂဲနစ်မွေးမြူရေးသည် သဘာဝအတိုင်းမွေးမြူရသည်ဖြစ်၍ အမြတ်အစွန်းနည်းပါးနိုင်သော်လည်း ကုန်ကျစရိတ် သက်သာခြင်း၊ ထုတ်ကုန်များအတွက် ဈေးကောင်းရရှိခြင်း၊ စားကျက်ကို အခြေခံ၍ သွင်းအားစုအနည်းငယ်သာ သုံးစွဲပြီးမွေးမြူပါက လေထုထဲသို့ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှု လျှော့ကျခြင်း၊ စားကျက်အရည်အသွေးကို မြှင့်တင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ အော်ဂဲနစ်စနစ်ဖြင့် မွေးမြူရေးလုပ်ခြင်းဖြင့် မြေဆီလွှာ ပြုန်းတီးမှုကိုလည်း ကာကွယ်နိုင်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများကို ပတ်ဝန်းကျင်နှင့် ပိုမို၍သဟဇာတဖြစ်စေနိုင်ပါသည်။ တိရစ္ဆာန်များ၏ အညစ်အကြေးများမှတစ်ဆင့် ဇီဝဓာတ်ငွေ့အဖြစ်ပြောင်း၍ အသုံးပြုနိုင်ခြင်းကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ် ရရှိစေပါသည်။ သို့သော်လည်း အော်ဂဲနစ်မွေးမြူရေးလုပ်ငန်းများအား တစ်ယူနစ်ထုတ်လုပ်မှုပမာဏ နည်းပါးခြင်း၊ အော်ဂဲနစ်စနစ်ဖြင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်မည်ဆိုပါက မြေဧရိယာများစွာလိုအပ်ခြင်း၊ အရည်သွေးကောင်းသော သဘာဝမြေဩဇာ ရှားပါးခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

ကမ္ဘာပေါ်တွင် ၂၀၁၉ ခုနှစ် စာရင်းများအရ နွားကောင်ရေ သန်း ၁၀၀၀ ခန့်၊ ဝက်ကောင်ရေ ၇၆၇ သန်းခန့်နှင့် ကြက်ကောင်ရေ ၉၉၆ သန်းခန့် မွေးမြူထားကြောင်း သိရှိရသည်။ အမေရိကန်နိုင်ငံတွင် ၉၉ ရာခိုင်နှုန်းသော သမားရိုးကျမွေးမြူရေးခြံများမှ ပဋိဇီဝဆေးကြွင်းဆေးကျန်များ၊ ရောဂါပိုးများ၊ ဓာတုအကြွင်းအကျန်များ ထွက်ရှိနေကြောင်း သုတေသနရလဒ်များအရ သိရှိပါသည်။ ယနေ့ခေတ်တွင် ပဋိဇီဝဆေးအကြွင်းအကျန်များနှင့် ရောဂါပိုးများသည် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို များစွာခြိမ်းခြောက်လျက်ရှိပါသည်။ ထို့ကြောင့် သမားရိုးကျမွေးမြူရေးမှတိရစ္ဆာန်သက်သာချောင်ချိရေးနှင့် တိရစ္ဆာန်ကျန်းမာရေးကို အလေးပေးသော အော်ဂဲနစ်မွေးမြူရေးစနစ်ဆီသို့ တဖြည်းဖြည်းပြောင်းလဲလာကြသည်။ နယ်သာလန်နိုင်ငံတွင် အော်ဂဲနစ်စိုက်ပျိုးမွေးမြူရေးအတွက် ၂၀၁၈ ခုနှစ် စာရင်းအရ မြေဟက်တာပေါင်း ၅၈၀၀၀ ကို အသုံးပြု၍ တိရစ္ဆာန်ကောင်ရေ ၃ ဒသမ ၉ သန်းကို မွေးမြူထားရှိပါသည်။ ၎င်းသည် တစ်နိုင်ငံလုံးတွင် မွေးမြူထားသော တိရစ္ဆာန်ကောင်ရေ၏ ၂၀ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။ အော်ဂဲနစ်ထုတ်ကုန်အများစုကို ဖွံ့ဖြိုးဆဲနိုင်ငံများမှ အဓိကထုတ်လုပ်ပြီး စားသုံးသူပြည်သူအများစုမှာ ဖွံ့ဖြိုးပြီးနိုင်ငံများမှဖြစ်ကြပါသည်။ ၂၀၁၉ ခုနှစ် သုတေသန စစ်တမ်းများအရ အော်ဂဲနစ်ထုတ်ကုန်များကို နိုင်ငံပေါင်း ၁၆၀ တွင် မြေဟက်တာပေါင်း ၃၇ ဒသမ ၂ သန်းကို အသုံးပြုပြီး အမေရိကန် ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံတန်ဖိုးရှိသော အော်ဂဲနစ်ထုတ်ကုန်များကို ထုတ်လုပ်နေကြပါသည်။ ထုတ်လုပ်မှုအနေဖြင့် အာရှဒေသမှ ၄၀ ရာခိုင်နှုန်း၊ အာဖရိကဒေသမှ ၂၈ ရာခိုင်နှုန်း၊ လက်တင်အမေရိကဒေသမှ ၁၆ ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။ ကမ္ဘာ့ထိပ်တန်း အော်ဂဲနစ် ထုတ်ကုန် ထုတ်လုပ်မှုတွင် အိန္ဒိယ၊ မက္ကဆီကို၊ ယူဂန္ဒာ၊ နမီးဘီးယား၊ အာဂျင်တီးနား၊ ဘရာဇီးနိုင်ငံများ ဖြစ်ကြပါသည်။

**အော်ဂဲနစ်ဖြစ်ကြောင်း စစ်ဆေးမှုလေးဆင့်**

အော်ဂဲနစ်ထုတ်ကုန် ဈေးကွက်မှာ မွေးမြူရေးထုတ်ကုန်ထက် စိုက်ပျိုးရေးထုတ်ကုန်များက ပိုမိုများပြားပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အော်ဂဲနစ်ထုတ်ကုန် အများစုကို ဖွံ့ဖြိုးဆဲနိုင်ငံများမှ ထုတ်လုပ်လျက်ရှိပြီး ဖွံ့ဖြိုးပြီး နိုင်ငံများမှ ဝယ်ယူလျက်ရှိသဖြင့် အော်ဂဲနစ်မွေးမြူရေး ထုတ်ကုန်များအတွက် ဈေးကွက်ရှိနေပြီး ဖြစ်ပါသည်။ အော်ဂဲနစ်မွေးမြူရေး ထုတ်ကုန်များကို အာမခံချက်ပေးရာတွင် အရည်အသွေးအတွက်သာမက မွေးမြူရေးခြံမှ စားသုံးသူလက်ထဲသို့ ရောက်ရှိသည်အထိ ထုတ်လုပ်မှု လုပ်ငန်းစဉ်တိုင်းအတွက် အာမခံချက်ပေးရန် လိုအပ်သည်။ ကမ္ဘာပေါ်တွင် အော်ဂဲနစ်ထုတ်ကုန်ဖြစ်ကြောင်း သက်သေခံလက်မှတ်ထုတ်ပေးနိုင်သော အဖွဲ့အစည်းပေါင်း ၄၆၈ ခုရှိ၍ ၃၇ ရာခိုင်နှုန်းသည် ဥရောပဒေသမှလည်းကောင်း၊ ၃၁ ရာခိုင်နှုန်းသည် အာရှဒေသမှလည်းကောင်း၊ ၁၈ ရာခိုင်နှုန်းသည် မြောက်အမေရိကဒေသမှလည်းကောင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။ အဖွဲ့အစည်းအများစုသည် အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဂျာမနီ၊ ဂျပန် နိုင်ငံတို့တွင် အခြေစိုက်ကြပါသည်။ အဖွဲ့အစည်းများ၏ ၃၂ ရာခိုင်နှုန်းကို အီးယူမှအသိအမှတ်ပြု၍ ၂၈ ရာခိုင်နှုန်းကို ISO မှ အသိအမှတ်ပြုပါသည်။ အော်ဂဲနစ်ထုတ်ကုန်ဖြစ်ကြောင်း ခွင့်ပြုချက်ရရှိရန် အဆင့် (၄) ဆင့်ဖြင့် စစ်ဆေးခံရန် လိုအပ်ပါသည်။ ယင်းအဆင့်များမှာ-

၁။ ထုတ်လုပ်မှုနှင့် လုပ်ငန်းစဉ်လည်ပတ်မှုကို မှတ်ပုံတင်ခြင်း၊

၂။ သွင်းအားစုများနှင့် မွေးမြူရေးခြံကို မှတ်ပုံတင်ခြင်း၊

၃။ မြေပြင်အနေအထားနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို အစစ်အဆေးခံခြင်း၊

၄။ ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် အခြားလုပ်ငန်းစဉ်များကို အေဂျင်စီတစ်ခုဖြင့် အစစ်ဆေးခံခြင်းတို့ ဖြစ်ပါသည်။

သမားရိုးကျမွေးမြူရေးခြံမှ အော်ဂဲနစ်မွေးမြူရေးခြံအဖြစ်သို့ ပြောင်းလဲရန်အချိန်သည် ၁ နှစ် မှ ၃ နှစ်အထိ ကြာမြင့်နိုင်ပါသည်။ အော်ဂဲနစ်မွေးမြူရေးသည် သမားရိုးကျ မွေးမြူရေးထက်ထုတ်လုပ်မှု ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ လျော့နည်းနိုင်ပါသည်။ အော်ဂဲနစ်မွေးမြူရေးထုတ်ကုန်များကို စနစ်တကျ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ဈေးကွက်သို့ ပို့ဆောင်ခြင်း၊ အသိအမှတ်ပြုအဖွဲ့အစည်းမှ အော်ဂဲနစ်ထုတ်ကုန်ဖြစ်ကြောင်း အသိအမှတ်ပြုထားသော အချက်အလက်များကို အညွှန်းစာရွက်တွင် ဖော်ပြထားရမည်။ အော်ဂဲနစ်စနစ်ဖြင့် မွေးမြူထားသော တိရစ္ဆာန်များကို ရောဂါကာကွယ်ခြင်း၊ ဓာတုပစ္စည်းမဟုတ်သော သန်ချဆေးများကို အသုံးပြုခြင်း စသည့် ရောဂါကာကွယ် ထိန်းချုပ်ခြင်း နည်းလမ်းများကို အသုံးပြုရမည်။ အော်ဂဲနစ်ထုတ်ကုန်များသည် သန့်ရှင်းလတ်ဆတ်ခြင်း၊ အစားအစာဘေးကင်း လုံခြုံခြင်း၊ သဘာဝနည်းဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း အာမခံချက်ရှိခြင်းစသည်တို့ ဖြစ်ပါသည်။ မျက်မှောက်ကာလတွင် အော်ဂဲနစ် ထုတ်ကုန်နှင့် ပတ်သက်သော သုတေသနအများစုကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လုပ်ဆောင်ကြပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း အော်ဂဲနစ်မွေးမြူရေးနှင့် ပတ်သက်၍ သုတေသနကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

နမီးဘီးယားနိုင်ငံသည် နွားမွေးမြူရေးတွင် တိရစ္ဆာန်သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်သောကြောင့် အမဲသားဈေးကွက်မှာ အခြားအာဖရိကနိုင်ငံများထက် နမီးဘီးယား အမဲသားကို စားသုံးသူများ ပိုမိုလက်ခံယုံကြည်ကြပါသည်။ အော်ဂဲနစ်မွေးမြူရေးတွင် တိရစ္ဆာန်များသည် ရောဂါဝေဒနာများ ခံစားနေရပါက ပြန်လည်သက်သာလာစေရန် နောက်ဆုံးအခွင့်အရေးအနေဖြင့် ပဋိဇီဝဆေးဝါးများကို အသုံးပြုနိုင်ပါသည်။

*စာမျက်နှာ ၂၄ သို့*

## မြန်မာမိန်းကလေးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာမိန်းကလေးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဖြင့် အလုပ်နှင့် ထောင်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် မော်လမြိုင်မြို့နေ ကရင်(ခ)ကိုမင်း(ခ)ဖိုးထွန်း(ခ)ကျော်ကိုမင်း၊ မခင်ဌေး (ခ)မခင်အေးနှင့် ပေါင်မြို့နယ်နေ မစိုးဝင်းတို့သည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြောက်ဇဂျမ်းကုန်းရွာနေ မ---- (၂၅ နှစ်)အား တရုတ်နိုင်ငံတွင် အိမ်ဖော်အလုပ် ခြောက်လ လုပ်ပါက ငွေကျပ် ၁၅ သိန်းရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့မှုအတွက် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း နယ်မြေရဲစခန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မော်လမြိုင် ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၀ ရက်တွင် တရားခံ မစိုးဝင်းနှင့် ကိုမင်းတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီနှင့် ဇူလိုင် ၂၇ ရက်တွင် တရားခံ မခင်ဌေး (ခ)မခင်အေး အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးလှိုင်သာယာမြို့နယ်နေ မသီတာတိုး (ခ)တိုးတိုး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် စမ်းနားရွာနေ မဌေးဌေးဝင်း (ခ)မဌေးဝင်းနှင့် တရုတ်နိုင်ငံ ဟဲနန်ပြည်နယ်နေ မချိုချိုဝင်း (တိမ်းရှောင်)တို့သည် လှိုင်သာယာမြို့နယ်နေ မ---- (၁၈ နှစ်)အား တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူလျှင် ငွေကျပ် ၁၀ သိန်းရမည်၊ ချမ်းချမ်းသာသာ နေရမည်၊ တစ်နှစ်စာချုပ်ဖြင့် ပေါင်းသင်းရမည်၊ မင်္ဂလာဆောင်ရမည်၊ တစ်နှစ်ပြည့်ပြီး ပြန်ချင်လျှင် ပြန်ခေါ်ပေးမည်ဟု စည်းရုံးပြောဆိုကာ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့မှုအတွက် မှူဆယ်မြို့မရဲစခန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၄ ရက်တွင် တရားခံ မသီတာတိုး (ခ)တိုးတိုးနှင့် မဌေးဌေးဝင်း(ခ)မဌေးဝင်းတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံကို တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

### ❒ ကျောဖုံးမှ

ဘိုင်ယန်မြူးနစ်အသင်းကို ယှဉ်ပြိုင်နိုင်ရန် အလို့ငှာ ရာသီအကြိုပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထွက်ပေါ်လာသော သတင်းများအရ ဒေါ့မွန်အသင်းသည် အသင်းမှ ဆန်ချိုကို ထွက်ခွာသွားပါက အဆိုပါ ကစားသမား၏နေရာကို အစားထိုးခေါ်ယူရန်အတွက် ကင်းထောက်များ စေလွှတ်ထားကြောင်း သိရသည်။ လိုင်လီအသင်းမှ ဂျိုနသန် အီကိုနီသည် ၎င်းတို့ ခေါ်ယူလိုနေသည့် ကစားသမားများထဲမှ တစ်ဦးဖြစ်ကြောင်း သိရသည်။ ဆက်ဆူအိုလိုတိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ ဘိုဂါသည်လည်း ဒေါ့မွန်အသင်း ခေါ်ယူအစားထိုးလိုနေသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

ဂျာမန်သတင်းများ၏ ဖော်ပြချက်အရ မန်ယူအသင်းသည် ဆန်ချိုကို ခေါ်ယူမည်ဆိုပါက ရက်သတ္တနှစ်ပတ်အတွင်း လုပ်ဆောင်ရန် လိုအပ်ကြောင်း သိရသည်။ ဒေါ့မွန်အသင်းသည် ရာသီအကြိုပြင်ဆင်မှုအဖြစ် ဩဂုတ် ၁၀ ရက်တွင် ဆွစ်ဇာလန်နိုင်ငံကို ထွက်ခွာမည်ဖြစ်ပြီး ထိုရက်ကျော်လွန်ပါက ဆန်ချိုကို ရောင်းထုတ်သွားမည်မဟုတ်ကြောင်း သိရသည်။ ဆန်ချိုသည် ယခုနှစ်ရာသီတွင် ဒေါ့မွန်အသင်း၏ တိုက်စစ်ပိုင်းအခန်းကဏ္ဍ၌ အဓိကအရေးပါသူဖြစ်ခဲ့ပြီး ၄၄ ပွဲ ကစားထားရာတွင် ဂိုး ၂၀ သွင်းယူပေးနိုင်ကာ ဂိုးရရှိအောင် အကြိမ် ၂၀ အထိ ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် အသက် (၂၀ အရွယ်) ဆန်ချိုကို ခေါ်ယူရန် ရက်သတ္တနှစ်ပတ်သာ ရှိနေသည့်အတွက် ထိုရက်သတ္တနှစ်ပတ်အတွင်း ဒေါ့မွန်အသင်းတောင်းဆိုသည့် ပြောင်းရွှေ့ကြေးပေးချေပြီး အိုးထရက်ဖို့ဒ်သို့ ခေါ်ယူဆောင်ကြဉ်းသွားနိုင်မလား စောင့်ကြည့်ရဦးမည် ဖြစ်သည်။

**အောင်ဇော်**

## မုတ်သုံလေ အားအသင့် အတင့်ရှိနေ

**နေပြည်တော် ဇူလိုင် ၂၈**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

## ငါးသိုင်းချောင်းမြို့ ငဝန်ရေကာတာအခြေအနေကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ငါးသိုင်းချောင်း ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ငဝန်ရေကာတာ တာမိုင်(၄၅/၆)ရှိ ဇောခိရေကောင်းစခန်းအမှတ်(၂)၌ ငဝန်မြစ်ရေအခြေအနေ၊ ရေကာတာကြံ့ခိုင်မှု အခြေအနေနှင့် ရေဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၆ ရက်က ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်အား တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေနှင့် ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ငဝန်ရေကာတာ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်း၊ ရေဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုများနှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြား၍ ဌာနဝန်ထမ်းများနှင့် တာလုပ်သားများအား အားပေးစကားပြောကြားသည်။

ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ရှိ ငဝန်ရေကာတာ၏ ရေကာတာ စိုးရိမ်ရေ အမှတ်မှာ ၂၈ ပေဖြစ်ပြီး ဇူလိုင် ၂၆ ရက်တွင် တိုင်းထွာချက်အရ မြစ်ရေသည် ၂၆ ဒသမ ၈ ပေရှိနေကာ စိုးရိမ်ရေအမှတ်သို့ရောက်ရှိရန် တစ်ပေခန့်အလိုသို့ ရောက်ရှိနေကြောင်း၊ ရေကာတာစိုးရိမ်ရေအမှတ်သို့ ရောက်ရှိလာပါက ရေကာတာမိုင်အရှည် စုစုပေါင်း ၂၂ မိုင်တွင် ဌာနရေကင်းလေးခုစတင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ငဝန်မြစ်ရေ ဆက်လက်မြင့်တက်လာပါက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရေဘေးကြိုတင်ကာကွယ်ရေး၊ ရေကာတာကြံ့ခိုင်မှုကောင်းမွန်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိအခြေအနေတွင် မြို့နယ်အတွင်းရှိ ငဝန်ရေကာတာမှာ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



**စိုးမင်းဦး(ပြန်/ဆက်)**

*စာမျက်နှာ ၂၂ မှ*

တည်ဆောက်ခဲ့သော ပုခန်းမြို့ရိုးနှင့် ကျုံးတို့ကို ထပ်မံပြုပြင်တည်ဆောက်သည်။ မြေမျက်နှာပြင်အနေအထားအရ ပုခန်းကြီးမြို့ရိုး၊ ကျုံးတို့သည် ချင်းတွင်း မြစ်ထက်မြင့်နေ၍ ရေမဝင်နိုင်၊ နောက်မင်းများ လက်ထက်တွင် ရှင်မတောင်မှ ကျလာသောမိုးရေကို သက်ရွာအနောက်ဘက်၊ ကန်စွယ်ကန်မှတစ်ဆင့် ကန်စွယ်မြောင်းအတိုင်း မြို့ရိုးမြောက်ဖျားမှ သွင်းသည်။ ပိုသည့်ကျုံးရေများကို ချင်းတွင်းမြစ်ထဲထုတ်ပစ်သဖြင့် အရှေ့ဘက်တွင် ရေထုတ်ပေါက် လျှော့ရိုးရှိသည်ဆို၏၊ မြို့မြောက်ဘက်မှ ရေဝင်သည်ဟု (ဦးဌေးဝင်းမောင်)က ပြောပြသည်။

အစပထမမှာ မြေသားမြို့ရိုးဖြစ်သည်။ တစီးရှင်သီဟသူ၏ နန်းသက်မှာလည်း ၁၀ နှစ်ခန့်သာ ကြာခဲ့သဖြင့် ပုခန်းကြီး ကျုံးမြို့ရိုးတို့ကို ခိုင်ခံ့အောင် မလုပ်နိုင်ပေ။ ပင်းယမင်းဆက်ပျက်သောအခါ သတိုးမင်းဖျားသည် အေဒီ ၁၃၆၄ ခုနှစ်တွင် အင်းဝကိုတည်သည်၊ သုံးနှစ်မျှသာ၊ ရှင်ဘုရင်လုပ်လိုက်ရသည်။ နတ်ရွာစံသည်၊ အေဒီ ၁၃၆၇ ခုနှစ်တွင် မင်းကြီးစွာစော်ကဲနန်းတက်သည်။ မင်းကြီးစွာစော်ကဲသည် သူ၏စောမည်းအမတ်ကို ပုခန်းကြီးမြို့စား ခန့်အပ်သည်။ ယခင်ရှိပြီး မြေသားကျုံးနှင့် မြေမြို့ရိုးကို ပိုမိုခိုင်ခံ့စေရန် အုတ်မြို့ရိုးအဖြစ် တည်ဆောက်စေသည်။

အေဒီ ၁၄၀၀ ခန့်က စောမည်းအမတ်တည်ထားခဲ့သော ပုခန်းကြီး အုတ်မြို့ရိုးကြီးသည် ယခု ၂၀၂၀ ဆိုလျှင် နှစ်ပေါင်း ၆၀၀ ခန့်ကြာပြီဖြစ်သည်။ စောမည်းအမတ်နောက်ခန့်အပ်သော ပုခန်းကြီးမြို့စားမှာ တရဖျား ဖြစ်သည်။ အေဒီ ၁၄၁၈ ခုနှစ်တွင် မိုးညှင်းမင်းတရားကြီးသည် ပုခန်းသို့ စစ်ချီလာသည်။ အင်းဝဘုရင် ကလေးကျေးတောင်ညိုနှင့် မိဖုရား ရှင်ဘို့မယ်တို့သည် မိုးညှင်းမင်း၏ စစ်တပ်ကို ပုခန်းကြီးမြို့စား တရဖျားက ခုခံတိုက်ခိုက်ရန် အမိန့်ပေးသည်။ တရဖျားသည် ကလေးကျေးတောင်ညို၏ မိဖုရားရှင်စောပု (နောင်မွန်ဘုရင်မကြီး)ကို ပုခန်းပို့ပေးမှသာ စစ်တိုက်မည် ဟု ပြောသည်၊ ရှင်ဘုရင်က ရှင်စောပုကို ပုခန်းသို့ပို့ပေးသည်။ တရဖျားသည် ပုခန်းကြီးမြို့ရိုးနှင့် ကျုံးတို့ကို ပိုမိုခိုင်မာအောင် ထပ်မံပြုပြင်သည်။ မိုးညှင်းမင်းတရားကြီး၏ စစ်တပ်တွင် တိုက်ဆင် ၂၀၀၊ မြင်း ၃၀၀၀၊ စစ်သည် ၅၀၀၀၀ နှင့် ဝန်းရံတိုက်ခိုက်ရာ ခုနစ်ရက်ကြာ ဝန်းရံတိုက်ခိုက်ရသည်ဟု ဆိုသည်။ ပုခန်းကြီးမြို့ရိုးကြီး၏ ကြီးကျယ်ခိုင်ခံ့မှုကို မှန်းဆ၍ရနိုင်သည်။ ယခုမြင်ရသောမြို့ရိုးမှာ အေဒီ ၁၇၃၃-၁၇၅၁ ခုနှစ်တွင် အင်းဝတွင် နန်းတက်သော ဟံသာဝတီပါ မင်းကြီးလက်ထက်တွင် နောက်ဆုံးပြုပြင်တည်ဆောက်ခဲ့သော အခြေအနေဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် ပုခန်းကြီးကို ခရိုင်ဝန်၊ မြို့ဝန်စစ်ကဲနှစ်ဦး၊ သွေးသောက်ကြီးနှစ်ဦး၊ ကွန်းဘိုးထိန်းတစ်ဦး (မြေစာရေး)ဖြင့် အုပ်ချုပ်သည်။

### ထင်သာမြင်သာရှိလာသော ပုခန်းကြီးမြို့ရိုး

ပုခန်းကြီးမြို့ရိုးတည်ဆောက်ပုံသည် တခြားဘယ်မြို့ရိုးနှင့်မျှမတူဘဲ အကွေ့အကောက်၊ အနိမ့်အမြင့် များလှသည်။ အေဒီ ၁၄၀၀ ခန့်က စောမည်းအမတ်ကြီးသည် အုတ်မြို့ရိုးကို တည်ဆောက်ရာတွင် အရှေ့ဘက်မှာ လင်းမွှေရိုး၊ မြောက်ဘက်မှာ မယ်ယက်ခို၊ အနောက်ဘက်မှာ ခိုနန်းချိုး၊ တောင်ဘက်မှာ လှိုင်းထပုံဖြင့် အဆန်းတကြယ် တည်ဆောက်ခဲ့သည်။ မြန်မာပြည်အခြားမြို့ရိုးများနှင့် ဘယ်မြို့ရိုးနှင့်မှမတူပေ၊ အမြင့်ပေ ၂၀ ရှိသည်။ မြို့ရိုးကြီးတွင် တံခါးမကြီး လေးပေါက်နှင့် တံခါးငယ် ၂၀ ပေါက်ပါဝင်သည်။ တံခါးကြီးလေးပေါက်တွင် အစောင့်များဖြစ်စေရန် လူများကို စတေးခဲ့သည်-

၁။ အရှေ့ဘက် ကြွယ်ဝတံခါးတွင် လက်ပံရွာစား၊

၂။ တောင်ဘက် ကျောက်ပုံတံခါးတွင် ငသောကြာ၊

၃။ အနောက်ဘက်သာစည်တံခါးတွင် မိလှကြီး၊

၄။ မြောက်ဘက်ဝင်း မနာတံခါးတွင် မိလှငယ်တို့ကို စတေးခဲ့သည်။ မိလှကြီးနှင့် မိလှငယ်တို့မှာ မြိုင်မြို့နယ်၊ ကျောက်ဖူးရွာသူများ ဖြစ်သည်ဟုဆို၏။

မည်သို့ပင်ဖြစ်စေ ပုခန်းကြီးမြို့ရိုးနှင့် ကျုံးတို့သည် နှစ်ပေါင်း ၁၃၀၀ ခန့်ကြာခဲ့ပြီဖြစ်သည်။ ပုဂံမြို့ရိုးထက်နှစ် ၁၀၀ စောပြီး၊ အနော်ရထာမင်းထက်နှစ် ၃၀၀ စောသည်။ မြို့ရိုးနှင့်ကျုံးတို့သည် တခြားမြို့ရိုးတို့နှင့် နှိုင်းယှဉ်လျှင် အပျက်အစီးနည်းသည်။ မူရင်းပုံကို မှန်းဆကြည့်မြင်နိုင်သည်။ ယခုအခါ ကန္တာရပင်များကို ဆေးထိုးသတ်လိုက်သဖြင့် ပိုမိုထင်သာမြင်သာရှိလာပြီး နိုင်ငံခြားသားတို့ စိတ်ဝင်စားစေမည့် ပြကွက်တစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

*စာမျက်နှာ ၂၃ မှ*

ရောဂါကာကွယ်နိုင်သည့် အခြားနည်းလမ်းများမှာ ဒေသနှင့် ကိုက်ညီသောမျိုးများကို ရွေးချယ်မွေးမြူခြင်း၊ သဘာဝနှင့်လိုက်လျောညီထွေဖြစ်စေခြင်း၊ တိရစ္ဆာန်များ မွေးမြူရာတွင် အသုံးပြုသည့်ခြံ သို့မဟုတ် လှောင်အိမ်ကို စနစ်တကျ နေရာချထားခြင်း၊ အစားအစာ ကောင်းမွန်စွာ ကျွေးမွေးခြင်းတို့ ပါဝင်ပါသည်။ အော်ဂဲနစ်ထုတ်ကုန်ထုတ်လုပ်ရာတွင် တိရစ္ဆာန်များကို မွေးမြူရာဒေသ၊ ကျွေးမွေးသည့်အစာ၊ မွေးမြူထားသောကောင်ရေ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှု စသည်တို့ကို မှန်ကန်စွာမှတ်တမ်းထားရှိရမည်။

### သမားရိုးကျမှ ပြောင်းလဲသင့်သော အော်ဂဲနစ်မွေးမြူရေးစနစ်

တစ်ပိုင်တစ်နိုင် မွေးမြူရေးခြံအများစုသည် အော်ဂဲနစ်မွေးမြူရေးထုတ်လုပ်မှုကို နိုင်ငံခြားပို့ကုန်အနေဖြင့် မဆောင်ရွက်နိုင်ပေ။ အကြောင်းမှာ မွေးမြူထားသော ကောင်ရေနည်းပါးခြင်း၊ အခြေခံအဆောက်အအုံနည်းပါးခြင်း၊ မွေးမြူထုတ်လုပ်ရေးနည်းစနစ်မမှန်ကန်ခြင်း စသည်တို့ကြောင့် အရည်အသွေးနိမ့်သော ထုတ်ကုန်ထုတ်လုပ်ခြင်းကို ဦးတည်စေပါသည်။ အော်ဂဲနစ်နွားမွေးမြူရေးတွင် အစာ၏ ၃၀ ရာခိုင်နှုန်းသည် စားကျက်ကို အခြေခံရမည်ဟူ၍ ပါရှိပါသည်။ အာဖရိကအလယ်ပိုင်းနှင့် တောင်အမေရိကနိုင်ငံများတွင် စိုက်ပျိုးထားသော စားကျက်များစွာမရှိဘဲ သဘာဝအတိုင်း ပေါက်ရောက်သော စားကျက်များတွင်သာ လွှတ်ကျောင်း မွေးမြူကြပါသည်။ ၂၀၀၉ ခုနှစ်စာရင်းအရ အဆိုပါ ဒေသများတွင် အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော စားကျက်မြေဟက်တာ ၂၃ သန်းခန့် ရှိပါသည်။

အာရှနိုင်ငံအများစုတွင် အော်ဂဲနစ်သွင်းအားစုဖြင့် ထုတ်လုပ်ထားသော အစာ၊ စားကျက်နည်းပါးရခြင်းကြောင့် အော်ဂဲနစ်မွေးမြူရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ်လုပ်ကိုင်လာခြင်း မရှိသေးပေ။ အော်ဂဲနစ်စနစ်ဖြင့် မွေးမြူထုတ်လုပ်ထားသော ကြက်သားနှင့် ဝက်သားများကို ဈေးကွက်တွင် အနည်းငယ်သာတွေ့ရပါသည်။ အော်ဂဲနစ်နည်းစနစ်ဖြင့် မွေးမြူထားသော ငါး၊ ပုစွန်များကို တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ မြန်မာနိုင်ငံတို့တွင် အနည်းငယ်သာ တွေ့ရှိနိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ရာသီဥတုနှင့် ဂေဟဗေဒအခြေအနေကောင်းများကြောင့် အော်ဂဲနစ်မွေးမြူရေးအတွက် အခွင့်အလမ်းများစွာရှိသော်လည်း စံသတ်မှတ်ချက်မီရန်နှင့် အသိအမှတ်ပြုလက်မှတ်ရရှိရေးတွင် စိန်ခေါ်မှုများစွာ ရှိနေပါသည်။ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ သီရိလင်္ကာ၊ ကင်ညာ၊ တန်ဇန်းနီးယား၊ အီသီယိုးပီးယား၊ အာဂျင်တီးနား၊ ဘရာဇီး စသည့်နိုင်ငံတို့သည် ကမ္ဘာ့အော်ဂဲနစ်ဈေးကွက်ကို ကြီးစိုးထားသော နိုင်ငံများ ဖြစ်ကြသည်။ အော်ဂဲနစ်ထုတ်ကုန်အများစုသည် တောင်ကမ္ဘာခြမ်းမှဖြစ်၍ စားသုံးသူအများစုသည် မြောက်ကမ္ဘာခြမ်းမှဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း Covid-19 အလွန်ကာလတွင် စားသုံးသူများ၏ လိုအပ်ချက်ဖြစ်သော အစားအစာဘေးကင်းလုံခြုံရေးကို ဦးတည်သော အော်ဂဲနစ်မွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် သမားရိုးကျမွေးမြူရေးနည်းစနစ်မှ အော်ဂဲနစ်မွေးမြူရေးစနစ်သို့ ပြောင်းလဲတိုးတက်လုပ်ကိုင်ရန် အကြံပြုတင်ပြအပ်ပါသည်။ ။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံချက်စက်ရုံများမှ ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ရေနံထွက်ပစ္စည်း အမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|---|
| | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | သံပရာကန် | စီဂျီအို | ဂါလန် | ၅၀၀၀၀၀ | ၂၈-၈-၂၀၂၀ | ၁၃:၀၀ | ၂၈-၈-၂၀၂၀ | ၁၄:၀၀ |
| ၂ | သံပရာကန် | ရေနံမီးသွေး | မက်ထရစ်တန် | ၁၀၀၀ | ၂၈-၈-၂၀၂၀ | ၁၃:၀၀ | ၂၈-၈-၂၀၂၀ | ၁၄:၀၀ |
| ၃ | ချောက် | ဖယောင်းစစ်ကျ ကျန်ရည် | ဂါလန် | ၄၁၆၈၉ | ၂၈-၈-၂၀၂၀ | ၁၃:၀၀ | ၂၈-၈-၂၀၂၀ | ၁၄:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## CLAIMS DAY NOTICE
## MV– MALAYSIA STAR V.EAL. 7

Consignees of cargo carried by MV– MALAYSIA STAR V.EAL.7 are here by notified that the vessel will arrive on about 01–08–2020 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to (11:20)AM and (12:00)NOON to (04:00)PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- ၂၃၀၁၁၃၉၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

မဟာ **SEVEN** စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

### အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/2755 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/9880 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/6697 Toyota Landcruiser HDJ 81 S/W (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထူး ၉/ပမန(နိုင်)၁၇၂၇၉၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၄၇၇၀၉ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသန္တာစိုး ၉/မတရ(နိုင်)၁၅၆၄၄၁က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၂၊မြေကွက်အမှတ်-၉၂၉၊မြေကွက်တည်နေရာအမှတ်(၉၂၉)၊မာဃ(၁၂)လမ်း၊(၁၂)ရပ်ကွက်၊တောင်ဥက္ကလာပ မောင်မောင်မြင့်(ISN-၄၅၃၀၁၅)အမည်ပေါက်-နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးမောင်မောင်မြင့်(ISN-၄၅၃၀၁၅)သည်(၇-၁၂-၂၀၁၄)ရက်နေ့တွင်လည်းကောင်း (ဇနီး)ဒေါ်သိန်းအေးသည်(၁၅-၁-၂၀၀၇)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်သဖြင့်ဦးထွန်းမြင့်ဦး(၁၂/ဥကတ(နိုင်)၁၄၅၂၇၄)၊ဦးမိုးမြင့်(၁၂/ရကန(နိုင်)၀၄၂၅၄၉)၊ဦးတိုးမြင့်(၁၂/ဥကတ(နိုင်)၁၁၈၅၆၃)တို့မှသားများတော်စပ်ကြောင်းကျမ်းကျိန်လွှာ-၈၅၄/၁၉(၁၀-၉-၁၉)၊သေစာရင်းများ၊အိမ်ထောင်စုစာရင်းများ၊ဦးမောင်မောင်မြင့်အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍၄င်းတို့ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၄၁၉/၁၉(၃-၉-၂၀၁၉)ဖြင့်ရရှိသူ GP ဦးစိုးကြည်မြင့်(၁၂/ဥကတ(နိုင်)၀၀၆၆၂၉)မှပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုတ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ-၈၈၈/၁၉(၁၁-၉-၂၀၁၉)ကိုတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့၊ (၁၂)ရပ်ကွက်၊ အောင်သဇင်(၃)လမ်း၊ အမှတ်(၅၉၆) ဟု ခေါ်တွင်သော ပေ(၄၀x၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မူမူအောင် ၁၂/မဘန(နိုင်) ၀၁၈၀၀၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီကြသဖြင့် ရောင်းဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်အောင် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၀၄၄၈)**
**အမှတ် (၆၉/၄-ဘီ) ဗဟိုလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၇၀၁၁၇၈၄**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄+၂၆)၊ မြေကွက်အမှတ်(၂၁၉)၊ သုမင်္ဂလာအိမ်ရာ၊ ဧရိယာ (၀.၁၁၆ ဧက) နှစ်(၆၀) မြေငှားဂရန်ရှိ ဦးညာဏ်လင်း ၁၃/တကန(နိုင်)၀၄၇၀၁၁၊ ဒေါ်တင်တင်အေး ၁၃/တကန(နိုင်)၀၄၇၀၁၂ အမည်ပေါက် ထံမှ ဦးခင်မောင်အေး ၉/အမရ(နိုင်)၀၅၉၇၂၂၊ ဒေါ်ခင်ဆွေသန်း(ခ) ဒေါ်ခင်ထွေးရီ ၉/မရမ(နိုင်)၀၄၅၄၃၂ တို့မှ လက်ဝယ်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက ဥပစာအား လက်ရောက်ယူ၍ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၇၆၄၈၀၉၈၀၀**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## "ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်"

၂၀၂၀ပြည့်နှစ်၊ ဩဂုတ် ၄ ရက်မှ ဩဂုတ် ၆ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၀ဒသမ၀၅)ပေခန့်မှ (၂၀ဒသမ၁၈)ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ(၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်(၂၀)ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေးသတင်း ထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေး အကြောင်းကြားအပ်ပါသည်။

## အများပြည်သူသို့သတိပေးပန်ကြားချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ငမိုးရိပ်တံတားဟောင်း(သံပေါင်တံတား)၏ အပေါ်ပိုင်းသံထည် ဖြိုဖျက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်ထားသူမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၇-၇-၂၀၂၀ရက်တွင် စတင်၍ ဆောင်ရွက်မည်ဖြစ်ရာနေ့စဉ် နံနက် ၅နာရီမှ ညနေ ၆နာရီအတွင်း ငမိုးရိပ်ချောင်းအတွင်း ဖြတ်သန်းသွားလာနိုင်သည့် ရေလမ်းကြောင်းကို အချက်ပြမီးအစိမ်းရောင်ဖြင့် ပြသထားမည်ဖြစ်ပြီး တားမြစ်ကန့်သတ်ထားသည့် ရေလမ်းကြောင်းကို အချက်ပြမီး အနီရောင်ဖြင့် ပြသထားပါမည်။

၂။ သို့ဖြစ်ပါ၍ ငမိုးရိပ်ချောင်းအတွင်းသွားလာနေသော ရေယာဉ်ကြီး၊ ရေယာဉ်ငယ်များသည် သတ်မှတ်ရေကြောင်းမှသာ ဂရုပြုသွားလာကြပါရန် သတိပေးအပ်ပါသည်။

**လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA)-(RA-3)၊ အကွက်အမှတ်(တ-၀၂)ရှိ ယာယီမြေပေးမိန့်အမှတ်(၇၇၂/၂၀၂၀)အရ မြေကွက်အမှတ်(၀၇၆၀)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ၎င်းကိုယ်တိုင်အမည်ပေါက်ရရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိသူဟုဆိုသူ ဦးဝင်းနိုင် ၁၂/တတန(နိုင်)၀၈၁၁၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထားများ နှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညီမှာ LL.B**
**အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

မကွေးမြို့၊အောင်မေတ္တာ(ခ)ရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆၅၅-အုတ်ဖို)၊ဦးပိုင်အမှတ်(၅၄၀)၊ ဧရိယာ ၀ ဒသမ ၀၉၇ ဧကရှိ မြေကွက်ကိုလည်းကောင်း၊အောင်မေတ္တာ(ခ)ရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည်(၁၆၅၅-အုတ်ဖို)၊ ဦးပိုင်အမှတ်(၅၄၉)ဧရိယာ ၀ ဒသမ ၀၉၇ ဧကရှိ မြေကွက်ကိုလည်းကောင်း၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည်(၁၆၅၅-အုတ်ဖို)၊ ဦးပိုင်အမှတ် (၅၅၉)၊ ဧရိယာ ၀ ဒသမ ၀၉၇ ဧကရှိ မြေကွက်ကိုလည်းကောင်း၊ ဒေါ်အေးအေးဝင်း အမည်ဖြင့် မြေဂရန်အသစ် ဤရုံးသို့လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

မကွေးမြို့၊အောင်မေတ္တာ(ခ)ရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆၅၅-အုတ်ဖို)၊ ဦးပိုင်အမှတ်(၅၆၀)၊ ဧရိယာ ၀ ဒသမ ၀၉၇ ဧကရှိ မြေကွက်ကိုလည်းကောင်း၊အောင်မေတ္တာ(ခ)ရပ်ကွက်၊ကွင်း/အကွက်အမှတ်နှင့် အမည်(၁၆၅၅-အုတ်ဖို)၊ ဦးပိုင်အမှတ်(၅၆၁)ဧရိယာ ၀ ဒသမ ၀၉၇ ဧကရှိ မြေကွက်ကိုလည်းကောင်း၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၆၅၅-အုတ်ဖို)၊ ဦးပိုင်အမှတ် (၅၆၂)၊ ဧရိယာ ၀ ဒသမ ၀၉၇ ဧကရှိ မြေကွက်ကိုလည်းကောင်း ဒေါ်အေးအေးဝင်း အမည်ဖြင့် မြေဂရန်အသစ် ဤရုံးသို့လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၃ ရပ်ကွက်၊ အေးရိပ်မွန်(၄)လမ်း၊ အခန်း(၃၀၂)၊ အမှတ် ၁၁ နေ ဦးတင်လင်း(ဘ)ဦးခိုင် ၇/သကန(နိုင်)၀၀၁၅၂၃မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ၃ ရပ်ကွက်၊ ယိုးဒယားကုန်းလမ်း၊ အမှတ်-၄၈ နေ ဒေါ်ရီရီဆွေ (ဘ)ဦးမျိုးဆွေ ၁၄/ပသန(နိုင်)၀၂၆၉၂၈ အား ၁၉-၈-၂၀၁၉ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ GP အမှတ် (၂၄၆၉၈/၂၀၁၉)ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ အထွေထွေ ကိုယ်စားလှယ်လွှဲစာ GPအား ဤကြေညာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီဆွေ**
**၁၄/ပသန(နိုင်)၀၂၆၉၂၈**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကွင်းအမှတ်(၁၁၈၀)၊ ကြာအင်းတောင်ကွင်း၊ ဦးပိုင်အမှတ်(၂၃)ထဲမှ မြေဧရိယာ ၀ ဒသမ ၁၁ ဧကအား ကျွန်တော် ဦးစောအောင်မြင့်တင် ၃/ကကရ(နိုင်) ၁၄၀၃၇၅ မှ ၎င်းမြေကွက်အား မြေငှားဂရန် လျှောက်ထားနိုင်ရေးအတွက် မြေပေးမိန့် အမည်ပြောင်း လျှောက်ထားခြင်းကိစ္စအား ကန့်ကွက်သူရှိပါက ကန့်ကွက်ကြေညာစာပါသည့်ရက်မှစ၍ (၁)လအတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဦးစောအောင်မြင့်တင် ၃/ကကရ(နိုင်)၁၄၀၃၇၅**
**ဘားအံစက်မှုဇုန်၊ဘားအံ-လှိုင်းဘွဲလမ်း**
**ဘားအံမြို့**
**ဖုန်း-၀၉-၇၉၈၇၉၈၄၇၂၊၀၉-၇၉၁၅၇၅၁၉၃**

### ငွေချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
### မြို့နယ်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၄၃

| | | |
|---|---|---|
| ဒေါ်ဆုဦးလွင်လွင် | နှင့် | ၁။ ဒေါ်ထားထားမြင့် |
| | | ၂။ ဒေါ်ခင်သန်းအေး |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဗိုလ်ကြာညွန့်လမ်း၊ အမှတ်(၁၃၉/ခ)၊ ဒုတိယထပ်နေသူများဖြစ်သော ဒေါ်ထားထားမြင့်နှင့် ဒေါ်ခင်သန်းအေး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်မင်းသူ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
### ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် -၁၄ နှင့် ဆက်နွယ်သည့်
### ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၇၈

| | | |
|---|---|---|
| ဦးမိုးဇက် | နှင့် | ၁။ ဒေါ်ဥမ္မာ(ခ)ဒေါ်ခင်လှ (ကွယ်လွန်သူ ဦးသန်းဦး၏ တရားဝင်ကိုယ်စားလှယ်) |
| | | ၂။ ဒေါ်လှအုန်းမြင့် |
| | | ၃။ ဒေါ်အေးမြင့် |
| | | ၄။ ဒေါ်ခင်သန်းအေး (ကွယ်လွန်သူ ဦးဟန်ထွန်း၏ တရားဝင်ကိုယ်စားလှယ်) |
| | | ၅။ ဒေါ်ဌေးဌေး |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

ရခိုင်ပြည်နယ်၊ အမ်းမြို့ဟောင်း၊ လေယာဉ်ကွင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-၂၁၁ နေ ဒေါ်ခင်သန်းအေး(ကွယ်လွန်သူ ဦးဟန်ထွန်း၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာ(၃) လမ်း၊ အမှတ်-၆၄၈ နေ ဒေါ်ဌေးဌေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် -၁၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**ဒုတိယခရိုင်တရားသူကြီး (၉)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၀)ရပ်ကွက်၊ မြသီရိ(၁)လမ်း၊ မြေကွက်အမှတ်-၃၉၂ ဧရိယာ၀ဒသမ၀၅၈ဧကရှိ ဂရန်မြေနှင့် ယင်းပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းသစ်နွယ် ၁၄/မမန(နိုင်)၁၅၄၆၀၄ ထံမှ ဦးကျော်အောင် ၅/ကသန(နိုင်)၀၀၂၃၅၉ မှ အပြီးအပိုင် ဝယ်ရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ယင်းနှင့်သက်ဆိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ယနေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**လွှဲအပ်ချက်အရ-**
**ဒေါ်ခင်မာဌေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၀၃)**
**ဖုန်း-၀၉-၅၄၁၁၄၄၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(နဝဒေးအိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ (Block-61/19)၊ မောရဝတီလမ်း၊ မြေကွက်အမှတ်-(၂၂၂)ရှိ မြေအကျယ်ပေ(၄၀x၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်အာရ်စီအဆောက်အအုံ အပါအဝင် ရေ၊ မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား နှစ်(၆၀) မြေငှားစာချုပ် အမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း အဆိုပြုပြောဆိုသူ ဒေါ်အေးမြင့် ၁၂/မရက(နိုင်)၀၃၁၉၅၆ နှင့် ဒေါ်ချိုမာကောင်းမြင့် ၁၂/မရက(နိုင်)၀၃၂၀၁၅ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်နှင်းဝေအောင် | ဒေါ်စိုးစိုးမော် |
| လိုင်စင်အမှတ်-၁၀၇၄၅ | လိုင်စင်အမှတ်-၁၀၇၂၄ |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၉၅၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ဖုန်း-၀၉-၅၄၀၀၇၈၃၀၊ ၀၉-၄၂၅၂၉၂၉၃**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးမောင်ဂျော်(ငြိမ်း)
## (ကြည်း-၁၀၂၂၅)၊ OTS 30
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၅၄)၊ အခန်း(4B)နေ (ဦးမောင်မောင်-ဒေါ်ငွေဇင်)တို့၏သားကြီး၊ ဦးပုညာ၊ ဒေါ်နွဲ့၊ ဒေါ်လှဲ့၊ ဦးဝင်းညွန့်တို့၏အစ်ကိုကြီး၊ ဒေါ်ခင်အေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ခင်မျိုးသူ၊ မေစိုးသူ၊ ထက်အိဖြူတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ ရက် နံနက် ၈နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/3418 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဝမ်းနည်းကြေကွဲခြင်း
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ
## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)
### အသက် (၈၆)နှစ်

ဦးဇော်ဝင်းဦး (CEO, Bright Time Trading Co.,Ltd.)-ဒေါ်စုစုရွှေတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Bright Time Trading Co.,Ltd. မိသားစု

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/1598 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဝမ်းနည်းကြေကွဲခြင်း
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ
## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)
### အသက် (၈၆)နှစ်

ဦးဇော်ဝင်းဦး (CEO, Bright Time Trading Co.,Ltd.)-ဒေါ်စုစုရွှေတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမင်းအောင်-ဒေါ်ဝေဝေတင် မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ
## ဦးသန်းထွန်း အသက် (၈၆)နှစ်
### (ကံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ (ငြိမ်း) SMIDB

ရန်ကုန်မြို့၊ ပြည်တော်အေးရိပ်သာ၊ အမှတ် (၃-က)နေ ဒေါ်မြသွေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်းဦး (CEO, Bright Time Co.,Ltd.) – ဒေါ်စုစုရွှေတို့၏ချစ်လှစွာသောဖခင်ကြီး ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၂၃ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူအထူး ဝမ်းနည်းကြေကွဲရပါသည်။

A bank ဥက္ကဋ္ဌနှင့် BOD အဖွဲ့ဝင်များ

## အထူးဝမ်းနည်းကြေကွဲခြင်း
အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ
## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဒေါ်မြသွေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်းဦး (CEO, Bright Time Co.,Ltd)-ဒေါ်စုစုရွှေ တို့၏ချစ်လှစွာသောဖခင် ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(ဗိုလ်မှူးသန်းရွှေ၊ ငြိမ်း)-ဒေါ်တင်စမ်းရည် မိသားစု

## ဝမ်းနည်းကြေကွဲခြင်း
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ
## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်တော်အေးရိပ်သာနေ ဒေါ်မြသွေး၏ ခင်ပွန်း ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြမောင်-ဒေါ်ကျင်လှ(သမီး)မခင်မာဝင်း၊ တပ်ကုန်းမြို့

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ တလုတ်ရင်းကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ခိုင်ထူး၏ ဖခင်အမည်မှန်မှာ ဦးထွန်းရင် ၈/ မလန(နိုင်)၀၂၁၆၈၆ ဖြစ်ပါကြောင်း။

ဦးထွန်းရင်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/2717 Nissan Vanetle PU (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်စုကြည် ၁၀/ကမရ(နိုင်)၀၀၂၈၅၄ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ဝမ်းနည်းကြေကွဲခြင်း
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ
## ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)
### အသက်(၈၆)နှစ်

ဦးမျိုးဇော်အောင်(Nissan United Diamond Motor Co.,Ltd & Suzuki United Dimo Co.,Ltd)-ဒေါ်မြမြစိုး(ခ)ဒေါ် မီးမီးတို့၏ချစ်လှစွာသော ဖခင်ကြီးသည် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းမြင့်-ဒေါ်မိမိ

သိန်း-ချည်ချောလုံချည် အထည်စက်၊ ဝမ်းတွင်းမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀/၁၉၉၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန (ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/3161 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

## ပျောက်ဆုံးကြောင်း

Global Magway Agro Company Limited မှ ထသက အမှတ် ၁၀၇၄၆၅၃၀၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၂၆၂၆၃၂၄၆၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် (၃၂) ဟုခေါ်တွင်သော ခတ်လေကားပါ (၆-ထပ်)တိုက်၏(၅-လွှာ) အကျယ်အဝန်းပေ(၂၉ x၇၄) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာတစ်လုံး၊ ရေမော်တာတစ်လုံးအပါအဝင် တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မိမိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်း ကင်းကင်းရှင်းရှင်းဖြင့် ရောင်းချခွင့် ရှိကြောင်း ကတိပြုသူ ဦးချစ်မျိုးထိုက်(ခ)ဖိုးချစ် ၅/ ကဘလ(နိုင်)၁၂၉၂၁၅ မှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဇင်အေး
LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၃၃၂
အမှတ် ၁၅၉၅၊ ဖိုးရာဇာ ၃လမ်း၊
(၄၃)ရပ်ကွက်၊ မြောက်ဒဂုံ၊
ဖုန်း-၀၉-၄၅၁၃၇၈၀၀၇

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဦး အသက်(၆၄)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း) ဟိုတယ်/ခရီး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၃ လမ်း၊ အမှတ်(၂၆၆/A)နေ ဒေါ်စန္ဒာရွှေ၏ ခင်ပွန်း၊ မအိဖြိုးဖြိုး၊ မောင်သော်ဇင်မင်းဦးတို့၏ဖခင်သည် ၂၄-၇-၂၀၂၀ရက် (သောကြာနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

OTS(၆၁)သီဟတပ်ခွဲ မှ သူငယ်ချင်းများ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရှမ်းကုန်းကျေးရွာ၊ ဒေသအခေါ် (ဆပ်သွားတော) ဂန္ဓမာလမ်း၊ ကွင်းအမှတ် -၅၁၄<sup></sup>၊ ကွင်းအမည်-ကျောင်းကြီးတော၊ ဦးပိုင်အမှတ် (N ၂၆) ဃ/၅၊ (N၄၄)ᵃ ဧရိယာအကျယ်အဝန်း ၁ဒသမ၁၀ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ဥပဒေနှင့်အညီပိုင်ခွင့်ရှိသူ ဦးညီညီဝင်း ၁၄/ဖပန(နိုင်)၀၁၀၆၈၈ ထံမှ အရပ်ကတိစာချုပ်ဖြင့်(၂၆-၇-၂၀၂၀)ရက်တွင် ကျွန်ုပ်မိတ်ဆွေ၏ ဒေါ်နှင်းသဇင်နိုင် ၁၂/ဒဂဆ(နိုင်)၀၂၉၇၀၈ က ဥပဒေနှင့်အညီ ဝယ်ယူလက်ရှိ တရားဝင်ပိုင်ဆိုင်ပြီးဖြစ်ပါကြောင်းနှင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးထက် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)
ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း(LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉)
အမှတ် (၁၀၆)၊(ပ)ထပ်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/7682 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/သမိုင်း၊ မြေကွက်အမှတ်-၆၈/ဈ^၆၏ အစိတ်အပိုင်း (၀ဒသမ၀၆၇)ဧကမှ (၆၀ပေx၃၀ပေ)၊ မြေကွက်တည်နေရာ အမှတ်(၇၃၈)၊ ၃ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကိုမောင်တင်) အမည်ပေါက်မြေပိုင်မြေ (အိမ်ရာမြေအဖြစ် အသုံးပြုရန် သတ်မှတ်)မြေအား အမည်ပေါက်ထံမှ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၇၇/၂၀၁၈၊ ဇာရီမှုအမှတ်-၃၅/၂၀၁၉ (၁၁-၆-၂၀၁၉)၊ အရောင်းအဝယ်စာချုပ်အမှတ်-၁၁၅၆/၂၀၂၀ (၂၅-၂-၂၀၂၀)တို့ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်စန်းနှင်းဦး ၅/ဘတလ(နိုင်)၀၄၈၁၈၂ မှ ဖော်ပြပါတရားရုံးအမိန့်၊ အရောင်းအဝယ်စာချုပ်နှင့် တစ်ဖက်သတ် မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းတာပေးပါရန် ၁၃-၃-၂၀၂၀ ရက်စွဲဖြင့် လျှောက်ထားလွှာတို့ကို တင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/7685 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၂၁+၂၂၊ မြေဧရိယာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် ၂၁+၂၂၊ နဝရတ်လမ်းမ၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်မာကြူ ၁၂/အလန(နိုင်)၀၃၁၃၃၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား တရားလို ဦးသက်တင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အိမွန်ကျော်)မှ သာကေတမြို့နယ် တရားရုံး၌ ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် ၂၀ ဖြင့် တရားပြိုင် ဒေါ်ခင်မာကြူအပေါ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် ၁၆-၈-၂၀၁၉ ရက်ချမှတ်သည့် စီရင်ချက်ဒီကရီမိတ္တူမှန်၊ တရားမဇာရီမှုအမှတ် ၂၀/၂၀၁၉၏ နေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ဘိလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ တရားရုံး(အမည်ပေါက်)ကိုယ်စား ဘိလစ် ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇မှ အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

ထန်တလန်မြို့၊ အမှတ်(၁)ရပ်ကွက်နေ မောင်ဆွေရာတလိန်း ၄/ထတလ(နိုင်) ၀၄၇၂၄၁၏ ဖခင်အမည်မှန်မှာ ဦးငွန်ခွား ၄/ထတလ(နိုင်)၀၂၇၉၆၇ဖြစ်ပါ ကြောင်း။

ဦးငွန်ခွား

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အထက(ဗျက်ကြီး) တက္ကသိုလ်ဝင်တန်း(သင်ရိုးဟောင်း)-C မှ မဝါဝါဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၇/ဒဥန (နိုင်) ၀၃၄၆၈၄ဖြစ်ပါ ကြောင်း။

ဦးမြင့်နိုင်

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8922 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆/ဆေးရုံအရှေ့)၊ ဦးပိုင်အမှတ်(၁၃၆)၊ မြေ ကွက်အမှတ်(၁၂၉/၁၈၆)၊မြေဧရိယာ(၀ဒသမ၀၄၆)ဧကရှိ မြေကွက်သည် မိတ္ထီလာမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၈-၅-၁၉၉၁ရက်စွဲပါ စာအမှတ် ၃၁/၂-၁/ကဆရ(၂၁၈)ဖြင့် ဦးဘကြည်အမည်ဖြင့် မြေပေးမိန့်ရရှိထားသောမြေကွက်ဖြစ်ပါသည်။ ဖခင် ဦးဘကြည်သည်(၅-၆-၂၀၁၂)ရက်တွင်လည်းကောင်း၊ မိခင် ဒေါ်သန်းမေသည် (၃-၅-၁၉၉၅)ရက်တွင်လည်းကောင်း၊ အစ်ကို ဦးခင်မောင်ထွန်း(အိမ်ထောင်မရှိ၊ လူပျို)သည် (၂-၅-၁၉၉၃)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီးဖြစ်ပါသည်။ ကွယ်လွန်သူ ဦးဘကြည်နှင့်ဒေါ်သန်းမေတို့၏ သားသမီးအရင်းများဖြစ်ကြသော ဦးခင်မောင်ဝင်း ၉/မထလ(နိုင်) ၀၅၀၁၂၇၊ ဒေါ်သီတာသန့်(ခ)သီတာသန်း ၉/မထလ(နိုင်)၀၀၄၇၁၁တို့မှကျမ်းသစ္စာကျိန်ဆိုအမွေဆက်ခံပိုင်ဆိုင်ကြောင်း မွှက်ဟကြေညာစာချုပ်ချုပ်ဆို၍ အဆိုပါမြေကွက်အား မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၅/ဘိုကုန်း)၊ ဦးပိုင်အမှတ် (၆၃)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၃၃ ဧကရှိမြေသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏အမှုတွဲအမှတ် V-၉၁/၂၀၀၇-၂၀၀၈ အရ ဦးဘသိန်း၊ ဒေါ်ငွေငွေရီတို့ (၂)ဦးအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ ၁၉-၉-၂၀၃၇ ရက်ထိ ဖြစ်ပါသည်။ မူလအမည်ပေါက်သူ(၂)ဦးအနက် ဦးဘသိန်းသည် ၁၃-၁၁-၂၀၁၁ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ညီမဖြစ်သူ ဒေါ်ငွေငွေရီမှ မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၁၈/၂၀၁၂)အရ ကျမ်းကျိန်ဆိုပြီး စာချုပ်အမှတ် (၈၈/၂၀၁၂)ဖြင့် မှတ်ပုံတင်ကာ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာသည့်စာချုပ်အမှတ်(၈၉/၂၀၁၂) ဖြင့် တရားဝင်ပိုင်ဆိုင်လာပြီး ဒေါ်ငွေငွေရီမှ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၀)ရှိ ယုံကြည်ခြင်းဇေ၀ဂေလိအသင်းတော်သို့ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ လှူဒါန်းစာချုပ်အမှတ်(၅၃/၂၀၁၂)ဖြင့် လှူဒါန်းခဲ့ရာ အသင်းတော်၏ကိုယ်စား သင်းအုပ်ဆရာတော် ဦးချစ်သိန်းမှ လက်ခံရယူခဲ့သဖြင့် လျှောက်မြေအား ယုံကြည်ခြင်း ဇေ၀ဂေလိအသင်းတော်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/6427 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/9440 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8924 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၁)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၁-ထီးလှိုင်)၊ ဦးပိုင်(၁၁)ဧရိယာ (၀ ဒသမ ၂၁၂) ဧကအနက်မှ (၀ ဒသမ ၀၈၄)ဧကအား ဦးအောင်အောင်အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးအောင်အောင်အား မြေငှားဂရန် ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# ပြည်ပနိုင်ငံများ၌အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇူလိုင် ၂၈

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၃၇ ဦးနှင့် အမေရိကန်ပြည်ထောင်စု၊ အီဂျစ်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ဆိုက်ပရပ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့မှ မြန်မာနိုင်ငံသား ၇၇ ဦး စုစုပေါင်း ၁၁၄ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် (၁၅)ကြိမ်မြောက် ကိုရီးယားလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

*စာမျက်နှာ ၁၆ ကော်လံ ၄* ✻



ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## ရှာင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် သက်ဆိုင်ရာကျေးရွာများ၌ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထား



ရှာင် ဇူလိုင် ၂၈

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ရှာင်မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများနှင့် ကျေးရွာများ၌ ဇူလိုင် ၂၅ ရက်မှ စတင်၍ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ အများပြည်သူများကြည့်ရှုနိုင်ရန် ကပ်ထား ကြေညာသွားမည်ဖြစ်သည်။

ရှာင်မြို့နယ်အတွင်းရှိ မိဘပြည်သူများ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် မိမိ၏ အမည်ပါ/မပါ၊ ကိုယ်ရေးအချက်အလက်များ မှန်/မမှန်နှင့် မပါဝင်သင့်သူများ မဲစာရင်းတွင် ပါဝင်နေပါက ကန့်ကွက်နိုင်ပါရန် ကပ်ထားကြေညာထားသည့် မဲစာရင်းများအား အလေးအနက်ထားသွားရောက်ကြည့်ရှုကြရန်၊ အမည်စာရင်း ပြန်လည်ထည့်သွင်းရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေခြင်းအား ကန့်ကွက်ခြင်း၊ ကိုယ်ရေးအချက်အလက်များ မှားယွင်းမှုများကို ပြန်လည်ပြင်ဆင်ပေးရန် လျှောက်ထားမှုများအား သတ်မှတ်ပုံစံများဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် ကပ်ထားကြေညာစဉ် အတွင်း မဲစာရင်းတွင်

*စာမျက်နှာ ၅ ကော်လံ ၅* ❖

## ရောဝတီနှင့် ဒုဋ္ဌဝတီမြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

### မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန်

နေပြည်တော် ဇူလိုင် ၂၈

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် သုံးစင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့၊ ဟင်္သာတမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## သတင်းအညွှန်း

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမျိုးသားလုံခြုံရေးအကြံပေး ကိုဗစ်- ၁၉ ကူးစက်ခံရ
စာ ၁၂

အမေရိကန်ကုမ္ပဏီများ ကိုဗစ် - ၁၉ ကာကွယ်ဆေးစမ်းသပ်မှု နောက်ဆုံးအဆင့်သို့ ရောက်လာ
စာ ၁၃

## ဒေါ့မွန်မှ ဆန်ချိုကို ဒုတိယအကြိမ် မန်ယူ ကမ်းလှမ်းမည်

မန်ယူအသင်းသည် ဒေါ့မွန်မှ ဆန်ချိုကို ခေါ်ယူနိုင်ရန်အတွက် ပေါင် ၈၉ သန်းဖြင့် ကမ်းလှမ်းမှုတစ်ရပ်ကို ဒေါ့မွန်အသင်းက ပယ်ချလိုက်ပြီးနောက် နောက်ထပ် တစ်ကြိမ်ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်ရာသီပိတ်ပွဲစဉ်တွင် လက်စတာအသင်းကို ဖာနန်ဒက်စ်၊ လင်ဂတ်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သည့်အတွက် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိပြီးနောက် ဂျေဒန်ဆန်ချိုကို ခေါ်ယူရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဂျာမန်သတင်းများ၏ အဆိုအရ ဒေါ့မွန်အသင်းသည် ဆန်ချိုအတွက် မန်ယူအသင်း၏ ပထမဆုံးအကြိမ် ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း သိရသည်။ သို့သော်လည်း မန်ယူအသင်းအနေဖြင့် ဒေါ့မွန်အသင်းတောင်းဆိုသည့် ပြောင်းရွှေ့ကြေးပေါင် ၁၀၉ သန်းဖြင့် နောက်ထပ်တစ်ကြိမ် ကမ်းလှမ်းသွားရန် ပြင်ဆင်နေသည်။ ဆန်ချိုသည် ၂၀၁၇ ခုနှစ်တွင် ပေါင်ရှစ်သန်း ဝန်းကျင်ဖြင့် မန်စီးတီးအသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။

ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းသည် ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် အသင်းဘဏ္ဍာရေးထိခိုက်လျက်ရှိသော်လည်း ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးထက် လျှော့နည်းလျှင် ဆန်ချိုကို ရောင်းချသွားဖွယ်မရှိဟုဆိုသည်။ ဒေါ့မွန်အသင်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် ဘွန်ဒက်စ်လီဂါအမှတ်ပေးဖလားကို ဘိုင်ယန်မြူးနစ်အသင်းက ဆွတ်ခူးရရှိပြီးနောက် လာမည့်နှစ်ရာသီတွင်




ဒေါ့မွန်အသင်းမှ ဆန်ချို

*စာမျက်နှာ ၂၄ ကော်လံ ၅* ❒

မြန်မာ့အလင်း

# ယနေ့ရန်ကုန် Yangon Today

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၉၊ ရက်၊ ဗုဒ္ဓဟူးနေ့




## ဝန်ဆောင်မှုကဏ္ဍသစ်များနှင့် ပေါ်ထွက်လာမည့်

# ရန်ကုန်လက်ကားဈေးသစ်

■ ရှင်နော်

**"အထုပ်တွေ အပေါက်ဝနား ချမထားနဲ့၊ နောက်လူတက်ဖို့ ရှိသေးတယ်" ဤစကားသံသည် ရန်ကုန်မြို့လယ်ကို ဖြတ်သန်းမောင်းနှင်လေ့ရှိသော YBS ယာဉ်ကြီးများ၏ ယာဉ်မောင်းကြီးများထံမှ မကြာခဏကြားရလေ့ရှိသော စကားသံဖြစ်သည်။ အများအားဖြင့် နေ့လယ်နေ့ခင်းအချိန် ရန်ကုန်မြို့လယ်တစ်လျှောက် YBS ဖြတ်သန်းစီးနင်းချိန်တိုင်းတွင် ကြားရလေ့ရှိသော စကားသံပင်ဖြစ်သည်။**

ရန်ကုန်မြို့အတွင်းရှိ အိမ်ဆိုင်ငယ်၊ ဈေးဆိုင်ငယ်များသာမက အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လက်လီလက်ကား ဆိုင်ဖွင့်လှစ်ရောင်းချနေသူတို့သည် ကုန်ပစ္စည်းအမယ်အမျိုးမျိုးကို မြို့တော်ရန်ကုန်ရှိ ပင်မကုန်စည်ဒိုင်များမှ လာရောက်ဝယ်ယူကြလေ့ရှိသည်။ အဆိုပါ ပင်မကုန်စည်ဒိုင်ကြီးများသည် ရန်ကုန်၏ မြို့လယ်ကောင်အရပ်ဖြစ်သော သံဈေး၊ သိမ်ကြီးဈေး၊ ညောင်ပင်လေးဈေးတို့တွင် အခြေတည်ကြသည်။ အနယ်နယ်အရပ်ရပ်ရှိ အသေးစား၊ အလတ်စား၊ အငယ်စားကုန်စုံဆိုင်ပိုင်ရှင်တို့က အဆိုပါဈေးကြီးများတွင် ကုန်စည်များ လာရောက်ဝယ်ယူပြီး တစ်ဆင့်ပြန်လည်၍ လက်လီရောင်းချကြသည်။ ဈေးဆိုင်ငယ်လုပ်ငန်းရှင်တို့ ကုန်စည်များဝယ်ယူပြီးချိန်တွင် အငှားယာဉ်ဖြင့် ပြန်သူရှိသလို အထုပ်အပိုး မနိုင်မနင်းဖြင့် YBS ယာဉ်ကြီးများကို အသုံးပြုသူများလည်းရှိသည်။ ထိုအချိန်တွင် YBS ယာဉ်မောင်းကြီးများထံမှ အထက်ကကဲ့သို့ စကားသံများ ပေါ်ထွက်လာလေ့ရှိသည်။

**လက်ကားဈေးသစ်ကြီးကို စုစုပေါင်း မြေဧရိယာ ၁၆၇ ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းကို အပိုင်း ၁၊ ၂၊ ၃ ဟူ၍ ခွဲခြားထားကာ ယခုအခါ စီမံကိန်းအပိုင်း ၁ ဖြစ်သည့် စတုရန်းမီတာ ၁ သိန်းကျယ်ဝန်းသည့် ဈေးသစ်ကြီးကို တည်ဆောက်ပြီးစီးနေခြင်းဖြစ်၍ ယင်းဈေးသစ်ကြီးတွင် ဆိုင်ခန်းပေါင်း ၇၂၀ ပါဝင်သည်။**

### အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာနိုင်

လွန်ခဲ့သော နှစ်ပိုင်းများအတွင်းက ရန်ကုန်မြို့၏ ဟင်းသီးဟင်းရွက် လက်ကားဈေးကြီးဖြစ်သော သီရိမင်္ဂလာဈေးကြီးကို အင်းစိန်မြို့နယ်ဘက်သို့ ပြောင်းရွှေ့ပေးခဲ့သည်။ ထိုသို့ လက်ကားဈေးကြီးကို ကျယ်ဝန်းသည့်နေရာရှိသော မြို့နယ်များသို့ ပြောင်းရွှေ့ပေးခြင်းဖြင့် ယင်းနယ်အနီးတစ်ဝိုက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာနိုင်သလို အခြားတစ်ဖက်တွင်လည်း ရန်ကုန်မြို့လယ်၏ ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက် ဖြေလျှော့နိုင်ပေသည်။

ယခုအခါ ရန်ကုန်မြို့တော်သည် နိုင်ငံတကာအဆင့် ဖွံ့ဖြိုးမှုနောက်သို့ အမီလိုက်နေသော မြို့ကြီးတစ်မြို့ဖြစ်ရာ နိုင်ငံတကာအဆင့်မီ ကုန်စည်မျိုးစုံရောင်းချသော လက်ကားဈေးကြီးများလည်း လိုအပ်လျက်ရှိသည်။ ကျဉ်းမြောင်းသော လူသွားလမ်း၊ အသက်ရှူမဝသော ဆိုင်ခန်းငယ်များအခြေအနေမှ ကျယ်ဝန်းသောလျှောက်လမ်း၊ သပ်ရပ်သန့်ရှင်းသော ဈေးဆိုင်ခန်းများပါဝင်သည့် လက်ကားဈေးကြီးများ အမှန်တကယ်လိုအပ်နေသည်။ ထိုသို့သော အခြေအနေနှင့် တွေ့ဆုံနေရခိုက်ဝယ် စမားနီးယား ရန်ကုန်၏ လူမှုကွန်ရက်စာမျက်နှာသည် စာရေးသူ၏ ဖုန်းမျက်နှာပြင်ဝယ် မထင်မရှား ပေါ်ထွက်လာခဲ့သည်။

ရန်ကုန်မြို့တော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်နေသည့်အပြင် မိမိလိုလားတောင့်တနေသောအရာတစ်ခုဖြစ်သည့်အတွက် စမားနီးယားရန်ကုန်အကြောင်းကို လေ့လာဖြစ်ခဲ့သည်။ စမားနီးယားမားကတ်ကို Samanea Yangon Development Ltd မှ ဦးစီး လုပ်ကိုင်နေခြင်းဖြစ်သည်။ Samanea Yangon Development Ltd သည် စင်ကာပူနိုင်ငံအခြေစိုက် Samanea Group နှင့် မြန်မာနိုင်ငံအခြေစိုက် EI Co ., Ltd. တို့ ပူးပေါင်းဖွဲ့စည်းထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ Samanea Group အနေဖြင့် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိ မြို့ပေါင်း ၁၃ မြို့တွင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ စမားနီးယား ရန်ကုန်မားကတ်သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ပဲခူးမြစ်လမ်းနှင့် ရတနာလမ်းထောင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော လက်ကားဈေးသစ်စီမံကိန်းကြီးတစ်ခု ဖြစ်သည်။

စမားနီးယားရန်ကုန်မားကတ် လက်ကားဈေးသစ်ကြီး ဆောက်လုပ်ရာနေရာသည် ရန်ကုန်ဆိပ်ကမ်းများ၊ သီလဝါအထူးစီးပွားရေးဇုန်တို့နှင့် နီးကပ်သည့်အပြင် အမှတ်(၂) လမ်းမကြီးနှင့်လည်း အလွယ်တကူ ဆက်သွယ်နိုင်ရာ ပြည်တွင်းပြည်ပ သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသော နေရာတစ်ခုဖြစ်သည်။

**အချပ်ပို (ခ) သို့**

## ရန်ကုန်မြို့မှာ အသစ်ထွက်ပေါ်လာဦးမယ့် ကွန်ဒိုတိုက်ခန်းသစ်တွေ

■ ဆွေဦးဝေ

ရန်ကုန်မြို့တစ်ခွင်ကို လှမ်းမြှော်ကြည့်လိုက်ရင် အထပ်မြင့် အဆောက်အအုံတွေ အစီအရီပေါ်ထွက်လာတာတွေ့ရမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ဆဲရော၊ ဆောက်လုပ်ပြီးစီးမှုရော အဆောက်အအုံတွေ အများအပြားရှိနေပါတယ်။ အဲဒီအဆောက်အအုံတွေနဲ့အတူ ကွန်ဒိုတိုက်ခန်းသစ်တွေ ထပ်မံပေါ်ထွက်လာဖို့ရှိနေတယ်လို့ သိရပါတယ်။

ရန်ကုန်မြို့ရဲ့ မြို့နယ်ရပ်ကွက်တွေ အများအပြားမှာ ကွန်ဒိုအဆောက်အအုံတွေ တည်ဆောက်မှုရှိနေပြီး ဆောက်လုပ်ဆဲ ကွန်ဒိုတွေထဲကနေ ကွန်ဒိုတိုက်ခန်းအသစ် အရေအတွက် ၁၅၀၀၀ ခန့် ပေါ်ထွက်လာဦးမယ်လို့ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်အသင်း တာဝန်ရှိသူတွေက သုံးသပ်ထားပါတယ်။ ရန်ကုန်မြို့မှာ အခြေခံလူတန်းစားတွေ အတွက်ရော၊ အလယ်အလတ်တန်းစား ပြည်သူတွေအတွက်ပါ လူနေတိုက်ခန်းတွေ လိုအပ်ချက်က ရှိနေဆဲဖြစ်ပါတယ်။

### ကွန်ဒိုတိုက်ခန်းတွေမှာ နေထိုင်ဖို့ကြိုးစားလာ

ငွေကြေးအတော်အတန်သုံးစွဲနိုင်တဲ့ ပြည်သူတွေအတွက် သူတို့ရဲ့လူမှုဘဝနေထိုင်မှုနဲ့ လိုက်လျောညီထွေရှိမယ့် ကွန်ဒိုတိုက်ခန်းတွေမှာနေထိုင်ဖို့ ကြိုးစားလာကြပါတယ်။ ရန်ကုန်မြို့ရဲ့ ကွန်ဒိုတိုက်ခန်းတွေရဲ့ ရောင်းချမှုအခြေအနေကိုကြည့်ရင် လအတန်ကြာ အရစ်ကျငွေသွင်းမှုနဲ့ ဝယ်ကြတာတွေများသလို လက်ငင်းငွေကြေးပေးချေမှုလည်း ရှိကြပါတယ်။ ဒါပေမယ့် ကွန်ဒိုတိုက်ခန်းကို တစ်လုံးတည်း ငွေကြေးပေးချေဝယ်ယူမှုကတော့ နည်းပါးနေဆဲပါပဲ။

အခု ရန်ကုန်မြို့ရဲ့ အိမ်ခြံမြေရောင်းဝယ်မှုအခြေအနေက အေးနေဆဲဖြစ်တာမို့ ကွန်ဒိုတိုက်ခန်းသစ်တွေ ပေါ်ထွက်လာရင် ရောင်းချနိုင်ဖို့ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးအရ ဖြေလျှော့မှုတွေ တဖြည်းဖြည်းလုပ်ပေးနေတာမို့ အရင်လတွေထက်စာရင် ရန်ကုန်မှာ ကွန်ဒိုတိုက်ခန်းဈေးကွက်က အနည်းငယ်လှုပ်လှုပ်ရှားရှား ဖြစ်လာပါတယ်။

ဒါပေမယ့် ကွန်ဒိုတိုက်ခန်းတွေ အရောင်းအဝယ်ဖြစ်မှုကိုကြည့်ရင် ငွေကျပ်သိန်း ၁၀၀၀ နဲ့ ငွေကျပ်သိန်း ၁၅၀၀ ခန့်တန်ဖိုးရှိတဲ့ တိုက်ခန်းတွေသာ အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ ဒီလို ရောင်းချမှုမှာလည်း ငွေပေးချေမှုပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ရောင်းသူ၊ ဝယ်သူအကြား အဆင်ပြေအောင် ရောင်းချတဲ့စနစ်နဲ့ ဆောင်ရွက်နေကြတာများပါတယ်။

### အရောင်းအဝယ်အေး

အခုလည်း ရန်ကုန်မြို့မှာ အသစ်ထွက်ပေါ်လာမယ့် ကွန်ဒိုတိုက်ခန်းသစ်တွေအတွက် ပြည်တွင်းထက် ပြည်ပက နိုင်ငံခြားသားတွေကို ရောင်းချနိုင်ဖို့ ရည်ရွယ်နေပါတယ်။ ဒါကလည်း လက်ရှိတစ်ကမ္ဘာလုံးရင်ဆိုင်နေကြရတဲ့ ကိုဗစ်-၁၉ ကြောင့် ကုန်သွယ်မှု၊ ခရီးသွားလာရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေအဖြစ် စီးပွားရေးလုပ်ငန်းတွေပါ ထိခိုက်မှုရှိနေတာမို့ အရောင်းအဝယ်တွေအေးနေပေမယ့် လာမယ့်နောက်ထပ်သုံးလကျော်၊ လေးလခန့်မှာ အရင်လိုပုံမှန်အတိုင်း ပြန်ဖြစ်လာမယ်လို့လည်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းရှင်တွေက တွက်ဆနေကြပါတယ်။

**အချပ်ပို (ခ) သို့**

*ရန်ကုန်မြို့မှာ အသစ်ထွက်ပေါ်လာဦးမယ့် . . . မှ*

မြန်မာနိုင်ငံမှာ ကွန်ဒိုဥပဒေပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကွန်ဒိုဥပဒေကို ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ နည်းဥပဒေပေါ်လာခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့က ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေဟာ နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်တွေ၊ နိုင်ငံခြားမှ လာရောက်အလုပ်လုပ်ကိုင် နေထိုင်ကြသူတွေအတွက် ကွန်ဒိုတိုက်ခန်းတွေကို ငွေကျပ် သိန်း ၂၅၀၀ ခန့်နဲ့ ရောင်းချနိုင်ရင် နိုင်ငံခြားငွေနဲ့ ရရှိနိုင်မှာဖြစ်ပါတယ်။

**နိုင်ငံခြားသားကို ရောင်းချခွင့်ပြု**

ရန်ကုန်မြို့က ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ဖြစ်မှုက ပြည်တွင်းက အရစ်ကျဝယ်ယူသူဈေးကွက်ကိုပဲ အားထားနေရသလိုမျိုးဖြစ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ကွန်ဒိုဥပဒေအရ ကွန်ဒိုအဆောက်အအုံတစ်လုံးမှာရှိတဲ့ အခန်းအရေအတွက်ရဲ့ ၄၀ ရာခိုင်နှုန်းကို နိုင်ငံခြားသားကို ရောင်းချခွင့်ပြုထားပါတယ်။ ဒီလိုဥပဒေကြောင့် ကွန်ဒိုပိုင်ရှင်တွေဟာ နိုင်ငံခြားသားဝယ်ယူသူတွေကို မျှော်လင့်နေကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးလောကဟာ အထူးသဖြင့် ကွန်ဒိုအဆောက်အအုံတွေ တည်ဆောက်မှု၊ ရောင်းချမှုတွေဟာ ၂၀၂၀ ပြည့်နှစ် ဧပြီနဲ့မေလတွေလောက်ကတည်းက ရပ်နားနေခဲ့ရတာဖြစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေရပ်နားခဲ့ရတာမို့ လုပ်ငန်းဆက်စပ်မှုတွေအရ အရောင်းအဝယ်တွေ အေးနေခဲ့ပေမယ့် ပြီးခဲ့တဲ့ ဇွန်လနဲ့ အခု ဇူလိုင်လတွေမှာတော့ ပြန်လည်လှုပ်ရှားမှုတွေ ဖြစ်လာပါတယ်။ ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံမှာ ကွန်ဒိုတိုက်ခန်းအများဆုံးတည်ရှိနေတာဖြစ်တာမို့ ပြည်တွင်း ပြည်ပဝယ်ယူလိုသူတွေအတွက် စိတ်ဝင်စားမှုအများဆုံး မြို့ကြီးတစ်မြို့လည်းဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ ဈေးကွက်အခြေအနေအရ ကွန်ဒိုတိုက်ခန်းဝယ်လိုအားဟာ နောက်ပိုင်းမှာ ဆက်လက်ဖွံ့ဖြိုးလာမယ်လို့ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်တွေက မျှော်မှန်းနေကြပါတယ်။ အခုလည်း ငွေကျပ်သိန်း ၁၀၀၀ နဲ့ ငွေကျပ်သိန်း ၁၅၀၀ အကြား ကွန်ဒိုတိုက်ခန်းတွေ အရောင်းအဝယ်တဖြည်းဖြည်းဖြစ်လာနေသလို ကွန်ဒိုတိုက်ခန်းအသစ်တွေ ထွက်ပေါ်လာဖို့ရှိနေတာ ဖြစ်ပါတယ်။

**အခွန် ၃ ရာခိုင်နှုန်း လျှော့ချ**

ဒီလို ကွန်ဒိုတိုက်ခန်းတွေ ရန်ကုန်မှာ အဝယ်တဖြည်းဖြည်း ပြန်ဖြစ်လာတာဟာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အိမ်ရာချေးငွေအတိုးနှုန်းကို အခွန်သုံးရာခိုင်နှုန်း လျှော့ချပေးလိုက်တာလည်း ပါဝင်နေပါတယ်။ ဒီလို အတိုးနှုန်းတွေ လျှော့ချလိုက်တာမို့ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်တွေ ပြန်လည်လှုပ်ရှားလာတာဖြစ်ပါတယ်။

ရန်ကုန်မြို့မှာတော့ ဗဟန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင်နဲ့ မရမ်းကုန်းမြို့နယ်တွေမှာ ကွန်ဒိုတိုက်ခန်းတွေ အများဆုံးတည်ရှိနေတာ ဖြစ်ပါတယ်။ အဲဒီမြို့နယ်တွေဟာ သွားလာရေးလွယ်ကူပြီး ရန်ကုန်မြို့ရဲ့ အဓိက အချက်အချာကျတဲ့နေရာတွေဖြစ်တာမို့ ပြည်တွင်း ပြည်ပက ကွန်ဒိုတိုက်ခန်းဝယ်ယူလိုသူတွေ အထူးစိတ်ဝင်စားကြတာ ဖြစ်ပါတယ်။



ကွန်ဒိုအိမ်ရာတစ်ခုကို တွေ့ရစဉ်။

**လူမှုဘဝနေထိုင်မှုပုံစံတွေ ပြောင်းလဲ**

ယနေ့ လူငယ်တွေဟာ တဖြည်းဖြည်းနဲ့ အလုပ်အကိုင် အခွင့်အလမ်းကောင်းမွန်လာတာနဲ့အမျှ ခေတ်နဲ့အညီ လူမှုဘဝနေထိုင်မှုပုံစံတွေပြောင်းလဲမှုနဲ့အတူ ကွန်ဒိုတိုက်ခန်းတွေမှာ ဝယ်ယူနေထိုင်ကြတာကို နှစ်သက်ရွေးချယ်လာကြပါတယ်။ အထူးသဖြင့် လုပ်ခလစာကောင်းတဲ့ပညာတတ်လူငယ် ဇနီးမောင်နှံတွေ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြတဲ့ လူငယ်စုံတွဲတွေဟာ ကွန်ဒိုတိုက်ခန်းမှာ နေထိုင်နိုင်ဖို့ မျှော်လင့်ချက်တစ်ရပ်အဖြစ် ကြိုးစားလာကြတာ တွေ့ရပါတယ်။ ဒီလို ရွေးချယ်ရင်လည်း ရန်ကုန်မြို့ရဲ့ ကွန်ဒိုတိုက်ခန်းတွေကိုသာ ရွေးချယ်ဝယ်ယူနေထိုင်ကြတာဖြစ်ပါတယ်။

ကိုဗစ်-၁၉ အလွန်မှာ ပြန်လည်ကောင်းမွန်လာဖို့ရှိနေတဲ့ ရန်ကုန်မြို့ရဲ့ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ် ဈေးကွက်အတွက်တော့ ကွန်ဒိုတိုက်ခန်းအသစ်တွေ ၁၅၀၀၀ ခန့် ထပ်မံပေါ်ထွက်လာဦးမှာမို့ ရန်ကုန်မြို့ပြရဲ့ လူမှုဘဝနေထိုင်မှု တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးဦးမှာ အမှန်ပဲဖြစ်ပါတယ်။ ။



ရန်ကုန်လက်ကားဈေးသစ်ကို တွေ့ရစဉ်။

*ဝန်ဆောင်မှုကဏ္ဍသစ်များနှင့် ပေါ်ထွက်လာမည့် . . . မှ*

"အဓိက က လက်ကားလုပ်ငန်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနှံ့ မြို့အသီးသီးကို ကုန်ပစ္စည်းတွေရောက်သွားနိုင်ဖို့ အရေးကြီးပါတယ်။ ၂၀၁၇ ခုနှစ်လောက်ကတည်းက မြန်မာနိုင်ငံမှာ ဈေးကွက်လည်းရှာခဲ့သလို လေ့လာမှုတွေလည်း လုပ်ခဲ့တယ်။ လက်ရှိမြန်မာနိုင်ငံမှာ အခုလိုကြီးမားတဲ့၊ တည်ဆောက်မှုပုံစံလည်းကောင်းတဲ့၊ ကုန်ပစ္စည်းလည်းစုံတဲ့ လက်ကားဈေးကြီးမျိုးက မရှိသေးဘူးပေါ့။ အဲဒါကြောင့် ကျွန်တော်တို့က အခွင့်အလမ်းတစ်ခုအနေနဲ့ မြင်ထားပါတယ်။ ပြည်တွင်းမှာရှိတဲ့ ကုန်သည်တွေ၊ သူတို့ပတ်ဝန်းကျင်တွေအတွက် ပစ္စည်းစုံစုံလင်လင်ရနိုင်တဲ့ လက်ကားဈေးကြီးတစ်ခုရဖို့ ကျွန်တော်တို့ ကြိုးစားခဲ့တယ်။ ကျွန်တော်တို့ လူကြီးတွေ ညှိနှိုင်းဆောင်ရွက်မှုအရ ၂၀၁၈ ခုနှစ်မှာစပြီးတော့ စမားနီးယားရန်ကုန်မားကတ်ကို စတင်အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်" ဟု စမားနီးယားရန်ကုန် ဒုတိယအထွေထွေမန်နေဂျာ ကိုအောင်မျိုးဦးက ဈေးသစ်စီမံကိန်းအကြောင်း ရှင်းပြသည်။

**လက်ကားရောင်းချမည်**

ရန်ကုန်မြို့၏ လက်ကားဈေးသစ်ကြီးကို စုစုပေါင်း မြေဧရိယာ ၁၆၇ ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းကို အပိုင်း ၁၊ ၂၊ ၃ ဟူ၍ ခွဲခြားထားကာ ယခုအခါ စီမံကိန်းအပိုင်း ၁ ဖြစ်သည့် စတုရန်းမီတာ တစ်သိန်းကျယ်ဝန်းသည့် ဈေးသစ်ကြီးကို တည်ဆောက်ပြီးစီးနေခြင်းဖြစ်၍ ယင်းဈေးသစ်ကြီးတွင် ဆိုင်ခန်းပေါင်း ၇၂၀ ပါဝင်သည်။ ၁၀ ပေ၊ ပေ ၂၀၊ ပေ ၃၀ လျှောက်လမ်းများပါဝင်သည့် ဈေးသစ်ကြီးအတွင်း အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများစသော ကုန်ပစ္စည်းအမျိုးမျိုးကို လက်ကားရောင်းချမည်ဖြစ်သည်။ ပြည်တွင်းရှိ SME လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် ဈေးဆိုင်ခန်းများအားလုံးကို အငှားစနစ်ဖြင့်သာ ငှားရမ်းမည်ဖြစ်သည်။ နေရာစုံ စီစီတီဗွီကင်မရာများ တပ်ဆင်ထားမည့် ဈေးသစ်ကြီးအတွင်း သန့်ရှင်းရေးဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများ အပြည့်အဝခန့်ထားမည်ဖြစ်ကာ အရေးပေါ်မီးငြိမ်းသတ်ရေးအတွက် အလိုအလျောက်မီးငြိမ်းသတ်ခြင်းစနစ်များ တပ်ဆင်ထားသည်။

**လုံလုံလောက်လောက်ထားရှိ**

"မြန်မာနိုင်ငံက အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းရှင်တွေ အလွယ်တကူလုပ်ငန်းစတင်နိုင်အောင်၊ တိုးချဲ့နိုင်အောင် ဆိုင်ခန်းကို အငှားသီးသန့်ပဲ ပေးတယ်။ ဈေးကလည်း အသစ်ဖြစ်တဲ့အတွက် ငှားရမ်းတဲ့အခါ ပရိုမိုးရှင်းအနေနဲ့ ပထမနှစ်ဆိုရင် ရှစ်လ အခမဲ့၊ ဒုတိယနှစ်မှာ ခြောက်လ အခမဲ့နဲ့ တတိယနှစ်မှာ သုံးလအခမဲ့ပေးသွားမှာပါ။ သုံးနှစ်စလုံးမှာ ဆိုင်ခန်းငှားရမ်းခ နှစ်အလိုက် လျှော့ပေးသွားမှာပါ။ အငှားစနစ်ဖြစ်တဲ့အတွက် လာရောက်လုပ်ကိုင်မယ့် လုပ်ငန်းရှင်တွေအနေနဲ့ ဆိုင်ခန်းကို သိန်းရာချီ၊ ထောင်ချီပြီး ပေးဝယ်စရာ မလိုဘူးပေါ့။ ရင်းနှီးမြှုပ်နှံမှုကို သိန်းဆယ်ဂဏန်းလောက်နဲ့ လုပ်လို့ရမယ်။ ဒီဈေးအပြင် အထောက်အကူအဖြစ် ဂိုထောင်တို့၊ ပြပွဲလုပ်ဖို့နေရာတို့၊ လူနေဆောင်၊ ဟိုတယ်၊ ဘဏ်တွေ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီတွေ၊ စတိုးဆိုင်အငယ်လေးတွေကိုလည်း လုံလုံလောက်လောက် ထားရှိပေးသွားမှာပါ။ ကုန်ပစ္စည်းပြသဖို့ရော၊ သိုလှောင်ဖို့ရော၊ လူနေဖို့ရော ဒီပရောဂျက်တစ်ခုတည်းမှာပဲ အဆင်ပြေအောင် ဖန်တီးစီစဉ်ပေးထားတယ်" ဟု ကိုအောင်မျိုးဦးက ဈေးသစ်ကြီးအကြောင်း ဆက်လက် ရှင်းပြသည်။

**အွန်လိုင်းစနစ်ဖြင့် ရောင်းချ**

ရာသီအလိုက် ကုန်စည်ပြပွဲအမျိုးမျိုး ကျင်းပနိုင်ရန် ပြပွဲခန်းမနေရာ သတ်မှတ်ထားမည့်အပြင် နိုင်ငံအတွင်း တစ်နေ့တခြားရေပန်းစားလာနေသော အွန်လိုင်းစနစ်ဖြင့် ဈေးရောင်းချခြင်းမျိုးကိုလည်း စီစဉ်ပေးသွားမည်ဖြစ်သည်။ လာမည့် ဩဂုတ်လအတွင်း ဆိုင်ခန်းများ စမ်းသပ်ဖွင့်လှစ်မှုဖြင့် အစပြုမည့် အဆိုပါဈေးသစ်ကြီးတွင် ကားအစီးရေ ၁၂၀၀ ခန့် ရပ်နားနိုင်မည့် ယာဉ်ရပ်နားဝင်းပါဝင်ကာ YBS ယာဉ်လိုင်းများ ချိတ်ဆက်ပြေးဆွဲနိုင်ရေးအတွက် YRTA နှင့်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ သတ်မှတ်နေရာများနှင့် အသွားအပြန် Shuttle Bus စီးနိုင်ရန် လျာထားဆောင်ရွက်နေသည့် နိုင်ငံတကာအဆင့်မီ လက်ကားဈေးသစ်ကြီးသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ရန်ကုန်သူ ရန်ကုန်သားတို့သာမက မြန်မာနိုင်ငံတစ်နံတစ်လျားသို့ ဝန်ဆောင်မှုပေးနိုင်ရန် စောင့်စားလျက်ရှိနေပေတော့သည်။ ။

*ရန်ကုန်မြစ်တွင်းသွား ခရီးသည်များနှင့် . . . မှ*

ထို့အတူ မြစ်အတွင်း သမ္ဗန်မောင်းနှင်သူများအား သတ်မှတ်ထားသော အသက်ကယ်အင်္ကျီ၊ အလံ၊ ဝီစီ စသည့် ပစ္စည်းများ ပြည့်စုံမှုမရှိသူများကို စစ်ဆေး အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း၊ ပြီးခဲ့သော အပတ်က စည်းကမ်းမလိုက်နာသော ကမာအောင်ကူးတို့ဆိပ်ရှိ သမ္ဗန် ၃၉ စင်းကို မြို့နယ်စက်တပ်ရေယာဉ် ကြီးကြပ်ရေးကော်မတီမှ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လစဉ် ပုံမှန်လိုက်လံစစ်ဆေး**

လက်ရှိအချိန်တွင် သမ္ဗန်ပြင်ဆင်ခြင်းနှင့် စက်ပြင်ဆင်စရိတ်များ ဈေးကြီးလာခြင်းကြောင့် သမ္ဗန်သမား၏ စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့လျက်ရှိကြောင်း၊ ဒလမြို့နယ်အတွင်းမှာရှိတဲ့ သမ္ဗန်များ စီးနင်းကြသော ခရီးသည်မိဘပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေး ကော်မတီအဖွဲ့မှ လစဉ် ပုံမှန်လိုက်လံစစ်ဆေးလျက်ရှိကြောင်း၊ ယခင်က သမ္ဗန်များ စက်ချွတ်ယွင်းခြင်းနှင့် ကြံ့ခိုင်မှုအားနည်းခြင်းကြောင့် မလိုလားအပ်သော အဖြစ်အပျက်များ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ယခုအခါ စက်တပ်သမ္ဗန်များ ကြံ့ခိုင်မှုရှိမှသာ မောင်းနှင်ခွင့်ပြုခြင်းနှင့် စစ်ဆေးအရေးယူဆောင်ရွက်မှုများကြောင့် မလိုလားအပ်သော အန္တရာယ်များမဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ဆက်လက်၍ ပြောကြားခဲ့သည်။

**ငွေကျပ် ၁၅၀ ကောက်ခံ**

ရန်ကုန်မြစ်အတွင်း သွားလာနေသော စက်တပ်သမ္ဗန်များအနေဖြင့် ခရီးသည် ပုံမှန် ၁၂ ဦးအထိ တင်ဆောင်မောင်းနှင်ခွင့်ရှိသော်လည်း လက်ရှိအချိန်တွင် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသော ကာလအတွင်း ခရီးသည် ရှစ်ဦးမှ ကိုးဦးအထိသာ စီးနင်းစေခဲ့ရာ ယခင် ငွေကျပ် ၁၀၀ ကောက်ခံသော ကူးတို့ဆိပ် လေးခုဖြစ်သည့် ကမာကဆစ်၊ စက်မြေ၊ ကမာကသွယ်နှင့် မှော်စက် စသည့် ကူးတို့ဆိပ်များအနေဖြင့် ငွေကျပ် ၁၅၀ ကောက်ခံခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဒလမြို့နယ်အတွင်းရှိ အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိက ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဈေးသည်များ၊ အထွေထွေပြည်သူများနှင့် အနယ်နယ်အရပ်ရပ်ရှိ မိဘပြည်သူတို့သည် စက်တပ်သမ္ဗန် ကူးတို့ဆိပ် ၁၁ ခုရှိ စက်တပ်သမ္ဗန်အစင်းရေ ၅၀၀ ကျော်နှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ မြစ်တွင်းသွား ချယ်ရီသင်္ဘော သုံးစင်းတို့ဖြင့် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ မြစ်ကူးတံတားသဖွယ် ကူးလားခေါက်တုံ့ ကူးသန်းသွားလာလျက်ရှိသည်။

■

# “လူကူးခုံးကျော်တံတား ၁၅ စင်းမှာ ရှစ်စင်းက ရိုးရိုးကွန်ကရစ် အုတ်လှေကားများနဲ့ဖြစ်ပြီး ကျန်ခုနစ်စင်းက ခေတ်မီ စက်လှေကားများနဲ့ တည်ဆောက်ထားတာကို တွေ့ရ”

*ရန်ကုန်မြို့ပေါ်က လူကူးခုံးကျော်တံတား ၁၅ စင်း. . . မှ*

ဒါ့အပြင် ထိုလမ်းမကြီးတွေပေါ်မှာပဲ ခရီးရှည်ကို မော်တော်ယာဉ်တွေနဲ့သွားလာနေကြတဲ့ခရီးသည်တွေကလည်း နေ့ညမပြတ်ရှိနေတတ်ပါတယ်။

များပြားလှတဲ့ ခြေကျင်သွားခရီးသည်တွေနဲ့ များပြားလှတဲ့ မော်တော်ယာဉ်တွေ ထိတွေ့ပွတ်တိုက်မှုများကိုလည်း နေ့စဉ်နဲ့အမျှကြားသိတွေ့မြင်နေရပါတယ်။

ဒါကြောင့် ခရီးသည်နဲ့မော်တော်ကားအန္တရာယ်မများစေဖို့၊ ယာဉ်အန္တရာယ်ကင်းစေဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်တွေနဲ့အညီ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနက ခရီးသည်နဲ့ကား စည်ကားများပြားလွန်းတဲ့နေရာအချို့တွေမှာ လူကူးခုံးကျော်တံတားတွေ တည်ဆောက်ပေးလာတာကို တွေ့ရပါတယ်။

အရပ်သားအစိုးရ နှစ်ကြိမ်၊ လွှတ်တော်သက်တမ်းနှစ်ကြိမ်အတွင်း ၂၀၁၄ ခုနှစ်ကနေ ဒီကနေ့ ၂၀၂၀ ပြည့်နှစ်အထိမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လူကူးခုံးကျော်တံတား ၁၅ စင်းအထိ တည်ဆောက် ပေးထားတာကို တွေ့ရပါတယ်။

ကမာရွတ်မြို့နယ်အတွင်းမှာဆို လေးစင်းဖြစ်ပြီး ကျောက်တံတားမြို့နယ်အတွင်းမှာ နှစ်စင်းဖြစ်ပါတယ်။ မရမ်းကုန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ဗဟန်းမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဒေါပုံမြို့နယ်တို့မှာ တစ်စင်းစီဖြစ်ပါတယ်။

လူကူးခုံးကျော်တံတား ၁၅ စင်းမှာ ရှစ်စင်းက ရိုးရိုးကွန်ကရစ်အုတ်လှေကားများနဲ့ဖြစ်ပြီး ကျန်ခုနစ်စင်းက ခေတ်မီစက်လှေကားများနဲ့ တည်ဆောက်ထားတာကို တွေ့ရပါတယ်။

တည်ဆောက်ခဲ့တဲ့ ခုနှစ်များအလိုက် ပြန်ပြောရမယ်ဆိုရင် ကျောက်တံတားမြို့နယ်အတွင်း ပန်းဆိုးတန်းထိပ်မှာ ကမ်းနားလမ်းမကြီးကို ဖြတ်ကျော်တည်ဆောက်ခဲ့တဲ့ ပန်းဆိုးတန်း လူကူးခုံးကျော်တံတားကို ၂၀၁၄ ခုနှစ် ဧပြီ ၁၅ ရက်ကစတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှာပြီးခဲ့တာပါ။ စက်လှေကားနှစ်စင်းစီနဲ့ အုတ်လှေကားနှစ်စင်းစီ ပါရှိခဲ့တာ ဖြစ်ပါတယ်။ကတ္တာရာခင်း ကမ်းနားလမ်းနဲ့ ကွန်ကရစ်ခင်း ကမ်းနားလမ်းကြီးများကို ဖြတ်ကျော်တည်ဆောက်ထားတာမို့ တံတားအရှည်က ၆၇ ဒသမ ၅ မီတာရှိတယ်လို့သိရပြီး ကုန်ကျငွေကျပ် ၅၉၄ သန်းလို့ ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားအနီး ကမ္ဘာအေးဘုရားလမ်းပေါ်ကနေ ဖြတ်ကျော်တည်ဆောက်ထားတဲ့ ဂမုန်းပွင့်လူကူးခုံးကျော်တံတားကို ၂၀၁၄ ခုနှစ် ဇွန် ၁၅ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတ် ၅ ရက်မှာ ပြီးစီးခဲ့တယ်လို့ သိရပါတယ်။ အတက်အဆင်းတွေမှာ စက်လှေကားတစ်စင်းစီနဲ့ အုတ်လှေကားတစ်စင်းစီ ပါရှိနေတာကို တွေ့ရပါတယ်။ တံတားအရှည်က ၃၀ ဒသမ ၉၇ မီတာ ရှိပြီး ကုန်ကျငွေက ကျပ် ၄၀၀ ဒသမ ၁၂၇ သန်းလို့ သိရပါတယ်။

မင်္ဂလာဒုံမြို့နယ်အတွင်း အောင်ဆန်းသူရိယလှသောင်းကျောင်းအနီး ပြည်လမ်းပေါ်ကနေဖြတ်ထိုးထားတဲ့ အောင်ဆန်းသူရိယလှသောင်း လူကူးခုံးကျော်တံတားကို ၂၀၁၄ ခုနှစ် ဧပြီ ၃ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှာ ပြီးစီးခဲ့ပါတယ်။ အတက်အဆင်းကတော့ ကွန်ကရစ်အုတ်လှေကားများနဲ့ပဲ ဖြစ်ပါတယ်။ တံတားအရှည်က ၃၀ ဒသမ ၃ မီတာသာရှိပါတယ်။ ကုန်ကျငွေက ကျပ် ၂၀၄ ဒသမ ၃၈၅ သန်း ကုန်ကျမှုရှိတယ်လို့ ဆိုပါတယ်။

လမ်းမတော်မြို့နယ် လမ်းသစ်လမ်းထိပ်မှာရှိတဲ့ လမ်းသစ်လမ်း လူကူးခုံးကျော်တံတားကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှာ ပြီးစီးခဲ့ပါတယ်။ မဟာဗန္ဓုလလမ်းအပြင် ကမ်းနားလမ်းမကြီး နှစ်လမ်းကိုပါ ဖြတ်ကျော်တည်ဆောက်ထားတာမို့ တံတားအရှည်က ၁၀၁ မီတာရှိတယ်လို့သိရပါတယ်။ အုတ်လှေကားများနဲ့သာဖြစ်ပြီး ကုန်ကျငွေက ကျပ် ၆၇၅ ဒသမ ၆၉၂ သန်းလို့ ဖော်ပြထားတာကို တွေ့ရပါတယ်။

ကမာရွတ်မြို့နယ်အတွင်း အင်းစိန်လမ်းမကြီးပေါ်က ဖြတ်ကျော်တည်ဆောက်ထားတဲ့ လှည်းတန်းလူကူးခုံးကျော်တံတားကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်ကစတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှာ ပြီးစီးခဲ့ပါတယ်။ တံတားအရှည်က ၂၅ ဒသမ ၇၂ မီတာဖြစ်ပြီး ကုန်ကျငွေကကျပ် ၁၆၀ ဒသမ ၈၁၁ သန်းဖြစ်ကြောင်း သိရပါတယ်။ ရိုးရိုးကွန်ကရစ်အုတ်လှေကားများနဲ့ပဲ ဖြစ်ပါတယ်။

ကမာရွတ်မြို့နယ်ထဲမှာပဲ နောက်ထပ်တည်ဆောက်ထားတဲ့ လူကူးခုံကျော်တံတားတစ်စင်းကတော့ ပြည်လမ်း (တံတားဖြူ) လူကူးခုံးကျော်တံတားပါ။ ပြည်လမ်းမကို ဖြတ်ကျော်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ် ။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်မှာ ပြီးစီးခဲ့တာလို့ ဆိုပါတယ်။ တံတားအရှည်က ၂၆ ဒသမ ၈၆ မီတာဖြစ်ပြီး ကုန်ကျငွေကကျပ် ၁၆၇ ဒသမ ၄၉၁ သန်းလို့ သိရပါတယ်။ ရိုးရိုးကွန်ကရစ်လှေကားများနဲ့ပဲ ဖြစ်ပါတယ်။

လသာမြို့နယ်အတွင်းက တစ်စင်းတည်းသော လူကူးခုံးကျော်တံတားက စတုဂံပတ်လည်တံတားပဲဖြစ်ပါတယ်။ အနော်ရထာလမ်းနဲ့ လမ်းမတော်လမ်းဆုံမှာတည်ဆောက်ထားတာဖြစ်ပြီး တံတားအမည်ကိုတော့ လမ်းမတော်စတုဂံလူကူးခုံးကျော်တံတားလို့ ခေါ်ပါတယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်က စတင်တည်ဆောက်လို့ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်မှာ ပြီးစီးခဲ့တာပါ။တံတားအရှည်က ၈၃ ဒသမ ၈ မီတာဖြစ်ပါတယ်။ ကုန်ကျစရိတ်ကငွေကျပ် ၃၉၉ ဒသမ ၉၈၂ သန်းဖြစ်ပြီး ရိုးရိုးအုတ်လှေကားများနဲ့ပဲ ဖြစ်ပါတယ်။

နောက်ထပ် လူကူးခုံးကျော်တံတားတစ်စင်းကလည်း ကမာရွတ်မြို့နယ်အတွင်းမှာပဲ ဖြစ်ပါတယ်။ ပြည်လမ်းပေါ်က ဖြတ်ကျော်ထိုးထားတဲ့ ပြည်လမ်းမာလာဆောင်လူကူးခုံးကျော်တံတားပါ။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်မှာ ပြီးစီးခဲ့တာပါ။ တံတားအရှည်က ၂၅ ဒသမ ၁၆ မီတာဖြစ်ပြီး ကုန်ကျငွေက ကျပ် ၁၂၂ ဒသမ ၃၁ သန်း ဖြစ်တယ်လို့ သိရပါတယ်။ ရိုးရိုးအုတ်လှေကား အတက်အဆင်းများပဲ ဖြစ်ပါတယ်။

နောက်ထပ်ပြောရမယ့် တံတားတစ်စင်းကတော့ ကျောက်တံတားမြို့နယ်အတွင်းက ဆူးလေလူကူးခုံးကျော်တံတားပါ။ အရင်က ဆူးလေဘုရားလမ်းပေါ်ကသာ တစ်စင်းတည်း တစ်ကြောင်းတည်းထိုးခဲ့တာဖြစ်ပေမယ့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနကနေပြီး ဆူးလေဘုရားလမ်းရယ်၊ အနော်ရထာလမ်းရယ် လမ်းနှစ်ခုကို ဖြတ်ကျော်ပြီး စတုဂံပတ်လည်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ တည်ဆောက်လို့ ပြီးစီးခဲ့ပါတယ်။ တံတားအရှည်က ၉၈ ဒသမ ၉ မီတာ ရှိပါတယ်။ ကုန်ကျငွေကတော့ကျပ် ၃၂၄ ဒသမ ၄၅၃ သန်းဖြစ်တယ်လို့ သိရပါတယ်။

ဗဟန်းမြို့နယ်အတွင်းမှာရှိတဲ့ တံတားကတော့ ဗဟန်း(၃)လမ်းလူကူးခုံးကျော်တံတားလို့ခေါ်ပါတယ်။ ကမ္ဘာအေးဘုရားလမ်းပေါ်ကနေ ဖြတ်ကျော်တည်ဆောက်ထားတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်က စတင်တည်ဆောက်ပြီး ၂၀၁၆ ခုနှစ် မတ် ၃ ရက်မှာ ပြီးစီးခဲ့ပါတယ်။ တံတားအရှည်က ၂၆ ဒသမ ၇၅၃ မီတာဖြစ်ပါတယ်။ အတက်အဆင်းကိုလည်း အုတ်လှေကားများအပြင် စက်လှေကားနှစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့တာကို တွေ့ရှိရပါတယ်။ ကုန်ကျငွေကတော့ ကျပ် ၄၀၁ ဒသမ ၉၁၈ သန်း ရှိခဲ့ကြောင်း သိရပါတယ်။

သဃ်္ဃန်းကျွန်းမြို့နယ်အတွင်း စံပြဈေးအနီးမှာလည်း လူကူးခုံးကျော်တံတားတစ်စင်းရှိနေပါတယ်။ လေးထောင့်ကန်လမ်းမကြီးပေါ်ကနေ ဖြတ်ကျော်တည်ဆောက်ခဲ့တာပါ။ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်က စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇူလိုင် ၃၁ ရက်မှာပြီးစီးခဲ့ပါတယ်။ တံတားအရှည်က ၃၃ ဒသမ ၅၃ မီတာရှိပြီး ရိုးရိုးအုတ်လှေကား အတက်အဆင်းပဲ ဖြစ်ပါတယ်။ ကုန်ကျငွေကကျပ် ၁၈၉ ဒသမ ၄၅ သန်းရှိပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်တီရဲ့ ကြီးကြပ်မှုနဲ့အတူ မြသက်တင်ကုမ္ပဏီက တည်ဆောက်ခဲ့တယ်လို့ သိရပါတယ်။

ဗိုလ်တထောင်မြို့နယ်အတွင်းမှာ ရှိတဲ့ လူကူးခုံးကျော်တံတားက ကတ္တရာခင်းကမ်းနားလမ်းနဲ့ ကွန်ကရစ်ခင်းကမ်းနားလမ်း သစ်နှစ်လမ်းကို ဖြတ်ကျော်တည်ဆောက်ထားတဲ့ ဗိုလ်တထောင်လူကူးခုံးကျော်တံတားပဲ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၆ ရက်မှာ ပြီးစီးခဲ့ပါတယ်။ တံတားအရှည်က ၅၃ မီတာရှိပြီး စက်လှေကားနှစ်စင်းလည်း ပါရှိပါတယ်။ ကုန်ကျငွေက ကျပ် ၇၂၂ ဒသမ ၇၃၅ သန်းလို့ သိရပါတယ်။ အဲဒီတံတားကိုလည်း မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ကြီးကြပ်မှုနဲ့အတူ မြသက်တင်ကုမ္ပဏီကပဲ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။

နောက် တံတားတစ်စင်းကတော့ စမ်းချောင်းမြို့နယ်အတွင်းမှာ ဖြစ်ပြီး ပြည်လမ်းပေါ်ကနေ ဖြတ်ကျော်လို့ တည်ဆောက်ထားခဲ့တာ ဖြစ်ပါတယ်။ တံတားအမည်ကတော့ စမ်းချောင်း (မဟာမြိုင်) လူကူးခုံးကျော်တံတားလို့ အမည်ပေးထားပါတယ်။ ဗိုလ်တထောင်တံတားနဲ့အတူ စတင်တည်ဆောက်တဲ့ရက်ရော ပြီးစီးတဲ့ရက်ပါ အတူတူဖြစ်ပါတယ်။ ဒီတံတားကိုလည်း မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ ကြီးကြပ်မှုနဲ့အတူ မြသက်တင်ကုမ္ပဏီကပဲ တည်ဆောက်ပေးသွားတာပါ။ တံတားအရှည်က ၂၄ ဒသမ ၄ မီတာ ဖြစ်ပြီး ကုန်ကျငွေကကျပ် ၅၇၈ ဒသမ ၆၇၅ သန်းဖြစ်ကြောင်း သိရပါတယ်။ သူလည်း စက်လှေကားနှစ်စင်းနဲ့ပါ။

ကမာရွတ်မြို့နယ်အတွင်းက လေးစင်းမြောက်အဖြစ် တည်ဆောက်ခဲ့တဲ့လူကူးခုံးကျော်တံတားကတော့ နာနတ်တောလမ်းနဲ့ ဘုရင့်နောင်လမ်းဆုံမှာ တည်ရှိတဲ့ လူကူးခုံးကျော်တံတားပါပဲ။ ၂၀၁၉ ခုနှစ် မတ် ၁၂ ရက်မှာ စတင်တည်ဆောက်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှာ ပြီးစီးခဲ့တာဖြစ်ပါတယ်။ တံတားအရှည်က ၁၆၀ ဒသမ ၃ မီတာရှိပါတယ်။ စက်လှေကားသုံးစင်း၊ အုတ်လှေကားသုံးစင်းစီပါရှိနေတာကို တွေ့ရပါတယ်။ ကုန်ကျငွေကတော့ကျပ် ၁၉၆၉ ဒသမ ၁၈ သန်းလို့ သိရပါတယ်။

နောက်ဆုံး တံတားတစ်စင်းကတော့ ဒေါပုံမြို့နယ်အတွင်းက ယမုံနာလမ်း လူကူးခုံးကျော်တံတားဖြစ်ပါတယ်။ ယမုံနာလမ်းနဲ့ မင်းနန္ဒာလမ်းဆုံရာအနီးမှာ တည်ဆောက်ပေးထားတာဖြစ်ပါတယ်။ သူကလည်း နာနတ်တောလမ်းဆုံတံတား စတင်တည်ဆောက်ခြင်း၊ ပြီးစီးခြင်းရက်တွေနဲ့အတူတူပဲ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မတ် ၁၂ ရက်က စတင်တည်ဆောက်လို့ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှာပဲ တစ်ပြိုင်နက်တည်း ပြီးစီးခဲ့ကြတာပါ။ တံတားအရှည်က ၃၂ ဒသမ ၆၁ မီတာ ရှိပါတယ်။ ကုန်ကျငွေက ကျပ် ၉၉၉ ဒသမ ၂၅ သန်းလို့ သိရပါတယ်။ အဲဒီတံတားမှာလည်း စက်လှေကား သုံးစင်း၊ အုတ်လှေကား သုံးစင်းစီနဲ့ပါပဲ။

အခုလို လူကူးခုံးကျော်တံတားတွေကို ငွေကြေးအမြောက်အမြား အကုန်ကျခံ တည်ဆောက်ပေးနေခြင်းဟာ ခရီးသွားပြည်သူတွေယာဉ်အန္တရာယ်များမှ ကင်းဝေးစေရေးအတွက် ဖြစ်ပါတယ်။

ဒါပေမယ့် ခြေကျင်သွားခရီးသည်အများစုက တည်ဆောက်ပေးထားတဲ့ လူကူးခုံးကျော်တံတားများအပေါ် တက်ရောက်ဖြတ်သန်းသွားရမှာ အတော်ဝန်လေးကြပါတယ်။ အဲဒီဝန်လေးမှုက မိမိအန္တရာယ်ကို မိမိကိုယ်တိုင်ကပဲ ဖိတ်ခေါ်နေခြင်းလို့ ဆင်ခြင်တတ်ကြစေချင်ပါတယ်။

အဲဒါကြောင့် ခြေကျင်သွားခရီးသည်တွေအားလုံး လမ်းကူးရင် လူကူးခုံးကျော်တံတားများအပေါ်ကသာ ဖြတ်သန်းကြပါစို့။ ။



နာနတ်တောလမ်း လူကူးခုံးကျော်တံတား

# ရန်ကုန်မြို့ပေါ်က လူကူးခုံးကျော်တံတား ၁၅ စင်း

တင်ဝင်းလေး(ကြည့်မြင်တိုင်)

၈၈ အရေးအခင်းအပြီးတက်လာတဲ့ အစိုးရလက်ထက်က ရန်ကုန်မြို့အလယ် အချက်အချာကျတဲ့နေရာအချို့မှာ လူကူးခုံးကျော်တံတားတွေ တည်ဆောက်ခဲ့ပါတယ်။

အဲဒီတံတားတွေကတော့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်အနီး ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်မှာ ကန့်လန့်ဖြတ်ထိုးထားတဲ့ တံတားတစ်စင်းရှိသလို သိမ်ကြီးဈေးအနီး မဟာဗန္ဓုလလမ်းနဲ့ ရွှေတိဂုံဘုရားလမ်းဆုံက စတုဂံတံတားရယ်၊ အနော်ရထာလမ်းနဲ့ ရွှေတိဂုံဘုရားလမ်းဆုံက စတုဂံတံတား၊ နောက်ပြီးတော့ အနော်ရထာလမ်းနဲ့ ဆူးလေဘုရားလမ်းဆုံမီးပွိုင့် အပေါ်ဘက်အခြမ်းမှာ ကန့်လန့်ဖြတ်တံတားတစ်စင်း စုစုပေါင်း လူကူးခုံးကျော်တံတား လေးစင်းဖြစ်ပါတယ်။

အခု သူနာပြုတက္ကသိုလ်အနီး ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်က ဖြတ်ထိုးထားတဲ့ တံတားကိုတော့ မကြာသေးမီက ပြန်ဖျက်ပစ်လိုက်တာကို တွေ့လိုက်ရပါတယ်။ အနော်ရထာလမ်းအနီး ဆူးလေဘုရားလမ်းပေါ်က ဖြတ်ထိုးထားတဲ့ လူကူးခုံးကျော်တံတားက စတည်ဆောက်စဉ်တုန်းက အခုလို စတုဂံပတ်လည်တံတားမျိုးမဟုတ်ပါဘူး။ တစ်စင်းတည်း တစ်ကြောင်းထိုးသာ တည်ဆောက်ခဲ့ခြင်းဖြစ်တာကို ပြန်ပြောင်းမြင်မိခဲ့သလို စတည်ဆောက်စဉ်က အဆင်းအတက်အတွက် လှေကားနှစ်ခုသာရှိခဲ့ပါတယ်။ အုတ်လှေကားက ကျဉ်းတော့ခရီးသည်တွေ အဆင်းအတက်ကျပ်နေလို့ နောက်ထပ်လှေကားတစ်ခု ထပ်မံဖြည့်ဆည်းခဲ့တာကိုလည်း ပြန်အမှတ်ရနေမိပါတယ်။ အဲဒီတုန်းကတော့ ခြေကျင်သွားခရီးသည်များနဲ့ မော်တော်ယာဉ်များက အလွန်မများခဲ့သေးပါဘူး။ ပတ်လည်တံတားဖြစ်အောင် ၂၀၁၆ ခုနှစ်ကျမှ မြို့တော်စည်ပင်လမ်းတံတားဌာနက ဖြည့်စွက်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် အခုအခါမှာတော့ ရန်ကုန်မြို့ကြီးရဲ့ လမ်းတွေပေါ်မှာ ခရီးတိုခြေလျင်လျှောက်လှမ်းနေတဲ့ ခရီးသည်တွေက နေ့စဉ်မိုးလင်းကမိုးချုပ်အထိ သွားလာလှုပ်ရှားနေကြပါတယ်။

အချပ်ပို (ဂ) သို့



ယမုံနာလမ်းဆုံ လူကူးခုံးကျော်တံတား (ဒေါပုံမြို့နယ်)

# ရန်ကုန်မြစ်တွင်းသွား ခရီးသည်များနှင့် သမ္ဗန်မောင်းနှင်သူများ အသက်အာမခံကြေးထားရှိပြီးဖြစ်

--- နိုင်လင်းကျော်(ဒလ) ---

**ရန်ကုန်** မြစ်တွင်းသွား စက်တပ်သမ္ဗန်များသည် နိုင်ငံတော်သို့ အခွန်ပေးဆောင်ရပြီး သမ္ဗန်စီးနင်းကြသော ခရီးသည်များနှင့် သမ္ဗန်မောင်းနှင်သူများအတွက် မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံကြေးပေးသွင်းမှုကြောင့် မြစ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် သူတစ်ပါး ထိခိုက်ဒဏ်ရာရရှိပါက အသက်အာမခံကြေးရရှိမည်ဖြစ်ကြောင်း၊ စက်တပ်သမ္ဗန်စီးနင်းကြသော ခရီးသွားမိဘပြည်သူများအားလုံး အကျုံးဝင်ကြောင်း ဇူလိုင် ၂၆ ရက်က စက်တပ်သမ္ဗန် မောင်းနှင်သူများနှင့် ခရီးသည်များ စည်းကမ်းလိုက်နာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ကူးတို့ဆိပ် ၁၁ ခုတို့၌ သတ်မှတ်ထားသော စည်းကမ်းများ လိုက်နာမှုရှိစေရေး ဒုတိယအကြိမ်မြောက် ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောသည်။

"ဒလမြို့နယ်မှာက စက်တပ်သမ္ဗန် ကူးတို့ဆိပ် ၁၁ ခုမှာ သမ္ဗန်အစင်းပေါင်း ၅၀၀ ကျော်ရှိတယ်။ သမဝါယမ အသင်းလီမိတက်ပိုင် ကူးတို့ဆိပ် ငါးခုနဲ့ ပုဂ္ဂလိကပိုင် ကူးတို့ဆိပ် ခြောက်ခုတို့ဖြစ်ပါတယ်။ စက်တပ်သမ္ဗန်တွေ အားလုံးက နိုင်ငံတော်ကို အခွန်ဆောင်ထားရတယ်။ အဲဒီကူးတို့ဆိပ်အားလုံးမှာ စီးနင်းလိုက်ပါကြတဲ့ ခရီးသည်တွေအတွက်နဲ့ မောင်းနှင်တဲ့သူတွေအားလုံးက မြန်မာ့အာမခံလုပ်ငန်းမှာ လိုင်စင်ဆောင်တဲ့အခါ အသက်အာမခံကြေး (ပရီမီယံ) ပေးသွင်းရတယ်။ အသက်အာမခံကြေးဆိုတာ တစ်ဦးတစ်ယောက်ထဲအတွက်မဟုတ်ဘဲ သမ္ဗန်စီးတဲ့ ခရီးသည်တွေအားလုံးနဲ့ စက်မောင်းပါဝင်တယ်။ သူတစ်ပါးထိခိုက်မှု အသက်အာမခံရှိပြီးသားမို့ မတော်တဆဖြစ်တာတို့ ထိခိုက်ဒဏ်ရာရမယ်ဆိုရင် နစ်နာကြေးရရှိမှာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ စီးနင်းကြတဲ့ ခရီးသည်ပြည်သူတွေ သိပ်မသိကြဘူး။ တချို့လည်း သိထားကြတယ်" ဟု ရန်ကုန်မြစ်တွင်း စက်တပ်သမ္ဗန်များဖြင့် သွားလာနေကြသော ခရီးသည် မိဘပြည်သူများအတွက် အသက်အာမခံထားရှိခြင်းနှင့် ပတ်သက်၍ ပြောသည်။

*အချပ်ပို (ခ) သို့*



ကမာကသွယ် ကူးတို့ဆိပ်၌ ခရီးသည်များ သွားလာနေမှုကို တွေ့ရစဉ်။





# Yangon Water Bus လမ်းသစ်-ဆာပါချောင်လိုင်း(၁) ဩဂုတ်လပြန်လည်ဖွင့်မည်

သန်းထိုက်

**ရန်ကုန်** မြို့၏ ယာဉ်ကြောပိတ်ဆို့မှုတွင် အများပြည်သူသွားလာရေးအတွက် လွယ်ကူမြန်ဆန်စေရန် အထောက်အကူဖြစ်စေသော Yangon Water Bus ပြေးဆွဲမှုကို ဩဂုတ် ၁ ရက်မှစ၍ လမ်းသစ်-ဆာပါချောင်လိုင်း (၁) ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း Yangon Water Bus ၏ တရားဝင်စာမျက်နှာတွင် ဖော်ပြချက်အရ သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ပြေးဆွဲရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်မှုနှင့်အညီ ခရီးသွားများအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ထားသူများသာ စီးနင်းခွင့်ရှိမည်ဖြစ်ကြောင်း အသိပေးထားပြီး ရေယာဉ်ဝင်ပေါက်တွင်လည်း အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာမည်ဖြစ်ကြောင်း၊ ပထမဆုံးပြန်လည်ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ် ဩဂုတ် ၁ ရက် တစ်နေ့တာ အတွက် အခမဲ့စီးနင်းခွင့်ပြုမည်ဖြစ်ကြောင်း ဇူလိုင်လဒုတိယပတ်တွင် Yangon Water Bus တရားဝင်စာမျက်နှာတွင် အသိပေးထားကြောင်း သိရသည်။